စကားတောင်စားများနှင့် လူတောသား

သိမ့်သိမ့်နွေး

ပန်းခရိုက်ဂိုဏ်ဝင်း

လုံလ ဝီရိယ ပညာ

ခုဝပ် ညောင်းလာ

လယ်သမား၊ စာသမား ဖိုးရာဇာ...။

စာနယ်ဇင်း ကြိုတင်ခွင့်ပြုချက် အမှတ် (၀၀၇၃)
မျက်နှာဖုံး ကြိုတင်ခွင့်ပြုချက် အမှတ် (၀၁၂၅)

ပုံနှိပ်ခြင်း
၁၉၈၄၊ ဗဟော်ဝါဒီလ (ပထမအကြိမ်)

စောင်ရေ-၃၀၀၀

ပန်းချီ-ကိုဇော်ဝင်း

တန်ဖိုး

ထုတ်ဝေသူ

ဒေါ်အေးမြင့် [သိမ့်သိမ့်နွေး] နွေးစာစဉ် (မြဝ၂၀၉၃)
အမှတ် ၁၁၀/၁၂၃ လမ်း၊ သပြေကုန်းရပ်ကွက်၊
ကန်တော်ကယေး၊ ရန်ကုန်မြို့။

အုပ်/အတွင်းပုံနှိပ်သူ

ဒေါ်အေးမြင့် [အောင်ချိုဦးပုံနှိပ်တိုက်] (မြ ဝ၂၁၆၆)
အမှတ် ၂၇၁၊ လမ်း ၄၀၊ ရန်ကုန်မြို့။

ဇာတ်၊ နိပါတ်၊ ရာဇဝင်၊ ပုံပြင်တို့ဖြင့်
စကားကို ဆိုဒိုင်နိုင်စွာ
ပြောတတ်ဆိုတတ်သော
ဇဝနု၊ ဟာသ၊ တန်ဖာပုတို့ ညာက်တိုစကြောင့်
ကျော်ကြား၍ စကားအရာ၌
စံထားနည်းယူဖွယ်ရာ အဖြာဖြာတို့ဖြင့်
တန်ဆာဆင်ထားသော

စကားပေါင်းများသော ပုံပေါက်

သိမ့်သိမ့်နွေး

ဟိုးဂျာဆောဘတ်ဒိုက်
ဘဝ/ဘုရားမိုးသမြေကွန်းရပ်ကွက်
(ကန်ကော်ကဲလေး စာတိုက်)
ရန်ကုန်မြို့

စာတိုက်သေတ္တာအမှတ် [ ] မဟိုစာတိုက်ကြီး၊ ရန်ကုန်၊

သိန်းတန် ဂစ်တာတီးနည်း။ ကလျာ-ဒေတ္တောသဘောကနှင့် အခြား ဝတ္ထု တို များ။ ဒွေဒေါင်းကျမာ ကိုကိုကြီး(ပေါင်းချုပ်)။ မေမေပင့် ဆေးဝါးမပါ ဓာတ်စာဖြင့် ကုနည်း(ပ-အုပ်)။ ဖိုးရာလက်ရွေးစင်တေး ၁၀၀။ ဒေါက်ထာညီညီ နိုင်ငံတကာ သယံဇာတနှင့် နိုင်ငံရေးစီးပွားရေး အရေးအခင်းများ။ ရဲသီဟ ကိုတင်အောင် ဂစ်တာကြိုးခကွေး။ ကျော်လိုင်ဦး ဦးလေးတုမ်။ ဆရာဦးသိန်းလွင်ထိုင်းရင်းသမားတော်လက်စွဲ။ မောင်သင်ဆရာဇာတ်လမ်းစုံ(ပေါင်းချုပ်)။ ဆရာဦးသိန်းလွင် အိမ်တွင်းသမားတော်ကျမ်း။ ရဲသီဟ ကိုတင်အောင် ဂစ်တာ တုစ် နှစ် သုံး လေး။မောင်မောင်ဖြူ ဒေဝကုမ္ပဏီလိုလူစား(ဇာတ်သိမ်း) လခင်ဘသောင်း ပန်းသာမစာအုပ်။ မှန်ကင်းမှ ပဋိပတ် ကျင့် စဉ် နှင့်သဘာဝတ္ထု စီပနီကျမ်း။ မေမေပင့် ဆေးဝါးမပါ ဓာတ်စာဖြင့် ကုနည်း (ဓာ-အုပ်)။ သိမ့်သိမ့်နွေး ကျောက်ဆစ်ရုပ်ရုလုံးသား။ ရဲသီဟကိုတင်အောင်ဂစ်တာ သင်ပုန်းကြီး။ ဆရာဦးသိန်းလွင် တိုင်းရင်းပြန်မာဆေးနည်းကျော်များ။ကြည်ဦး ကိုကိုတို့ အလွယ်၊ ဖိုးရာဇာမှ ဖိုးရာဇာဆယ်စောင်တွဲ။ နန်းညွှန့်ဆွေ စာဆို့မာန် ကဗျာများ။ မောင်သင် အောင်အောင်မြင့်ငြင်။ စန္ဒရားလှမိုး အခြေခံ ဆိုရေးတီး ဝဉာဉ်နှင့်ခေတ်သုံးခေတ် တေးဂီတသမိုင်း။ မေမေပင့် ဓာတ်စာလမ်းညွှန်ကျမ်း။ ဖိုးရာဇာမှ ဆိုဂီအယ်စောင်တွဲ။ ရဲသီဟကိုတင် အောင် အသုံးများသော ဂစ်တာ ကောဒ်များ။ဦးလှမောင်ကြီး ပြစ်မှု တရားမမှု မှတ်ပုံတင်စာချုပ်နှင့် အထွေထွေ လျှောက်လွှာရေးနည်း။ ဗိုလ်ညွှန့်မောင် ဆရာကြီး ကိုင်ရိုက် ဘဝအချစ်နှင့် ဇာတိ ထောင်ရေးဟောကိန်းများ။ ကြည်ဦး မြန်မာ့ပို့ဆုစကားထာများ။ ဆရာကြည် ဆွဲဝဲဂွနှင့် ဝဿဖလ ဇာတာဖွဲ့နည်းကျမ်း။ ဇင်သန့် ဆွစ်ဇာလန်ဘဏ်နှင့် ငွေမည်းများ။ သိမ့်သိမ့်နွေး စီးပွားဖြစ် မုန့်မျိုးစုံလုပ်နည်းများ။နှင့် မြန်မာ့ သားရေစာပဒေသာ။ အောင်ခင် (ကျား) အပြည်ပြည်ဆိုင်ရာ ကျားဖွဲ့နည်း လမ်းညွှန်။ သိမ့်သိမ့်နွေး စကားဝိဇ္ဇာများနှင့် လူတော်သား။ ဖိုးရာဇာမှ ဧားမေတ္တာဆယ်စောင်တွဲ။ ဇင်သန့် ကမ္ဘာကို ကိုင်လှုပ်သော ရေနံကုမ္ပဏီ စုနှစ်ခု။သိမ့်သိမ့်နွေး ထမင်းဟင်း ရသာစုံချက်ပြုတ်နည်းပဒေသာ။ ဖိုးရာဇာမှ ဖိုးရာဇာ ဘုရားပွဲဝိုး ဖမျိုးမျိုး။ သိမ့်သိမ့်နွေး သိပ္ပံနည်းကျစီးပွားဖြစ်ဥယျာဉ် ခြံမြေစိုက်ပျိုးနည်းပဒေသာ။ သိမ့်သိမ့်နွေး အခြေခံ ဇာထိုးပန်းထိုးနှင့်ဆိုးမွေး ဆိုးနည်းပဒေသာ။

ဗိုလ်ဗိုလ်နှင့်

ထွက်ခဲ့သောစာအုပ်များ။

၁။ မေတ္တာသဘောက ရွှေလျော်ခြင်းလား၊ကွယ်နှင့်
(အခြားဝတ္ထုတိုများ) ၁၉၃၆။

၂။ ကျောက်ဆစ်ရုပ်နှလုံးသား
(မေတ္တာဘွဲ့လိုးချင်းဝတ္ထုရှည်) ၁၉၇၀။

၃။ စီးပွားဖြစ်မှုန့်မျိုးစုံလုပ်နည်းများနှင့်
မြန်မာ့သားရေစာပဒေသာ ၁၉၀၂။

၄။ စကားဝိဇ္ဇာများနှင့်လူတော်သား
၁၉၀၂။

၅။ ထမင်းဟင်းရသာစုံချက်ပြုတ်နည်းပဒေသာ
၁၉၀၃။

၆။ စီးပွားဖြစ်ဥယျာဉ်ခြံမြေစိုက်ပျိုးနည်းပဒေသာ
၁၉၀၃။

၇။ အခြေခံဂေဆိုး ပန်းထိုးနှင့်
သိုးမွေးထိုးနည်းပဒေသာ
၁၉၀၄။

၀။ ကြည်ဦး — တလေးခကြေးမုံ သစ်ပင်မျိုးစုံ

၂။ ဦးဗကြိုဝ် — တရားစီရင်ဓရေးဆိုင်ရာ စီရင်ချက်များရေးသားနည်း

၃။ ဖိုးထူဇော (စာတည်း) — ဆယ့်နှစ်လရာသီ မြန်မာ့ယဉ်ကျေးမှု ပဒေသာ။

၄။ မေမေမွှင့် — ဆေး၀ါးမပါ ဓာတ်စာဖြင့်ကုနည်း။

၅။ ရဲသီဟ ကိုတင်အောင် — အခြေခံမယ်ဒလင်တီးနည်း

၆။ မို့မို့ဝင် — စီးပွားဖြစ်မွေးမြူရေးပဒေသာ။

မာတိကာ

အကြောင်းအရာ — စာမျက်နှာ

စကားတောင်စား

စကားအချီး ၁၅
စကားတောင်စား ၂၀
ပညာရှိကိုတွေ့ပြီ ၂၀
နှစ်လတည်းသာနေပါမည် ၂၂
နောက်ကျသောမြင်းမြီးဆွဲ ၂၂
နောက်မကျသောမြင်းမြီးဆွဲ ၂၃
ထိန်းသိမ်းပုံကောင်းပါဘိ ၂၅
နှစ်လဆိုသောစကား ၂၆
မုန့်အိုးကင်းကပ်စားစေချင် ၂၇
မျက်စပစ်၍ခေါ်လေပြီ ၂၀
ကြည့်လိုက်စမ်းမှာသောကြောင့် ၃၁
နှစ်လရှိသွားပါပြီ ၃၄
ရင်ွေနှင့် တရားဖို ၃၅
ဇာတ်တော်လာလူဓိုက် ၄၀
အရှင့်မျက်နှာသာလျှင် ၄၀
ကြိမ်ဒဏ်ပြင်းသောကြောင့် ၄၀

အကြောင်းအရာ	စာမျက်နှာ
စကားတောင်စား ကျောက်ပုံသား	၄၂
ကောင်းမှေမျက်စဉ်း	၄၃
ကောင်းပုံအကြောင်းစုံ	၄၄
ကောင်းလေစွ၊ လှလေစွ	၄၅
ကြီးပွားချမ်းသာရေး	၄၆
ကြိတ်ဆုံဝိုရမည်	၄၈
ကြမ်းပုံကြမ်းပုံ	၅၀
စားအိုးကြီးသောအလုပ်	၅၀
စိန်ဟင်း စိန်ထမင်း	၅၁
တစ်မျိုးပြီးတစ်မျိုး	၅၃
တိကောင်ဝမ်းသာစရာ	၅၄
ဒူးရင်းသီးရယ်ချစ်လို့ပါ	၅၅
ပဃတိက မမဟုခေါ်	၅၅
ပဲရက်စ်ဒေကွေးလျား	၅၆
ပေါင်းချောင်၏ရူပနိကာယ်	၅၈
ပျော့ပုံအိုပုံက	၅၉
ပြာပျော်ငါးအကြောင်း	၆၁
ပြောင်လက်အရောင်တွက်	၆၂
ပွဲရွားလွန်းလို့	၆၃
ဖရုံစေ့လော်တဲ့	၆၄

အခန်းကြောင်းအရာ	စာမျက်နှာ
မနှေးသာပြေးကွာ	၆၅
မသိတတ်သောသတ္တဝါ	၆၆
မျက်စဉ်းဆိုမှမျက်စဉ်း	၆၀
မှိုထူးမှိုဆန်းများ	၆၉
ယောက်မ၏သရုပ်	၇၀
ယောက်မ၏အရည်အချင်း	၇၁
ရွှေဝိုးငွေဝိုးရွာ	၇၂
လင်းဗန်း၏သဒ္ဒနကာယ်	၇၃
လမ်းကောင်းပုံအဖွင့်	၇၄
ဝေဒနာပန်းကန်	၇၅
အမာချနိုပီယံ	၇၆
အာရဏ်ဦးမြင့်ကွင်း	၇၇
အလောင်းတော်ရာမ	၇၀
ဧရာမပန်းကန်ကြီး	၇၉
စကားတောင်စားချည်ပါပခန်းသား	၀၀
လှတောသား	၉၄
ကပါဆိုမှကနေ	၉၆
ကံကံငယ်ခေလို့သာ	၉၆
ကိုယ့်ဒုက္ခနှင့်ကိုယ်	၉၇

အကြောင်းအရာ	စာမျက်နှာ
ကောင်းချက်မောင်းနှက်ပုံက	၉၀
ကောင်းလိုက်သည့်ထင်း	၉၉
ကိစ္စမရှိပါ	၁၀၀
ကုန်တော့မှာပဲ	၁၀၀
ကျောက်တိုင်လေလား လူလေလား	၁၀၁
ကြီးပါ့တွားပါ့	၁၀၁
ကြီးပုံကိုတင်စားခြင်း	၁၀၂
ကြော်၍များကြည့်လျှင်	၁၀၂
ကြံကြံငယ်မှ ဖန်ဖန်	၁၀၃
ကြံကြံဖန်ဖန်ရန်ကုန်သူ	၁၀၄
ကြက်ဥပုလင်း	၁၀၄
ကြောက်စရာပါလား	၁၀၅
ခရမ်းချဉ်သီးနဲ့တွဲစရာ	၁၀၆
ခလုပ်ကလေးငယ်ငယ်	၁၀၇
ခမ်းနားစေချင်လွန်းလို့	၁၀၇
ချီးမွမ်းသည်ကအလျှင်	၁၀၀
ချဉ်မိုင်မိုင်ကျန်သေး	၁၀၀
ချစ်ကြပါဗေဒသည်	၁၀၀
ခွဲတမ်းကိုမျှော်	၁၀၀
ဝိုး	၁၁၂

အကြောင်းအရာ	စာမျက်နှာ
ဃဋီကာရရှိတာပေါ့	၁၁၂
ဃာနံမည်ခေါ် ရွှေစည်တော်	၁၁၃
ငါးနှင့်ဆိုင်သောဋီကာ	၁၁၄
ငှက်လေးမို့ ချစ်စဖွယ်	၁၁၅
ငုံးကလေးမဝင်သာ	၁၁၆
စကားပြောသောကျွဲငှက်	၁၁၆
စားကွာ တအားသာ	၁၁၇
စားစရာမှတ်ပြီး	၁၁၈
စီးပွားရေးသမားကြီး	၁၁၉
စုပါမင်း၏ ဘိုးအေ	၁၂၀
စွဲထက်စွဲ အစွမ်းကောင်း	၁၂၁
စေတနာတွေ	၁၂၂
စိုပုံခြောက်ပုံ	၁၂၂
စဉ်းစားဖိုသည်မှာ	၁၂၄
စည်ကားလိုက်ပါဘိတော့	၁၂၅
စိတ်ကြိုက်	၁၂၆
စိန်ဗေဒါရယ်လူပုံကိုသာ	၁၂၇
စွယ်စုံကျမ်းကြော်ငြာ	၁၂၈
ဆေးဘက်ဝင်စရာသော်မှ	၁၂၉
ဆက်ကာဆက်ကာ	၁၃၀

အကြောင်းအရာ	စာမျက်နှာ
ဆောက်နှင့်ထွင်းထားခြင်း	၁၃၁
ဆင်တော်နှင့်ခလောက်	၁၃၂
ဆင်ဖြူတော်အိမ်အပြည့်	၁၃၂
ဆင်ဝင်ထရံ	၁၃၃
ဆိတ်တမွှိုင်မွှိုင်	၁၃၄
ဆန်ကစိတ်သာမက	၁၃၅
ဇောဘဝင်တုန်ရချည့်	၁၃၆
ဇယ်အထူးကြောင့်မြူး	၁၃၇
ဈာပနလာကြ	၁၃၈
ဈေးနှုန်းဈေးအာနိသင်	၁၃၉
တရံရောအခါ	၁၄၀
တောမှားလာသောကျား	၁၄၁
တောက်တဲ့ခေါင်းပေါင်းပေါင်း	၁၄၂
ဝတ်စားပုံတင်စားပုံ	၁၄၃
တောင့်တင်းထွားကျိုင်းပုံ	၁၄၄
တိုင်းအလယ်နှိုင်းဖွယ်	၁၄၄
တိမ်ဖောက်ဝတီရောက်	၁၄၅
တယိစွမ်းပါကလား	၁၄၆
ထမင်းနဲအိုးကြီး ကွဲခါမှ	၁၄၇
ထူးဆန်းသောလုံချည်	၁၄၈

အကြောင်းအရာ	စာမျက်နှာ
ထုံးမန်းမန်းရောသလား	၁၄၉
ဒမြကိုအားကျ၍	၁၅၀
ဒါကိုပဲရှာနေသူ	၁၅၁
ဒီကောင့်နယ်နော်	၁၅၀
ဒေဝဒတ်နှုတ်ခမ်းမွေး	၁၅၂
ဒေါင်ဒေါင်မြည်သည့်ဘေး	၁၅၃
ဒေါင်းမကလေး	၁၅၄
တေတုဗေဒစိန်	၁၅၅
တော်ပုံဆရာရယ်	၁၅၆
နပန်းသမားလက်သစ်	၁၅၇
နားပါးလိုက်တာ	၁၅၇
နေရာကျဉ်းကျဉ်းကလေး	၁၅၀
နံပြားဂရိတ်ကြီး	၁၅၉
နောက်တော့တမျိုးတိုးလို့	၁၆၀
နည်းကောင်းတစ်ခု	၁၆၀
နှမြောစရာ	၁၆၂
နှိုင်းစရာနှင့်ရှားရှား	၁၆၃
နှမ်းစေ့တွေမြေမှာကြဲ	၁၆၄
ပုစဉ်းရင်ကွဲကောင်လော	၁၆၅
ပေပုံကျွန်ပုံအနှိုင်း	၁၆၆

အကြောင်းအရာ	စာမျက်နှာ
ပေါ်ကာပြားအလှပဆင်များမည်	၁၆၆
ပေါင်မုန့်၏ထူးခြားချက်	၁၆၇
ပန်းကန်ထဲကစပါးဒိုင်	၁၆၀
ပျော်ရမည်ဆိုလျှင်	၁၆၉
ပြောတတ်ပုံကြီးနယ်	၁၇၀
ပြောမှဖြင့် အလွန်ကြီး	၁၇၀
ပြတ်တောင်းပြတ်တောင်းနှင့်	၁၇၀
ဖလံကြောက်	၁၇၂
ဖားဖြူပဲ၏အတွေ့	၁၇၂
ဖားဝို၏သရုပ်	၁၇၃
ဖြောင့်ဖြူးသည့်လမ်းကလေး	၁၇၄
ဖြူတ်တခုနှိတီတလွှား	၁၇၅
မဆိုးဘူးဆိုသော်လည်း	၁၇၆
မဆဲမပြဲဖြစ်ပုံကြီး	၁၇၆
မနှိုင်းကောင်းနှိုင်းကောင်း	၁၇၇
မဖြစ်ပြန်ချေ	၁၇၈
မယုံလျှင်ရှာပါလေ	၁၇၀
မာကျောပုံနယ်	၁၄၉
စကားအပြီး	၁၈၀

❖ ❖ ❖ ❖

စကားအချိုး

စကားဝိဇ္ဇာများနှင့် လူကောသားစာအုပ်ကို စုဆောင်းစီစဉ်ခဲ့သော ထုတ်ဝေခဲ့ရာ လက်ခံအစားပေးသူ များပြားခဲ့ပါသည်။ မြန်မာပြည်အရပ်ရပ်မှ စကားထရာ ကျွမ်းကျင် လိမ္မာသော စာစားတောင်စားများ၏ စကားများကိုလည်း စုဆောင်းကာ တင်ဆက်ပါဦးဟု အကြံပြုကြပါသည်။

စကားများကို စုဆောင်းရန် မလွယ်ကူပါ။ ကြာရှည်သော ကြောင့် ပြောပြပါ ဆိုသောအခါတွင် စကားပြောကောင်းလွ ပါသည် ဆိုသူများမှာလည်း စကား ထွက်မလာတော့ပါ၊ စကား ပြေးရှိ အရှိန်ရအာစ အာတွေ့နေချိန်များတွင် ဗီဇ ပေါ်လာ တတ်၏၊ ထိုအချိန်မျိုးတွင် မှတ်သားထားရ၏။ တခါတရံလည်း မှတ်ထားပြီးသားကာ ပြန်လည်စဉ်းစားသောအခါ ပေါ်မလာ တော့ပါ။ သိပ်ပြီး နှမြောစရာကောင်းလှပေ၏။

အချို့ အရပ်များတွင် ရုပ်နှင့် ရွာနှင့် ချီပြီး စကားပြော ကောင်းကြ၏။ တလုံးဆို ဆိုသလောက်၊ တခွန်းဆိုဆိုသလောက် ကိုယိမိမိ၌၏။ ပီဿာလေးနှင့် ဘေးပစ်ဆိုသလို နှာသာခံခက် ဖြစ်ရ၏။ မချိသွားပြန်နှင့် ဟုတ်တာဆို နာလိုခံခက် အမျက်ထွက် ကြရပေ၏။

ဥပမာ လူတော်ရွာဆိုပါစို့။ ကလေးစာစပြီး စကားပြော ကောင်းလှသည်၊ ပြောလျှင် ချက်ကျလက်ကျရှိသည်။ ရယ်ရ

အခက် ငိုရအခက် ဖြစ်စေသည်။ ရေမြေက စကားပြောစေ၀ံး သော ရေမြေဖြစ်သည်။ လူတော်ရွာတွင် တို့က်ခတ်သောလေကို ရှူမိရုံဖြင့် စကားပြောကောင်းသော အင့်အသက် ရသွား သည်ဟု ဆိုစမှတ်ပြုကြ၏။

ဤသို့ဖြင့် စကားကို ချက်ကျလက်ကျ ကျစ်ကျစ်လျစ်လျစ် ထိထိမိမိပြောတတ်သူများကို လူတော်သားလိုပဲဟု ဆိုရှိုးပြုကြ သည်။ လူတော်သားအကြောင်းကို မြန်မာပြည်အနှံ့ အပြားသို့ ဆက်ကြီး ဦးမြတ်သိန်းထွန်း သယ်ယူဖြန့်ခိုမှု မပြုရသေးခင် တစ်တော့ စကားတတ်သူကို စကားအောင်စားဟု ခေါ်ခဲ့ကြလေ သည်။ ထို့ကြောင့် စကားပေါင်စားက ပိုပြီးရှေးကျပါသည်။

သို့ရာတွင် စကားအောင်စားဆိုတာ ဘယ်သူလဲဟု တိတိ ကျကျ သိလိုရှိ စုံစမ်းမေးမြန်းသည့်အခါတွင် လူနွေးရသော ထမန်ကြီး သံကြီး အမတ်ကြီးတယောက် ဟူ၍သာ တွေ့ရပေ ထည်။ ပါးစပ်ဆင်၀င်လိုလို ပုံပြင်လိုလို အတိုအစမျှားတွင်မူ စကား တောင်း စား ဆိုသော စကားတတ်သူ တယောက် အကြောင်း အနည်းအကျဉ်း တွေ့ရပေသည်။

စကားတောင်စားသည် တိုင်းပြည် တပြည်သို့ သံအဖြစ် သွားရောက်ရာတွင် ထိုတိုင်းပြည်၏ ဘုရင်မင်းမြတ် ရွှေမျက်နှာ တော်ကို မည်သူမျှ မော်ပြီးဖူးခွင့် မရှိကြောင်း သိရ၏။ ထို့ကြောင့် သံဘမန်၏ စားသောက်မှု သေသပ်မှု ရှိမရှိ အကဲ ခတ်ရန် ရွှေထောင်တွင် ထမင်းကျွေးသော အခမ်းအနား၌ ကန်စွန်းရွက်ကို မဖြတ်ပဲ ချက်ပေးရန် တောင်းပန်ထားသည်။

အဓိကအစဉ်အတိုင်း ဘုရင့်ဌေးတော်တွင် ထမင်းစားသောအခါ စကားတော်စသည် ဧည့်စုန်းဌက်ကို အဖျားမှ ကိုင်မြှောက်ပြီး ပါးစပ်ကိုမော့လျက်စားရာ မည်သူမျှ မမြင်ရသော ဘုရင့်မျက်နှာကို မြင်ရလေ၏။ ဘုရင်မင်းမြတ်မှာ ထူးထူးခြားခြား နှာခေါင်းရှည်ပုံကို စကားတော်စား မြင်ခွင့်သိခွင့် ရခဲ့လေ၏။

ငါ့ထက် နှာခေါင်းရှည်သူ ရှိသေးလားမေးရာ မူန်လှပါရှိပါသေးသည်။ ထိုသူမှာ ဆင်ဖြစ်ပါကြောင်း ပြန်လည်လျှောက်ထားသည်ဆို၏။

ထို့ကြောင့် ကြံရည်ဖန်ရည်ရှိသူ၊ ပြေစတတ်ဆိုတတ်သူများကို စကားတော်စားဟု တင်စားခေါ်ခဲ့ကာမူ နောင်အခါတွင် စကားပြောကောင်းသူ၊ စကားတတ်သူကို စကားတော်စားဟု ရှေ့လျှောခေါ်တွင်လာကြလေသည်။ ယခု တင်ဆက်လိုက်သည့် စကားတော်စားများမှာ အနယ်နယ်အရပ်ရပ်မှ စကားအရာ ကျွမ်းကျင်လိမ္မာသော စကားပြော ကောင်းသူတို့ဖြစ်ရာ ထိုသူတို့၏ စကားစုံစာလေးမျှကို စုစည်းတင်ဆက်လိုက်ပါသည်။

စိတ်နှလုံး ရွှင်ပြုံးကြည်လင်ကြပါစေ။

သိမ့်သိမ့်နွေး

၁။ စကားစောင်စား

ခြင်္သေ့ နှင့် ဗျိုင်းကြီး

ပညာရှိကိုတွေ့ပြီ

စကားတောင်စားသည် အင်းဝ ရွှေမြို့တော်သား ဖြစ်၏။ သူ့တွင် ညီမကလေးတစ်ယောက်ရှိသည်။ မနှန်းစိန်တဲ့။

တနေ့တွင် သူတို့အမေက သူတို့မောင်နှမစားရန် မုန့်သုံးခု ပေးထားခဲ့ပြီး ဈေးဆောင်းထွက်သွား၏။ စကားတောင်စားမှာ ဆယ်နှစ်သားသာ ရှိသေး၏။ မုန့်သုံးခုကို အညီအမျှဖြစ်အောင် မဝေတတ် မခွဲတတ်။ ထို့ကြောင့် လမ်းတွင်လျှောက်သွားသော စာရေးတော်ကြီး နေမျိုးကျော်ထင်အား "ကျွန်တော်တို့ မောင်နှမကို ဟောဒီမုန့်အညီအမျှ ခွဲဝေပေးပါခင်ဗျာ" ဟု တောင်းပန်လေ၏။

စာရေးတော်ကြီးသည် မုန့်သုံးခုကို တခုနှင့်တခြမ်းစီခွဲဝေတာ မောင်နှမနှစ်ယောက်အား ပေးပစ်ခဲ့ပြီး သွားလမ်းကိုသူ ဆက်သွားလေ၏။ စကားတောင်စားမှာ အလွန် သဘောကျလျက် ကျန်ခဲ့၏။ "ဒီစာရေးတော်ကြီးအိမ်မှာ နေရထိုင် အဝစားသောက် အလိမ္မာတို့မှာ သေချာတယ်" ဟု ထင်ယောင်ထင်မှား တွေးနေမိလေတော့သည်။

နှစ်လတည်းသာ နေပါမည်

စကားတောင်စားသည် သူ့မိခင် မုန့်ဆောင်းထုမှ ပြန်လာ ဆောအခါ စာရေးတော်ကြီး အိမ်တွင် သူ့ကို အပ်နှံပေးရန် မိခင်အား ပူဆာလေ၏။ မုန့်သည်မကြီးလည်း သူ့သားကို လက်ဆွဲလျက် စာရေးတော်ကြီးထံ သွားရောက် အပ်နှံ၏။

စာရေးတော်ကြီးက "မင်း ငါ့အိမ်မှာ ဘယ်လောက် ကြာ ကြာ နေမှာလဲ"ဟု မေးရာ စကားတောင်စားက "ကျွန်တော် နှစ်လသာ နေပါမည်"ဟု ဖြေ၏။

ထို့နောက် စာရေးတော်ကြီးသည် မုန့်သည်မကြီးအား "ခင်ဗျားသားကို စိတ်ချပြီး တော့်သာ ထားခဲ့ပေတော့၊ အစစ အရာရာ လိမ္မာရေးခြားနှံ့အောင် ဆုံးမမည်။ မသိတာ သိအောင်၊ မတတ်တာ တတ်အောင် သွန်သင်ပေးပါမည့် စိတ်ချပါ" ဆို သဖြင့် မုန့်သည်မကြီးမှာ စမ်းမြောက်စွာဖြင့် အိမ်သို့ပြန်သွား လေ၏။

နောက်ကျသော မြင်းမြီးဆွဲ

စာရေးတော်ကြီး၏ အိမ်တွင် နွေရက်အတန်ကြာအောင် နေထိုင်ပြီးသော နွေတနွေတွင် စာရေးတော်ကြီးသည် လှတ်တက် ရန် အသွားတွင် စကားတောင်စားအား နောက်ပါအဖြစ် ခေါ် သွားလေ၏။ စာရေးတော်ကြီးက မြင်းစီးပြီးသွားရာ စကား တောင်စားမှာ စာရေးတော်ကြီး၏ ကွမ်းအစ်ကိုပိုက်ထားရ၏။

ပဝါဖြင့် အုပ်ထားသော ဆေးလိပ်ထုပ်ကို လည်ပင်းတွင်ဆွဲထား ပြီး မြင်းမြီးကို ကိုင်ဆွဲပြီး နေခက်ကလိုက်ရသည်။

စာရေးတော်ကြီးသည် မြင်းကို "လမ်းထိုး" စီးလျက် ဖြည်း ဖြည်း သွားဆောင့်လည်း စကားထောင်စား လိုက်၍မမီပေ။ နေခက်ကျကျန်ခဲ့သည်။ စာရေးတော်ကြီးမှာ ရုံးသို့ ရောက်၍ ကွမ်းစားလိုသောကြောင့် စကားထောင်စားကို လှည့်ကြည့်မိ သောအခါ စကားထောင်စား မပါလာချေ။

ထို့ကြောင့် စကားထောင်စားကို ရုံးလေ့ကားနားစောင့် နေရသည်။ စကားထောင်စား ရောက်လာသောအခါ "မင်း ဆင်မတန် နေခက်ကျတာပါ၊ နောက်ကိုမှတ်ထား သခင့်နောက် က ထက်ကြပ်မကွာ "မြီးပျမ်း" ဆွဲပြီး လိုက်ရမယ်"ဟု စိတ်ဆိုး စွာ ပြောသည်။

"ဟုတ်ကဲ့ ကျွန်တော်မသိလို့ နေခက်ကျတာပါ။ နောက်ကို ဆိုယင် စာရေးတော်ကြီးနောက်က ထက်ကြပ်မကွာ လိုက်ပါ့ မယ် ခင်ဗျား"

နောက်မကျသော မြင်းမြီးဆွဲ

စကားထောင်စားသည် နောက်တနေ့တွင်လည်း စာရေး တော်ကြီးနောက် လိုက်ရပြန်သည်။ ကွမ်းဆစ်နှင့် ဆေးလိပ် များကို ပဝါဖြင့် တထုပ်စီ ထုပ်ကာ ပခုံးပေါ်ခွတင်ပြီး မြင်းမြီး ဆွဲလျက် နေခက်မှ အပြေးလိုက်ရသော ကွမ်းဆစ်မှာ ကျုံးထိပ် တွင် ထွက်ကျ၏။ ပြန်ဆောက်နေလျှင် နေခက်ကျမည် စိုးရှိ

စကားတောင်စား မကောက်နိုင်။ ဆေးလိပ်ထုပ်လည်း ပြေကျပြန်သည်။ စာဘားတောင်စားမှာ နောက်မှကျစေရန် ဆေးလိပ်များကို ထားပစ်ခဲ့ရလေ၏။

ရုံးတော်သို့ ရောက်ကြလျှင် စာရေးတော်ကြီးက "ကွမ်းအစ်ပေးစမ်း" ဟု ဆို၏။

"စာရေးတော်ကြီး အမိန့်မှာ သခင့်နောက်ထ စောက်ကြပ်လိုက်ရမယ်ဆိုတဲ့အတွက် အမီလိုက်လာရတော့ ကျုံးထိပ်မှာ ကွမ်းအစ်ကျကျန်ခဲ့ပါတယ်"

"ဆေးလိပ်တွေကော"

"ဆေးလိပ်တွေလည်း လမ်းတလျှောက်လုံး ကျကျန်ရစ်ခဲ့ပါတယ်"

"နေဇက်ကို မှတိထား၊ ကိုယ့်ဘခင်ရဲ့ ပစ္စည်းကို ကွမ်းအစ်မဆိုထားဘိ၊ ခွေးတုံး တတုံးဘောင် မပျောက် မရှာဘောင် ကြည့်ရှု ထိန်းသိမ်းရမယ်"

"ကောင်းလှပါပြီ စာရေးတော်ကြီး၊ နောက် နောင်ကို ခွေးတုံး တတုံးကအစ မပျောက်စေရပါဘူး"

စကားတောင်စားသည် မျက်နှာဖော်ထလေးနှင့် အာမခံလိုက်ပြီးလျှင် စာရေးတော်ကြီး၏ စကားကို ကောင်းစွာမှတ်သားထားလိုက်လေ၏။

ထိန်းသိမ်းပုံ ကောင်းပါတဲ့

နောက်ရက်များတွင် စာရေးတော်ကြီးနှင့် စကားတောင်စားတို့မှာ လွန်စွာ အဆင်ပြေနေကြသည်။ စကားတောင်စားသည် မြင်းနာက်၊ ထက်ကြပ်ပါသည်။ ကွမ်းအစ်နှင့် ဆေးလိပ်များလည်း မကျကျန်ခဲ့ချေ။

တနေ့တွင် အခါတိုင်းကဲ့သို့ စာရေးတော်ကြီး လှတ်တက်လာရာ စကားတောင်စားလည်း ဆေးလိပ်ထုပ်နှင့် ကွမ်းအစ်ထုပ်လွယ်ပြီး နောက်ကပါလာရာ တနေရာအရောက်တွင် စာရေးတော်ကြီး၏ မြင်းစာည် မစင်စွန့်ရန် အပြီးကိုမြင်၏။ စကားတောင်စားလည်း ကွမ်းအစ်အဖုံးကို ဖွင့်ကာ မြင်းချေးများကို အဖိတ်အစည်မရှိအောင် ခံယူပြီး ကွမ်းအစ်ကို ပြန်ဖုံးထားလိုက်လေ၏။

ရုံးတော်သို့ ရောက်ထောအခါ စာရေးတော်ကြီးသည် အခြား အမှုထမ်း အရာထမ်းများရှေ့တွင် ကွမ်းစားမည်ဟု ကွမ်းဆစ်ကို ဖွင့်လိုက်ရာ ကွမ်းအစ်ထဲမှ မြင်းချေးတုံးများ ထွက်လာလေ၏။ ဝိုင်းဝန်း ရယ်မောဆဲများမှာ သောသော ညံသွားရာ စာရေးတော်ကြီးမှာ ရှက်ရွက်နှင့် ရုံးပြင်သို့ ထွက်လာပြီး စကားတောင်စားကို ခေါ်၍ မေးလေ၏။

"ဟဲ့ ငအန္ဒ၊ ကွမ်းအစ်ထဲမှာ ဘာကြောင့် မြင်းချေးတွေ ထည့်ထားရသလဲ"

"မိမိသခင်ရှဲပစ္စည်းကို ချေးထတုံးကဖစ မပျောက် ခရ ဖောင် သိမ်းဆည်းရမယ်လို့ စာရေးတော်ကြီး အမိန့်ရှိဖူးတဲ့ အတွက် မြင်းချေးတွေမကျန်ရစ်ခဲ့ရဖောင် ထည့်ယူလာတာပါ"

စာရေးခတ်ကြီးမှာ မိမိစကားနှင့် မိမိ ဖြစ်နေသောကြောင့် ဆလွန်စိတ်ဆိုးနေဆော်လည်း အပြစ်မယူသာပါ "မင်း ဇနာက် ကို ငါ့နောက်က မလိုက်နဲ့၊ အိမ်မှာသာနေပေတော့"ဟု ဆော်ငေါက်ပြောဆိုလေ၏။

နှစ်လဆိုသောစကား

စကားတောင်စားကို ရုံးသို့ခေါ်သွားလည်း နေထုမကျ။ အိမ်တွင်ထားလည်း အဆင်မပြာဆောကြောင့် တနေ့တွင် စာရေးကြီးသည် စကားတောင်စားအား အိမ်မှ နှင်ရန် ဖတ္ထက် အပါးသို့ခေါ်ယူလိုက်၏။

"အမောင်ထည် စကားအထအန အလွန် ကောက်သည်၊ စကားလည်းထက်သည်၊ အမောင့်အစေ ငါ့ထံအပ်စဉ်က နှစ်လသာ နေမည်ပြောသည်။ ယခု နှစ်လမထပြီ။ မောင့်ဖား ဆက်လက် မထားလိုပြီ၊ သွားပေတော့"

"မှန်ပါတယ် စာရေးတော်ကြီးခင်ဗျား၊ ကျွန်တော့်မျက်စိနဲ့လ နှစ်လကိုမြင်ရတဲ့အခါမှာ ကျွန်တော်သွားပါမယ်၊ အခုတော့ တလပဲ မြင်ရသေးတဲ့အတွက် နေပါရစေခင်ဗျား"

စာရေးထော်ကြီးက အများသတ်မှတ် တွက်ချက်ခေါ်ဝေါ်သော သက်ဘမ်းလကို လဟု သတ်မှတ်သည်။ စကားတောင်စားက မိုးပေါ်စလကိုသာ လဟု သတ်မှတ်သည်။ သို့ထုတ့် စာရေးတော်ကြီးမှာ ရယ်မောပြီး အလျှော့ပေးလိုက်ရလေ၏၊

မုန့်အိုးကင်းကပ် စားဝေချင်

ထန့်သင်္ခစာရေးကြီးကတော်သည်အိမ်တွင် မုန့်အိုးကင်းကပ်လုပ်၍စား၏။ ထိုမုန့်ကို စာရေးတော်ကြီးအားလည်း စားစေချင်၏။ ရုံးသို့ပို့ပေးရန်မှာ အဖိုးမတန်သောမုန့် ဖြစ်သောကြောင့် မပို့လိုပေ။ ထို့ကြောင့် စကားတော်စားအား "စာရေးတော်ကြီးကို မုန့်အိုးကင်းကပ် စားရအောင် မြန်မြန်လာပါလို့ သွားခေါ်ချေ" ဟု စေခိုင်းလိုက်၏။

စကားတော်စီးသည် လွှတ်ရုံး လှေကားရင်းမှ လှမ်းအော်၏။

"စာရေးတော်ကြီးမင်းခင်ဗျား၊ စာရေးကြီးကတော်က မုန့်အိုးထင်းကပ် စားရအောင် မြန်မြန်ကြွလာပါတဲ့ဗျို့"

ထို့နောက် လှေကားပေါ်တက်သွားပြီး အော်သည်။ တဖန် မကြားမည်စိုး၍ မခရာဝင်နားဆီ သွားအော်ရာ ကြားသည့် လူတိုင်းက စာရေးတော်ကြီးအား ဝိုင်းရယ်မော ကြထည်။ လှောင်ပြောင်ကြသည်။

စာရေးတော်ကြီးမှာ စိတ်လည်းဆိုး၊ ရွက်လည်းရွက်သဖြင့် စကားတော်စားကို တော်ရာခွေးဝင်သို့ ခွဲခေါ်သွားပြီး ထိပ်ကို ခေါက်၏။

"ဟဲ့ တိရစ္ဆာန် လူကြေး သူကြေးမှာ ပါးစပ်ပြဲကြီးနဲ့ အော်ရသလား၊ နေခဲ့နော် အကြောင်းကြီးယော်ရှိယင် မျက်ရိပ်မျက်ခြည်မျက်စ မျက်နှန်းခေါ်၊ အခုလို လာမခေါ်နဲ့ မှတ်ထား"

စကားတော်စားသည် "ကောင်းပါ့မြို့" ဟု ပြန်ပြောလိုက်လေထည်း

မျက်စပစ်ရှုခေါ်လေပြီ

တနေ့သောအခါ စာရေးဆရာကြီး လှတ်တက်နေခိုက်တွင် အိမ်နှင့်မနီးမဝေးဌာန မီးလောင်လေသည်။ စာဖတ်သူစာရေးဆရာများသည် အိမ်တွင်းရှိ အိမ်ထောင်ဖရိဘောဂများကို အိမ်ပြင်သို့ အပြေးအလွှား သယ်ထုတ်သည်။ အိမ်တွင် ဤလေးလံကြီးမားသော အိမ်ထောင်ဖရိဘောဂတွေထက် တန်ဖိုးထိုက်သော ပစ္စည်းပစ္စယတွေ အများကြီးရှိသောကြောင့် "ဟဲ့သူငယ်ရဲ့ လေးလံဘာတွေ မသယ်နဲ့၊ ပေါ့ပေါ့ပါးပါးတွေကို သယ်စမ်းပါ" ပြောလေသည်။

စကားတောင်စားလည်း ခုတင်၊ ညောင်စောင်၊ တံတင်း တို့ကို ချထားခဲ့ကာ အိုးတိုက်သော စပါးခွံတောင်း၊ မြင်းကျွေးသော ကုလားပဲခွံတောင်းများကိုလျင်မြန်စွာ ထမ်းပိုးပြီး သယ်ထုတ်လေ၏။

"ဟဲ့ အရေးထဲမှာ ဘာတွေသယ်နေတာလဲ"

"စာရေးကတော်ကြီးက ပေါ့ပေါ့ပါးပါးတွေ သယ်ရမယ် အမိန့်ရှိသောကြောင့် ဖဲ့တောင်းတွေသယ်နေတာပါခင်ဗျား"

အလွန် အဆင်မပြေသောအလုပ် ဖြစ်သော်လည်း စာရေးကတော်ကြီးမှာ စိတ်ဆိုးရန်အချိန်မရသောကြောင့် "နေထုမကျပါကလားကွယ်၊ ရှိပါစေတော့၊ စာရေးတော်ကြီး ကိုသာ အမြန်ဆုံးပြေးပြီး ခေါ်ချေပါတော့" ဟု ပြောကာ လှည်းရှုံးသို့ စေလွှတ်လိုက်၏။

စကားတောင်စားသည် စာရေးတော်ကြီး အမှုထမ်းဆောရုံးတော်သို့ အလျင်အမြန် ပြေးသွား၏။ စာရေးတော်ကြီးကို မြင်ရသော နေရာအထိ ရောက်သွားသောအခါ အခြားပုဂ္ဂိုလ်များ ရှိနေသည့်အတွက် ယုတ်စပစ်ထား အချက်ပြ၏။ စာရေးတော်ကြီး ထမလာချေ။

စာရေးတော်ကြီး ထမလာသေးကြောင့် စကားတောင်စားမှာ မျက်ရိပ်မျက်ကဲ ပြနေခဲ့ရာ ရုံးဆင်းချိန်ရောက်မှ စကားတောင်စားရှေ့သို့ စာရေးဘော်ကြီး ရောက်လာလေသည်။

"မောင်မင်းသည် တချိန်လုံး မျက်လုံးကို လှုပ်နေသည်၊ မည်ကဲ့သို့သော အရေးအခင်း ရှိဘိသနည်း"

စကားတောင်စားသည် စာရေးတော်ကြီး၏ နား နားသို့ ပါးစပ်ကပ်လျက် "အိမ်နာမှာ မီးလောင်နေလို့" ဟု တိုးတိုးကလေး ပြော၏။ စာရေးတော်ကြီးမှာ အထိတ်တလန့်ဖြင့် ရုံးအပြင်သို့ပြေးထွက်ကာ အိမ်ဘက်သို့ လှမ်းမျော်ကြည့်၏။ မီးခိုးညွန့် တစုံတရာမမြင်ရချေ။

စာရေးတော်ကြီးသည် "ဘာမှလည်း မြင်ရပါကလား၊ မည်သည့် အချိန်က လောင်ကျွမ်းသနည်း" ဟု မေးသည်။

"နေ့လယ်အချိန်ကလောင်ကျွမ်းပါသည် စာရေးတော်ကြီး"

"သည်လိုဆိုလျှင် ပြာပဲကျန်တော့မည်၊ လာ မြန်မြန် သွားကြစို့" ဟု အိုးအိမ်နှင့် သားမယားအတွက် စိတ်ပူပန်စွာဖြင့် အိမ်သို့ အလျင်အမြန် ပြန်သွားလေ၏။ စာရေးကြီးကတော်မှာ ထယ်ပြီးသောပစ္စည်းများကို ပင်ပန်းစွာဖြင့် အိမ်ထဲသို့ ပြန်သွင်းနေ၏။ သူသည် စာရေးတော်ကြီးကိုမြင်လျှင် ရုန့်ထွေလေ၏။

"ဦးက လူနိုင်လို့ ခပ်ဝေးဝေးမှာပဲ ငြိမ်းသူးသည်။ စာရေးတော်ကြီး အလိုဆာဖြင့် ပြစမုံတောင် ကျန်မှာမဟုတ်ဘူး၊ နေ့လယ်ဟာ အခေါ်လွှတ်လိုက်ရတယ် ညနေစောင်းမှ အဘယ်ကြောင့်လာသနည်း"

"ရှင်မ၊ ငါ့တွင်အပြစ်မရှိ၊ ဤထူးယော်သည် တံခါးနှစ်ချက်ခေါက်ကာ တနေ့လုံး မျက်စပစ်နေသည်၊ ငါချုံးဆင်းရှိ မေးတော့မှ မီးလောင်ကြောင်းသိရသည်"

စာရေးကတော်ကြီး၏ ဒေါသသည် စကားတစောင်စားဘက်သို့ ဦးလှည့်သွား၏။

"သူငယ် အဘယ်ကြောင့် ဤသို့မဖွယ်မရာ လုပ်ရသနည်း"

"စာရေးတော်ကြီးက လူသူလေးပါးရှေ့တွင် အော်ရှိမခေါ်ရ၊ မျက်ရိပ်မျက်ခြည်ပြရှိသာ ခေါ်ရမည်ဆိုသောကြောင့် မျက်စပစ်ပြီး ခေါ်ရခြင်းဖြစ်ပါသည်ခင်ဗျား"

"မင်းဟာ အိမ်မှာလည်း အရေးအကြောင်းရှိ အသုံးမကျ၊ စကားအာရုံမှာလည်း အင်မတန်ကတ်သည်၊ သွားတော့ မခနနှင့်"

"ကျွန်တော် နှစ်ယပြည့်ဆောင် နေမည်ပြောထားပါသည်။ ယခု နှစ်လမရှိသေးသောကြောင့် မသွားပါရစေနှင့်ခင်ဗျား"

ကြည့်လိုက်စမ်း မှာသောကြောင့်

တနေ့သ၌ စာရေးကတော်ကြီးသည် ပစ္စည်း ပစ္စယအများ ဝယ်ခြမ်းစရာ ရှိသောကြောင့် ဈေးသို့သွားရန် ပြင်ဆင်လေသည်။ ခို့စို့ အလေးမှာ ပုခက်ထဲတွင် အိပ်နေလေသည်။ ထို့ကြောင့် အိမ်မှ ထွက်ခါနီးတွင် စာ၊ားတောင်စား၊အား မှာကြား၊ထား၊ခဲ့လေ၏။

"ဟဲ့....သူငယ် ကလေးအိပ်နေတယ် ကြည့်လိုက်စမ်း"

"ကောင်း၊ပါပြီခင်ဗျား"

စကား၊တောင်စား၊သည် ပုခက်ဘေး၊တွင်ထိုင်ပြီး ကလေးကို ကြည့်နေ၏။ အတန်ကြာလျှင် ကလေးသည် အိပ်ဆုမှနိုး၍ ပုခက်ကိုကိုင်ပြီး ထရပ်ရာ ကြမ်းပေါ်သို့ ကျမ်းထိုးကျလေ၏။ ခေါင်းမှာ ပူး၊ရောင်ပြီး နာကျင်လှုပ်သောကြောင့် ကလေးသည် ငြင်းထန်စွာ ငိုလေ၏။

စကား၊တောင်စား၊သည် ကြည့်လိုက် ဆိုသော အမိန့်အရ ကဲ့သ၊းကို ကြည့်၍သာနေသည်။ ချော့ခြင်း ချီပိုး၊ခြင်း မရှိခဲ့။

ကလေးသည် ငိုရ၍ မော၊သောအခါ အိမ်နှလုံးဘက်သို့ သေး၊ဘက် တွား၊ပြီး သွား၊သည်။ စကား၊တောင်စား၊လည်း ကလေးကို လိုက်လံကြည့်ရှုနေ၏။ ကလေးသည် လှေကား၊ထိပ်မှ အောက်သို့ဆင်း၊ရာ တလိမ့်ခေါက်ကွေး လိမ့်ကျသဖြင့် ထိပ်ကွဲပြီး သွေး၊သံရဲရဲနှင့် မြောနေအောင်ငိုလေ၏။

စကား၊တောင်စား၊ထည် စာလေးကျပုံကျနည်း ငိုပုံငိုပုံကို သေချာစွာ ကြည့်ရှုမှတ်သား၊နေသည်။

စာရေးကတော်ကြီးသည် လျှေးမှု ပြန်လာရာ တက်ခတတီ ချက်မတက် ငိုနေသော ကလေးအသံကြား၍ ပြေးလာသည်။ ကလေးမှာ သွေးအလူးလူး၊ ချေးအလူးလူး ထိပ်ပေါက် ခေါင်းကွဲနှင့် ငိုနေသော်လည်း စကားတောင်စားမှာ ထိုင်၍သာ ကြည့်နေ၏။

စာရေးကတော်ကြီးမှာ ရင်ဘတ်စည်တီးဖြစ်ကာ ရန်တွေ့လေသည်။

"ကလေးကို ကြည့်ရစ်မလို့ ဆရာအချောမှာထားခဲ့ရဲ့ သားနဲ့ အခုကြည့်စမ်း မြင်လို့ကောင်းသေးလားဟင်၊ ပိုင်းတာမသားရဲ့"

"အလိုလေး မိုးကြိုးကြီး ဖရဲကြိမ်တရာ ပစ်ရပါစေရဲ့ခင်ဗျာ၊ ကလေးကို ကျွန်တော် သေသေချာချာကြည့်နေပါတယ်ခင်ဗျာ၊ ဟော ကလေးဟာ ပထမဦးဆုံး ပုခက်ပေါ်ကတဲကြိမ် လိမ့်ကျ ချာမှာ နဖူးထောင်သွားပါတယ်၊ ဒုတိယ လှေကားပေါ်က လိမ့် ကျချာမှာ လှေကားထစ်နဲ့ခေါင်းနဲ့ ရိုက်မိပြီး ခေါင်းပေါက်သွား ပါတယ်၊ စာရေးကတော်ကြီးက ကြည့်လိုက်စမ်း မှာထားခဲ့တဲ့ အတွက် အလစ်ဆဟာ မရှိရအောင် စေ့စေ့စပ်စပ်ကြည့်ထား"

"တော်စမ်းဟယ် သားပေါက်မသား တော်စမ်း"

စာရေးကတော်ကြီးမှာ လွန်စွာ စိတ်ဆိုးသော်လည်း အစေ အပါးကို ရိုက်နှက်အော်ဟစ်နေလျှင် လူအများ ကြားမည်စိုး သောကြောင့် ဒေါသကို ချုပ်တည်းကာ ကလေးကိုပွေ့ချီပြီး အိမ်ပေါ်သို့ တက်သွားလေ၏။

* * *

နှစ်ထရှိသွားပါပြီ

ညနေစောင်းတွင် စာရေးတော်ကြီး ရုံးမှပြန်လာရာ ကလေးငယ်တွင် နဖူးကြီးဆောင်လျက် ခေါင်းကို အဝတ်စည်းထားသည်ကို တွေ့ရလေ၏။ စာရေးကတော်ကြီးမှာ စကားတောင်စားကို မပြောရဲသော်လည်း စာရေးတော်ကြီးကိုကား ဆုပြင်းအထန် ရန်တွေ့လေသည်။

အကြောင်းစုံ သိရသဖြင့် စာရေးတော်ကြီးလည်း အလွန်စိတ်ဆိုးသည်။ မိမိ၏ ကွမ်းဆစ်ထဲတွင် ပြင်းခြေတုံးတွေထည့်ထားသော လူကတ်။ မုန့်အိုးကင်းကပ် စားလှည့်ပါတဲ့မျှို့ဟု လှုပ်ဆလယ်တွင် ဆော်ခေါ်သော လူဇာတ်ကို သူလည်းမကြည့်ချင်၊ မမြင်ချင်ပေ။

သို့ဆုတွင် မုဆိုးမ မုန့်ဆည်သား၊ နှင့် မိမိကဲ့သို့သော လွတ်တက် စာရေးကြီးမှာ အဆင့်အတန်း ကွာလွန်းသည်၊ ရိုက်ပုတ်လွတ်၍ စကားတံမှည့်နေလျှင် ရွက်စရာကောင်းသည်။ ပါးစပ်နှင့် ပြေလျှင် နှစ်လနေမည် ပြောရင်းရှိသည်ဟု ကတ်နေဦးမည်၊

လကလည်း ယနေ့မှ ထိန်ထိန်သာနေထည်၊

စာရေးကြီးသည် စကားတောင်စားအား အဘယ်ပုံ နှင်ထုတ်ရပါမည်နည်းဟု စိတ်ကူးလျက် လမ်းလျှောက်နေရာ ရေပြည့်အိုးဘလုံးကို အမှတ်မဲ့ ငုံ့ကြည့်မိရာ အလွန်ဝမ်းသာသွား၏။

"ဟဲ့....သူငယ် မြန်မြန်လာစမ်းကွဲ့ မြန်မြန်"

ဝမ်းသာအားရ လှမ်းခေါ်လိုက်ရာ စကားတောင်စားသည် ပေါ့ပါးသွက်လက်စွာ ထွက်လာလေ၏။

"ခင်းပြောဆည်မှာ မျက်စိနဲ့မြင်ရတဲ့လယ် နှစ်လရှိယင် သွေးပါမယ်လို့ ပြောထားသည် မဟုတ်လော"

"မှန်ပါသည် စာရေးတော်ကြီး ခင်ဗျား"

"အောင်ပြီ ဤသို့ဆိုက ဤရေအိုးထဲတွင် ငုံကြည့်လော့၊ လတလ တွေ့သည်မဟုတ်လော"

"တွေ့ပါသည် ခင်ဗျား"

"အေး...ကောင်းဆောင်ကို မေးကြည့်လိုက်စမ်း၊ နောက်ထပ် ကာလ တွေ့လား"

"တွေ့ပါသည် စာရေးတော်ကြီး"

"အေး...မင်းစကားအတိုင်း မျက်မြင် လနှစ်လ ရှိသွားပြီ၊ မေးခင်းမင်း ငါ့အိမ်က ယခုသွားပေတော့"

"မှန်ပါတယ် စာရေးတော်ကြီးခင်ဗျာ၊ သို့ဆိုတွင် ကျွန်တော့်မှာ ပညာမစုံသေးတဲ့အတွက် နောက်ထပ် နှစ်လလောက် ဆက်ပြီး နေခွင့်ပြုတော်မူပါဦး"

ထိုအချိန်တွင် အိမ်တွင်းမှ ထွက်လာသော စာရေးကတော်ကြီးက ထိတ်လန့်ကြောက်ရွံ့စွာ အော်ပြောလိုက်ပုံမှာ—

"အလိုလေး မောင်မင်းကြီးသား၊ မောင့်ခြေဖျားကို ဦးသုံးကြိမ် ချပါရဲ့၊ နှစ်လမပြောနဲ့ နှစ်ပီဇနှာ နှစ်မောင်းတောင် လက်မခံပါရစေနဲ့၊ ကြာတော်မှုပါတော့ သွားပါတော့"

စကားဟောင်စားသည် ဤသို့ဖြင့် မိခင်အိမ်သို့ ပြန်သွားရပြီး များမကြာမီ ဘုန်းကြီးကျောင်းတွင် ဆပ်နံ့မေးပါဟု မိခင်ဆွေးပူဆာသောကြောင့် မိခင်သည် သားဖြစ်သူဆား ဘုန်းတော်ကြီးကျောင်းသို့ လိုက်လံဆပ်နံ့မေးလေသည်။

ရင်ဆေးနှင့်တရားဟိုး

စကားတောင်စားဆည် ဘုန်းတော်ကြီး ကျောင်းတွင် ကျောင်းအိပ်ကျောင်းစားနေကာ စာပေ သင်ကြားနေစဉ်တွင် ပခန်းသား ဇလက်တိုနှင့် ချည်ပါသား ညိုတို့ကို တွေ့ဆုံ ချစ်ကျွမ်းဝင်ခဲ့လေသည်။

ဤသို့ဖြင့် အချိန်တန်၍ ကျောင်းမှထွက်သွားကြရာ စကားတောင်စားမှာ မင်းနေပြည်တော် အင်းဝမြို့တွင် 'စကား တောင်စား' အမတ်ကြီးဟု တောင်းစားနေလေ၏။ တနေ့သော အခါ ဇလက်တိုနှင့် ညိုတို့သည် သင်္ဘောသား တယောက်ထံမှ ဓလတဘင်း ရလာရာ ခွဲဝေရန် မည်သည့်တော်သောကြောင့် စကား တောင်စားထံ ရောက်လာကြလေ၏။

စကားတောင်စားသည် လေးချစ်ကြိုဆိုပြီး ဤသို့ပြော၏။

"မင်းတို့သည် ငါ့အား မင်းဖြစ်သည်ဟူ၍မကြောက်ကြနှင့်၊ ဘုရားလည်း မထူးကြနှင့်၊ ရှေးအခါကကဲ့သို့ပင် ရင်းနှီးစွာ ပြောဆိုကြပါ၊ သို့ရာတွင် ယခု မင်းတို့လာသော ကိစ္စအကြောင်း ရင်းကို ငါသိရမှဖြစ်မည်၊ ကို့ကြောင့်မခြွင်းမချန်ပြောဆိုကြပါ။ အကြောင်းကိစ္စ အမှုကြီးငယ်ရှိလျှင် ငွေစကြေးစ အပိုအမိုမကုန်ကျစေရန် ငါ စောင့်မကြည့်ရှုပါမည်။ မင်းတို့ငွေကုန်လျှင် ငါ့ငွေ ကုန်တိုင်းသုံ့ဆို အောက်မေ့သည်။ အကြောင်းရှိသမျှကို ပြောသာဆိုပြောပါ"

ထိုအခါ ဇလက်တိုက စတင်ပြော၏။

"အခု ငါတို့နှစ်ယောက် ဖြစ်တဲ့အမှုတာ ပထမကပင် လိမ်လည်ပြီး ကြံစည်ခဲ့သောအမှုဖြစ်၍ ရုံးပြင်ကနှုတ်နှင့် မတော်ပါ။ ထူထေပြဲရင်းအချင်းချင်း ကျိတ်ပြီး စီရင်ပေးစေလိုရှိ မင်းထံ လာပါသည်"

"ကောင်းပြီ မင်းတို့အမှုကို ပြေစေပေတော့"

"ငါက သျှောင်တလုံးအဆုံးခံရသည်။ ညည်က ကပ္ပိယလုပ်ပြီး သက်သေခံရထည်။ သို့ပါ၍ ၎င်းငွေကို ငါပင် ပို၍ရယုံက်သလော၊ ညည်တည်း ပို၍ရထိုက်မေသလော ဟူသည်ကို လူများဝှာ မသိအောင် ခဲ့ဝေပေးစေလိုပါသည်"

ငလေက်တိုသည် ပုဆိုးဖြင့် ထုပ်လာသော ငွေထုပ်ကို စကားတောင်စား လက်ထဲသို့ ထည့်လိုက်လေ၏။

"ညည်ကကော ငလေက်တိုပြောသည်ကို မည်သို့ရှိသနည်း"

"ငါထလည်း ငါ့သူငယ်ချင်း အမတ်ကြီး စီရင်တာကို မှခြင်းပါ့မည်။ သဘောကျသလို စီရင်ပါတော့ကွာ"

"အေး—အေး၊ မင်းတို့လည်း ပညာရှိတွေပဲ၊ ဝေဒဗေဒပုဏ္ဏားကြီး ဆရာ တပည့် နှစ်ယောက် ဝတ္ထုထဲက ခိုးသားငါးရာလို အလွန်များပြားတဲ့ ရွှေငွေတွေကို အညီအမျှ ခွဲဝေပြီး မယူနိုင်ပဲ သတဲကြ ဖြတ်ကြသည်မှာ နောက်ဆုံး နှစ်ယောက်တည်းသာ ကျန်တော့သည်၊ ထိုနှစ်ယောက်လည်း တယောက်ကို တယောက် အထောက်ကြံကြပြန်ရာ နှစ်ယောက်လုံး သေဆုံးကုန်ကြသည်။ မင်းတို့လည်း ဤပုံ ဝတ္ထုထဲကနည်းတူ ပျက်စီးကုန်ဖွယ် ရှိပေသည်"

"အဲဒါကြောင့် သူငယ်ချင်းဆီ လာတာပါဆိုမှကွာ"

"သို့အတွက် သူငယ်ချင်းတို့ အကျယ်အပြား မျှားစွာ မဆို ကြနှင့်တော့။ ငါစီရင်သည့်အတိုင်းထာ လိုက်နာကြ။ မလိုက် နာကြ၍ ထည့်စကားကို တဆင့်စကား တဆင့်နားဖြင့် ငွေပေး လိုက်သော သဌေးသား မောင်ကောင်းဇနီကြားပါက ငွေများ ဆားလုံး ဆုံးရှုံးမည်သာမက လိမ်လည်မှုနှင့်ပင် ထောင်တန်း ကျကုန်ကြလိမ့်မည်။ စကားမရှည်နှင့် တိတ်တိတ်နေကြ"

ထိုသို့ ဟိတ်နှင့် ဟန်နှင့် ပြောဆိုဆုံးမပြီး ခြောက်လှုန့်စကား သုံးကာ ဆုံးသတ်၍ ငွေများကို ညီတူ ညီမျှ နှစ်ပုံပုံ၍ ခွဲဝေ ပေးလိုက်လေ၏။ သို့ရာတွင် လောက်တိုနှင့် ညီတို့မှာ တယောက် လျှင် ရှစ်ပြည်စီ မရကြပေ။

"သို့ရာတွင် ထုံးစံအတိုင်း တရားစီရင်စရိတ်ကို နှစ်ဘက်လုံး ကျ[illegible] ကျခံကြရမယ်ကွ။ အဲဒါကြောင့် အိမ်ဦး ခုံစွန်[illegible] တယောက် နှစ်ပြည်စီ ဥာက်ပူဇော်ခ ပေးရမယ်။ [illegible]ရေးတဲ့ စာရေးကို တယောက် တပြည်စီ၊ အစစ်ခံ စာရေးကို တယောက် တပြည်စီ၊ ဝန်ခံချက် ရေးခက် တပြည်စီ၊ ချုံးလုလင်ကို တခွက်စီ၊ လက်ဖက်ဖိုး ထစလယ်စီ၊ ကွမ်းဖိုး တစ လယ်စီ ပေးဆောင်စေ"

ဤသို့လျှင် တဦးလျှင် ခြောက်ပြည်စီ ပေးဆောင်လိုက်ရရာ တယောက်လျှင် နှစ်ပြည်စီသာ ရလေတော့၏။ လောက်တိုနှင့် ညီတို့မှာ "အစတ အညီအမျှ ခွဲယူရ အကောင်းသားကွာ။ မင့် ချုံးထောက်တော့မှပဲ ငွေထက် တရားဖိုးနှိပ်စက်တာနဲ့ ကုန် ပါပေါ့လား"ဟု ညည်းတွားကြလေ၏။

⁂ ⁂ ⁂

ဇာတ်တော်လာ လူမိုက်

ထရံဆောအခါ စကားတောင်စား အမတ်နှင့် ဘုရင်မင်းမြတ်တို့ စကားပြော ဆဆင်မပြေသောကြောင့် ဘုရင်မင်းမြတ်သည် လက်သုံးတော် လှုံနှင့် ထိုးမည်ခွယ်၏၊

"နင့်ထက်မိုက်တဲ့အမတ် လောကမှာ ရှိသေးရဲ့လား"

"ကျွန်တော်မျိုးထက် မိုက်သော အမတ် ရှိပါသေးသည် ဘုရား"

စကားတောင်စားစ လက်ယှက်ကာ တင်လျှောက်သည်။

"နင့်ထက် မိုက်တဲ့အမတ် ဘယ်မှာရှိသလဲ မြန်မြန်တင်စမ်း"

"ဘူဇိဒတ်ဇာတ်တော်မှာ စူဠလိပ်ကို ရေထဲချတဲ့ အမတ်တွေဟာ ကျွန်တော်မျိုးထက် မိုက်ကြောင်းပါဘုရား"

ဒေါသအမျက်နှင့် ငေါက်ငန်းပြီး မေးမိသော ဘုရင်မင်းမြတ်မှာ တဘက်သို့ မျက်နှာလွှဲ၍ ပြုံးတာ အတွင်းတော်သို့ ဝင်တော်မူလေ၏။ ။

အရှင့်မျက်နှာသာလျှင်

တနေ့ဘဲ့ ဘုရင်မင်းမြတ်သည် ခရမ်းချဉ်သီး ဟင်းနှင့် ပဲတော်တည်နေထုက အပါးတွင် ခစားနေသော စကားတောင်စား အမတ်အား-

"ခရမ်းချဉ်သီးဟင်းနဲ့ ပဲတော်တည်ရအာ ဖုရသာရှိလိုက်ပါဘိ"

"မှန်လှပါ။ ခရမ်းချဉ်သီးဟာ အလွန် အရသာရှိပါတယ် ဘုရား။ ဓာတ်လေးပါ။ ညှစ်တ်မျှတစေပါတယ်ဘုရား။ အဲဒါကြောင့် ပွဲတော်တည်ဖို့ကောင်းပါတယ်ဘုရား"

စကားတောင်စားအမတ်ဟာ အလိုက်သင့် လျှောက်ထားပါ၏။

သို့ထူတွင် နောက်တနေ့၌ ဘုရင်မင်းမြတ်သည် စကားတောင်စား အမတ်ကြီးအား အပါးတော်သို့ ခေါ်တော်မူ၍-

"ခရမ်းချဉ်သီးဟာ လေနာထသလား အမတ်ကြီး၊ ကိုယ်တော်ရှင်မြတ် အခု လေနာထနေပြီ"

"မှန်လှပါ။ ခရမ်းချဉ်သီးဟာ လေနာရင်နာ ထတတ်တဲ့ အသီးဖြစ်လို့ ပွဲတော်တည်ရန် မသင့်ပါဘုရား။ လေစာသက်သက် ဖြစ်ကြေင်းပါ"

ထိုအခါ ဘုရင်မင်းမြတ်သည်-

"သယ်....ခုဘမျိုး ခုဘမျိုးပါဟာလား။ မနေ့တုန်းတတော့ ခရမ်းချဉ်သီးဟာ အစာကြေတယ်၊ ဓာတ်လေးပါ။ ညှစ်တယ်၊ ပွဲတော်တည်ဖို့ကောင်းတယ် တင်လျှောက်ခဲ့တယ်။ အခုတော့ ခရမ်းချဉ်သီးဟာ ပွဲတော်တည်ဖို့ မသင့်ဘူးဖြစ်ပြန်ပြီ၊ မောင်းမင်း လျှောက်တင်စကား ရှေ့နောက် မညီပါကလား"

စကားတောင်စား အမတ်ကြီးက ဤသို့ပြန်လျှောက်ထင်၏။

"မှန်လှပါ၊ ကျန်တော်မျိုးဟာ ခရမ်းချဉ်သီးက သူကောင်းပြုထားသူမဟုတ်ပါ၊ ဘုန်းတော်ကြီးလှသောဘုရား သူခတောင်းပြုထားတဲ့ ကျွန်းတော်မျိုး ကျန်တော်မျိုးဆာ ဖြစ်တဲ့အတွက်

ခရမ်းချဉ်သီးရဲ့ အလိုကိုလိုက်ပြီး မတင်နိုင်ပါဘုရား၊ အရှင်မင်း မြတ်ရဲ့ ဘုန်အာဉ်မို့ ဆရှင့်အလိုကိုလိုက်ပြီး တင်ရကြောင်းပါ ဘုရား''

စကားဆုံးလျှင် ဘုရင်မင်းမြတ် ပြုံးတော်မူ၍ အတွင်းတော် သို့ ဝင်၏။

ကြိမ်ဒဏ်ပြင်းသောကြောင့်

တရံသောအခါတွင် ဆောဝတီမြစ်ရေ များစွာတိုးလာသော ကြောင့် အင်းဝမြို့တွင်းရှိ လူနေအိမ် စေးဆိုင်ကန္ဒားများပါ ရေနစ်မြုပ်ကြောင်းကို ဘုရင်မင်းမြတ် ကြားတော်မူသောအခါ စကားတောင်စားအမတ်ကို ရွှေတော်သို့ ခေါ်တော်မူပြီးလျှင်-

''မြစ်ရေဖျက်ဆီးသဖြင့် အများပြည်သူတို့ ဥစ္စာစီးပွား ပျက်ပြားကြသည်ကို ငါကိုယ်ထော် ထရုဏာသက်တော်မူသည်။ ထို့ကြောင့် ဆောဝတီမြစ်ရေ တိုးတက်မှု ရပ်တန့်ရမည့်အကြောင်း ငါမင်းတရားဖြစ်၏ အမိန့်တော်ပြန်ရမည်''

စကားတောင်စားအမတ်သည် ဘုရင်မင်းမြတ် အမိန့်တော် အတိုင်း မြစ်ကမ်းပါးသို့ သွားရောက်ကာ အမိန့်တော်ပြန်သော်လည်း နောက်ဘာနှတ္တင် မြစ်ရေသည် ထပ်မံ၍ လေးဆစ်တက် လာ၏။ သို့အတွက် စကားတောင်စားအမတ် အခစားဝင်လာ ထောအခါ-

''မောင်မင်းသည် မနေ့က အမိန့်ဆော်ပြန်ခဲ့ပါလျက် ဘယ် အတွက်ကြောင့် မြစ်ရေတက်လာရသလဲ''

"ဓနုန်လှပါ၊ မနေ့က ကျွန်တော်မျိုး အမိန့်တော်ပြန်ပြီး နေ့ခင်း အမိန့်တော်ကို မနှစ်ခံမည့်စိုးရှိ ထွေဒင်း အချက်များ စုဆောင်းခဲ့သည့်အတွက် ထော့ဝတီမြစ်ရေသည် ထွေဒင်းကြောင့် ပူးထောင်ခြင်းဖြစ်ပါသည်၊ နှက်ဖြန်တွင်းကား အထောင်လျော့တန် ထုပါစေသည် ဘုရား"

စကားတောင်စား အတော်ကြီးသည် ဤကဲ့သို့ အကြောင်းပြ လွှမရှိ အကြောင်းရှာပြီး ထင်လျှောက်လိုက်လေ၏။

စကားတောင်စားနှင့် ကျောက်ပုံသား

လောက်တိုနှင့် ညည်းတို့မှာ ရွှစ်စပ်က ဂျင်ခြေလည်သူများ ဖြစ်ကြပါသည်။ ခေပက်မဝင်အောင် ဝတ္ထုသာဓကဖြင့်တန်ည်း၊ ဥပဒေကြောင်းဖြင့်တန်ည်း၊ ခြောက်လှန့်ပြီး ငွေ ၁၂ပြည်ကို ယူလိုက်သေးအခါ မည်သို့မျှ မထတ်နိုင်ကြတော့ချေ။ စကား တောင်စား တောင်းသားကို ပေးလိုက်ကြရလေ၏။

စကားအရာ ဇွဲစပ်သူများ၊ စကားပြော ကောင်းသူများကို စကားတောင်စားဟု ခေါ်လေ့ရှိကြသည့်အတိုင်း စကားခပြော ကောင်းသော ကျောက်ပုံရွာသား အချို့ကိုလည်း စကား တောင်စား အမည်ပေးထား မှတ်သားလောက်သော စကား အချို့ကို တင်ဆက်လိုက်ပါသည်။

ကျောက်ပုံရွာမှာ ကျောက်ပန်းတောင်းနှင့် သာစည်ရွာ လမ်းတွင် တည်ရှိသော စခန်းဖြစ်လေသည်။ ထိုနေရာတွင် ဖြတ်ကူးရန် အလွန်ခက်ခဲသော ကျောက်ပုံချောင်းရှိပါသည်။ ထို ကျောက်ပုံချောင်းကို အစဲ့ပြုကာ ထိုစခန်းကို ကျောက်ပုံစခန်း ကျောက်ပုံရွာဟု ခေါ်ကြပါသည်။

ရှေးတုတည်းက တည်ရှိခဲ့သော ကျောက်ပုံစခန်းမှာ သွား ရေးလာရေး ဖြောင့်ဖြူးလှယ်ကူသော တံတားကြီးတခု တည် ဆောက်ပြီးသွားသော နောက်ပိုင်းတွင်လည်း ဆက်လက်တည်ရှိ နေပါသည်။ အနီးအနား တောတောင်များမှ ပစ်ခတ်ဖမ်းဆီးရ

ရသော တောဆတ္တ၀ါမျိုးကို ချက်ပြုတ်ကြော်လှော် ရောင်းချသည့်အတွက် ကားအမျိုးအပြားရပ်နားသည်။

အနယ်နယ်အရပ်ရပ်မှ လူပေါင်းစုံနှင့် ထိတွေ့ဆက်ဆံရသော ကြောင့် အကြားအမြင် ဗဟုသုတများပြားကြသည်။ စကားအပြောအဆို ပိုင်နိုင်ချက်ချခကြသည်။

ယခု ကျောက်ပုံသူကျောက်ပုံသား စကားတောင်စားအချို့၏ စကားများကို နားဆင်ကြည့်ကြပါဦး။

ကောင်းပေ့မျက်စဉ်း

ကျောက်ပုံစခန်းတွင်ရှိသော ဆိုင်များသည် အနယ်နယ်အရပ်ရပ်မှ လူများနှင့် ဒေသခံလူများ ရောနှောနေကြ၏။ သို့ဆိုတွင် ချင်စဖွယ်စည်းလုံးစွာ ရှိကြသည်။ ညီညွတ်ကြသည်။

ယခု ပုပ္ပားဘက်မှရောက်လာပြီး ကြဲရောင်းသော ရွှေပုပ္ပား ကွယ်လွန်သောကြောင့်တစ်တစေ့ ရောက်လာကြသည်။ စကားတပြောပြောနှင့် အခိုန်ဖြုန်းကြသည်။ ညှဉ်နက်သော အခါ ဖြူဖွေးနေသည့် သျှောင်ထုံး သေးသေးတေးလေးနှင့် လူကြီးကဦးစွာပြန်ရန် ပြင်သဖြင့် အတူလာကြသူများက တားကြသည်။

"နေပါဦး အဘရဲ့၊ စောပါသေးတယ်"

"မစောတော့ဘူးကွ၊ မျက်လုံးကသိတယ်၊ နန္တင်းရွာတုန်းမှာ မျက်နှာမြင်တဲ့ မီးနေသည်မျက်နှာမျိုးနဲ့ မီးရောင်အောက်မှာ ဆိုတော့ ပိုပြီးအိပ်ချင်နေပြီကွဲ့"

ဘက်ထရီ အားနည်းနည်းနှင့် ထွန်းထားသော မီးပွင့်က သေးထေးတလေးဖြစ်သည့်ထုတ့် ဝါထိန်မှု အားနည်းသော မီးနေသည်၏ မျက်နှာနှင့် နှိုင်းလိုက်ရာ အိပ်ချင်သူများမှာ ပြုံးစေ့စေ့ဖြစ်သွားကြလေ၏။

ထိုလူကြီးဆည် တောင်ဂေးကို ကောက်ယူယင်၊ ဆက်ပြောသေး၏။

"အိပ်ရေးပျက်တာလည်း သုံးလေးညရှိပြီကွဲ့၊ မျက်လုံးလည်း ဖန်တွတ်နေပြီ၊ ဖန်ခါးသီးထောင်းပြီး ခတ်ထားသလား မူတ်ရဟေ့"

ပြောပြောဆိုဆို အသုဘအိမ်ပေါ်မှ ဆင်းလာရာ အသုဘရှင်လာသူများမှာ ပြုံးရယ်ပြီး ကျန်ရစ်ခဲ့ကြလေ၏။

ကောင်းပုံအကြောင်းစုံ

အသုဘ ရက်လည်ဆွမ်း သွတ်သောအခါ ဘုန်းတော်ကြီးများကို ဆွမ်းဇလုပ်လှူဒါန်းပြီး တရားနာသည်။ ချက်ပြုတ် လုပ်ကိုင်သူများသည်ဆွမ်းကျန်ဟင်းကျန်များကို ဝိုင်းဖွဲ့စားသောက်ကြသည်။

ထိုရက်လည်ဆွမ်းသွတ်အတွက် ရေတာဝန်ယူရသူမှာ နောက်ဆုံးကျမှ ခွေးတလုံးလုံးနှင့် လျှောက်လာပြီး ထမင်းစားသည်။ အသုဘရှင်သည် အများထက်ပင်ပန်းသော ထိုသူကိုသတိပြုမိသည်၊ ထို့ကြောင့် ထိုသူ အားရပါးရ စားသည်ကို ကြည်နူးစွာ ကြည့်နေခဲ့သည်။

ထိုသူ ထမင်းစားပြီးချိန်တွင် စေတနစထားကြောင်း ပေါ်လွင်စေလိုသောကြောင့် လှမ်းမေးလိုက်၏။

"ထမင်းစားလို့ ဝရဲ့လား၊ ထမင်းစားလို့ကော ကောင်းရဲ့လား"

ထိုသူသည် ပြောင်တင်းနေသော ဝမ်းဗိုက်ကိုငုံ့ကြည့်ပြီး-

"ဝပုံတော့ မဝပြောနဲ့၊ ငါးဆီပူ လင်နေမှားသလားမှတ်ရ"

"စားလို့ကော ကောင်းရဲ့လား"

"ထမင်းစားလို့ ကောင်းပုံမျှားတော့ ငယ်ထိမ်းကို တင်းဘုတ်နဲ့ ထုလိုက်သလားမှတ်ရတယ်၊ မေ့ကိုသွားတာပဲ"

ရေသမား၏ ဖြေသံအဆုံးတွင် တည်းညှိုးတမှိုင်မှိုင် ဖြစ်နေခဲ့သော အသုဘရှင်မှာ အားရပါးရ ရယ်လိုက်မိလေ၏။ ထိုအပြုံးကို ကြားလိုက်ရသူတိုင်းလည်း ဟန်လုပ်မနေနိုင် ရယ်မောကြရလေသည်။



ကောင်းလေစွ လှလေစွ

သျှောင်ဖြူဦးကြီး ပြန်သောအခါ လူကြီးနှစ်ယောက်လည်း လိုက်ပါလာကြလေ၏။ သုံးလေးလှမ်းမျှ လှမ်းမိသောအခါ ထိုဦးကြီးက သူ နေခက်မှု ပါလာသူများကို လှမ်းမေး၏။

"မောင်ပပွဲးရဲ့ အလောင်းကိုမြင်တော့ မင်းတို့ကော သေချင်စိတ် ပေါ်မလာတူးလား"

"ကတ်သီးကတ်သတ်ဗျာ"

တယောက်က ထိတ်လန့်စွာပြောခဲ့၏။

တယေခက်ကသည်း "ခင်ဗျားသေပါလား" ဟု အကြံပေး၏။ ထိုသို့အကြံပေးပြီးမှ-

"ဘာပြုလို့ မတော်မတည့်စေချင်းတွေ ပြေစရတာလဲ"

"မင်းတို့ဟာ အတော် နမော်နမဲ့ နှိုင်ကြသေးတာပဲ၊ ဒေါင်ပုပွားရဲ့ အလောင်းကို ပြင်ထားလိုက်ကြတာ မင်းသားကလေး ကျနေတာပဲ၊ မသာနဲ့မတူပဲ နတ်သားလေးနဲ့ တူနေတယ်ဟော့၊ သူ့လိုသာလှလှကလေး ပြင်ပေးမယ်ဆိုယင် မင်းတို့လည်း သေဖို့ ကောင်းပါတယ်ကွာ"

အဘူပါလာသူ နှစ်ယောက်မှာ ရယ်ရအောက် စိတ်ဆိုးရအောက်နှင့် ကသိကအောက် ဖြစ်သွားကြလေ၏။

ကြီးပွားချမ်းသာရေး

တားတစင်း ထိုးဆိုက်လိုက်တိုင်း ကားဘေးနှစ်ဘက်သို့ ဈေးသည်များ ဝိုင်းအုံလာကြ၏။ ကြက်သွန်လုံးကြော်၊ ကြက်ကြော်၊ အမဲကြော်၊ ဝက်အူချောင်း၊ မုန့်မျိုးစုံ၊ ဆီးသီး၊ ပြောင်းဖူး၊ သနပ်ခါးတုံး၊ ဆီထမင်း၊ ဆေးလိပ်၊ ကွမ်းယာ၊ မြေပဲစသည်ဖြင့် ဆူညံစွာ ဆောက်ကြ၏။

ဈေးသည်များမှာ အလွန်စုံသည်။ ယောကျ်ားကြီး မိန်းမကြီးတွေ၊ ယောကျ်ားပျိုကလေးတွေ မိန်းမပျိုကလေးတွေနှင့် လေးငါးခြောက်နှစ်ရွယ် ကလေးတွေပင် ပါဝင်၏။ ခရီးသည်များသည် လိုချင်သောပစ္စည်းကို ကားပေါ်မှလှမ်းပြီးဝယ်ကြ၏။

မိန်းမပျိုတစ်မျှမမူ ကားပေါ်မှဆင်းကာ သနပ်ခါးတုံးရောင်းသော လူငယ်ကို ဝိုင်းအုံနေကြ၏။

တယောက် တခွန်း စကားဆစ်သံမှာ ညံနေ၏။ တချက်တချက်လည်း ရယ်မောလိုက်ကြသေးသည်။ သနပ်ခါးတုံးတွေကို ဆပျိုးမျိုးစုံးချယ်ပြီး အနည်းငယ်သာ ဝယ်ကြသည်။

ထိုမိန်းမပျိုများ ပါဝင်သောကား ထွက်သွားလျှင် အသက် ငါးဆယ်ခွဲယ် အဘွားအိုတယောက်သည် ဆီးသီးဗန်းကို ခွက်လျက် သနပ်ခါးတုံးသည်ထံ ရောက်လာ၏။ လျှောသွားသော သနပ်ခါးတုံးနှင့် ငုလိုက်သောပိုက်ဆံကို စစ်ဆေး၏။ ပိုက်ဆံအရေအတွက်ကြောင့် အဘွားအို မကျေနပ်။

"ငါရောင်းယင် အစိတ်လောက်ရနိုင်တဲ့ဟာကို နှင်ရောင်းလို့ နှစ်ဆယ်တည်းရတာ၊ နှင့် နုံပုံ ဆပုံနဲ့ဆိုယင် သျှောင်ကို မီးထွန်းပြီး မှောင်စေတော့ငင် မကြီးပွားဘူးဟဲ့ သိလား"

ထိုအခါ သနပ်ခါးတုံးသည်က....

"တယ် ကြီးပွားမလဲဗျ၊ သျှောင်က မီးထွန်းလို့မှ မရတာပဲ"

အဘွားအိုမှာဆဲဆိုနေထော်လည်း အမြားစေ့းသည်များမှာ ကဲ့ရယ်သံဖြင့် ရယ်မောနေကြရလေသည်။

ကြိတ်ဆုံဝိုရမည်

ကျောက်ပုံစခန်း၏အနီးအနားဝန်းကျင်တွင် ထန်းရည်များ၊ တေဇအရက်များ ရဘတ်သည်ကို ငင်းသမ်းနှင့် ရင်းနှီးသော ခရီးသည်များနှင့် ကစားသမားများပါ သိကြ၏။ သို့ဆိုတွင် ဘခါတရံ အပြောအဆို အတိုင်အတန်းရှိပါက အဖမ်းအဆီးများလည်း ရှိတတ်၏။

ငင်းကဲ့သို့ အဖမ်းအဆီးခံရပြီးစ ရက်တရက်တွင် ထောင်နှားထပ်ရပ်စွာ ဝတ်ထားသော လူတစုသည် ဒိုင်နာ ကားဆစ် ကလေးဘာင်းနှင့် ရောက်လာကြကာ ထန်းရည်စုံစမ်းကြသည်။ သူတို့၏ ဆွင်ပြင်ကိုကြည့်ပြီး လူကြီးတွေ ထင်သည့်အတွက် မည်သူကမျှ လမ်းမပြကြပေ။

နောက်ဆုံးတွင် နေကာမျက်မှန် အကောင်းစား တပ်ထား သော လူငယ်တယောက်သည် အမဲကြော်ဆောင်းသော လူကြီး တယောက်၏ဘေးသို့ ချဉ်းကပ်လာပြီးလျှင်....

"ကျွန်တော်တို့ လူကြီးတွေ မဟုတ်ပါဘူးဗျာ၊ ရုန်ကုန်က ဧည့်သည်တွေကို ထန်းရည်တိုက်ချင်လို့ပါ"

"တပြန့်နေက အဖမ်းခံရတာနဲ့ ရောင်းတဲ့လူ ရှိတော့ဘူး ဆရာလေး"

"ကျွန်တော်တို့ လူကြီးတွေ မဟုတ်ပါဘူးဗျာ"

"သိပါတယ် မရောင်းကြလို့ပါ"

"မရောင်းကြဘူးသာဆိုတယ် ဦးလေးပါးစပ်က နံသလိုလို ပါကလား"

"ဧည့်သည်ကြီး ဖြစ်ပါလိမ့်မယ်"

"ပိုက်ဆံ ပိုပေးပါမယ်ဗျာ၊ တမြူလေးက်ရထင် တော်ပါ့ဗြို့"

"ဟိုဘက်ကုန်းများ ရှိမလား မသိဘူးဆရာလေး၊ ဒီနားတော့ မရှိဘူးဗျ"

လူငယ်သည် စေ့းသည်ကြီး လှမ်းခေါ်ကြည့်သော တံတား ဟိုဘက်သို့ သွားရန် ကားပေါ်သို့ ပြန်တက်သွားလေ၏။ လူငယ် ရှိစဉ်က ခပ်ဝေးဝေးသို့ခွာပြီး နေခဲ့သူများသည် လူငယ်ထွက် သွားမှ စုရုံးလာကာ စုံစမ်းကြ၏။

စေ့းသည်ကြီးက ဇာတ်စုံခင်းပြပြီးနောက် ကြုံးဝါးလိုက် ပုံမှာ...

"ကျောက်ပုံသားကို ဒီလိုညှစ်လို့ ဘယ်ရမလဲကွာ၊ လမ်း ကြိတ်စက်နဲ့ကြိတ်ပြီး ညှစ်ယင်ပေးခဲ့ သံတုံးကြီး ငိုသွားရမယ် ဟင်း" ဟု ဖြစ်၏။

စေ့းသည်များမှာ ဝါးကနဲ ရယ်မောလိုက်ကြလေသည်။

ကြမ်းပုံကြမ်းပုံ

"ရှင်ဝတ်ဖို့ လုံချည်ဝယ်လာတယ်၊ အဖိုးစား နှားလည်းသင့် အသားအနာလည်း ကောင်းတာနဲ့"

မြို့ဈေးမှ ပြန်လာဟန်တူသော အိမ်ရှင်မသည် ဈေးတောင်းကို ခုတင်ပေါ်တင်ယင်း လက်ဖက်ရည်ဆိုင်ရှင် ယောကျ်ားအား ကျ်ားကြီးလုံချည်တကည် လှမ်းပေးသည်။

ယောကျ်ားသည် လုံချည်ကိုကိုင်ကြည့်ပြီး ခုတင်ပေါ်သို့ ပစ်တင်လိုက်ကာ စိတ်ဆိုးမာန်ဆိုး အော်၏။

"ဒါလား အသားကောင်းတာ၊ ကြမ်းလိုက်တဲ့ အသားထန်းပင်က ထန်းစစ်ကြောကို ပုဆိုးချုပ်ဝတီတာကမှ သူ့ထက် ချောဦးမယ်"

ဆိုင်ထဲတွင် လက်ဖက်ရည်ဆာက်နေသူများမှာ ဆိုင်ရှင်၏ အပြောကြောင့် တခဲမှဲဖြစ်သွားကြ၍ အိမ်ရှင်မမှာမူ နှုတ်ခမ်းစူပြီး မျက်စောင်းထိုးနေလေတော့သည်။

စားအိုးကြီးသောအလုပ်

ပခုံးထမ်း ကြံရည်ကြိတ်တုံးနှင့် ကြံရည်ချောင်းသူသည် ကခုံးကစင်း ထွက်သွားသောကြောင့် အမောအပန်း ဖြေယင်း ဆေးလိပ်သောက်နေစဉ် အနီးအနား ရွာထရွာမှ လူကစုသည် ခြေကျွင်လျှောက်လာရာက ထိုစခန်းကို ဖြတ်ထန်းသွားကြ၏။ ထိုလူအုပ်ထဲမှ လူတယောက်သည် ကြံရည်ထည်ကြီးကို မြင်ဆေ အခါ လူအုပ်ထဲမှ ထွက်လစကာ နှုတိဆက်၏။

ကြုံရည်သည်ကြီးက ယခုလိုတွေ့ရတာ ဝမ်းသာစရာပဲ။ ရွာဘက်သို့ မဆွောက်တာကြာပြီ၊ ဘယ်သူတွေ နေကောင်းကြလား၊ ဘယ်ဝါတွေ့ နေကောင်းကြလားစသည်ဖြင့် အရှည်ကြီး အားရပါးရ မေးသည်၊ ခရီးသည် ရှာသားကြီးသည် မိတ်ဆွေမေးသမျှကို စိတ်ရှည်လက်ရှည် ပြေပြီးနေက ဤသို့မေး၏။

"ဆောင်းလိုဝယ်လို ကောင်းရဲ့လား"

"ပစ္စည်းကိရိယာတွေကို ကိုယ်ပိုင်ရှိယင်တော့ လုပ်ပျော်ပါတယ်ကွာ၊ အခုတော့ တနေ့တသယ်နဲ့ ငွေးရတာကွ"

"ဒီလိုကိုး"

"အေး....အဲဒီလိုပဲ၊ အဲဒီလိုလုပ်တာ မသရဲ့စား မအားရဲ့ နေဆိုတာနဲ့ ဘာမှမထူးဘူးဆိုပြီး မလုပ်ပဲနေတော့ စားအိုးကြီးသည်ထက် ကြီး ကြီးလာတာပဲ အဖတ်တင်တယ် ဟေ့၊ အဲဒါကြောင့် အလကားနေ အလကားပဲဆိုပြီး ထလုပ်ရတာ"

ကြုံရသ်သည်ကြီးက အရယ်အမောဖြင့် အဆုံးသတ်လိုက်သည့် အဘွက် မိတ်ဆွေကြီးလည်း ဆောနှောရယ်မောနေရလေ၏။

စိန်ဟင်း စိန်ကမင်း

ဤစာခန်းတွင် ခရီးသည်တင်ကားများ၊ ကုန်တင်ဏားများသာ ရပ်နားခြင်း မဟုတ်ချေ။ နွားလှည်းများလည်း ဝင်ဆောက် ရပ်နားတတ်၏။ သို့ဆိုတွင် တောဖြစ်သော်လည်း နွားလှည်း အလာနည်းသည်။ နွားလှည်းမှလူများ လက်ဖက်ရည်သောက် တတ်သော်လည်း ထမင်းစားသူ မရှိသလောက်ပင်။

သို့ရာတွင် တခါ၌ လှည်းဆရာသုံးယောက်သည် ထမင်းဆိုင်တဆိုင်ရှေ့သို့ ဝင်ရောက်ပြီး ထမင်းဝယ်စားကြ၏။ ထမင်းစားပြီး၍ ကျသင့်ငွေကို မေးရာ တဆယ့်ငါးကျပ်ဟု ဆိုသည်။

"မျှားလှချေကလား"

"မမျှားပါဘူးရှင်၊ ထမင်းတပွဲ သုံးကျပ် လိုက်ပွဲဈေး တပွဲ ငါးမူး၊ စုစုပေါင်း လိုက်ပွဲ ၁၂ ပွဲပါ၊ ဟင်းတပန်းကန်ဖိုး မယူပဲ ထားပါသေးတယ်"

ထမင်းသည်ကလေးက ဆာယာ ခြင်စရာ ရှင်းပြသည်။ အိတ်ထဲလက်နှိုက်နေသော လှည်းသမားကြီးမှာ နားမဝင်ပေး မျှားသည် ဈေးကြီးသည်ဟုပင် ထင်နေသည့်အတွက်....

"ဆရာလေးမရယ် မင့်အသံကလေးကတော့ ဗေလုဝနတ်စောင်းသံလို သာယာပါကွယ်၊ မင့် ထမင်းဟင်းကတော့ ဆန်နဲ့သားငါးအသီးအရွက် ဟုတ်မယ်မထင်ပါဘူးကွယ်"

လှည်းဆရာကြီး၏စကားကို မည်ကဲ့သို့ ဖြေရှင်းရမည် မသိသောကြောင့် ထမင်းသည်ကလေးမှာ ပါးစပ်ဟ နေရရှာ၏။ ထို့နောက် လှည်းဆရာကြီး၏ နောက်ဆက်တွဲ စကားကိုကြား ရမှ ရယ်မောနိုင်လေ၏။

လှည်းဆရာကြီး၏ နောက်ဆက်တွဲစကားမှာ....

"ဒါလောက် ဈေးကြီးပုံထောက်တော့ စိန်တွေ ကျောက်သံပတ္တမြားတွေကို ချက်ထားတာ ထင်ပါကွယ်"ဟု ဖြစ်လေ၏။

တမျိုးပြီးတမျိုး

မြို့ပေါ်သို့ အဘွားအလာ အကူးအသန်း နည်းပါးဟန် တူသော လူတစုသည် ကားစောင့်စီးရန်အတွက် ဤစခန်းသို့ ရောက်လာကြ၏။ သူတို့ဆည် လက်ဖက်ရည်ဆိုင်တွင် ဝင်ထိုင်ယင်း ကားကိုစုံစမ်းကြ၏။

"ကားတွေ ရှိပါတယ်ဗျာ၊ များလည်းများပါတယ်၊ ဒီလမ်းပေါ်မှာ ရွှတ်ကနဲ ရွှတ်ကနဲ ဖြတ်ဖြတ်သွားတဲ့ ကားတွေဟာ ဘယ်လောက်တောင် များလဲဆိုယင် စက်သေနတ်ထဲက ကျည်ဆန်တွေ ထွက်လာသလား မှတ်ရတယ်"

သို့ရာတွင် ခရီးသည်များသည် စိတ်မအေးသေးပါ။ တောင်းများ ပလုံးများနှင့် စုပုံတားသော တိုလိမိုလိမျိုးကို တချက် စောင်းကြည့်ပြီးမှ ဆက်လက်စုံစမ်းပြန်၏။

"ဒီဟာခတွေ တင်မယ့်ကားကော ပေါ်ရဲ့လား"

"တင်ပါ့မျာ တင်ပါ့၊ လွန်ခဲ့တဲ့ ၁၄-ဘုန်စ် အနှစ် ၂၀ လေခက်တုန်းကတော့ မန္တလေး မကွေးတားလဲရှား ရေနံချောင်းတား၊ ကျောက်ပန်းတောင်းတား၊ ချောက်ကားအား လုံးရှားတဲ့အဘွက် နို့ဆီပူးကလေးတလုံး လက်ထဲမှာ ကိုင်သွားတာတောင် မတင်ချင်ကြဘူး၊ အခုတော့"

"အခု ဘယ်လိုနဲ့လဲ"

"အမယ်လေး အခုများတော့ ရုပ်ရှင်ရုံကြီးတရုံလုံး ချွတ်ပြီးတင်ဦးမလား၊ မုန့်တိုင်ဆည်ကြီးကို မှုပြီး တင်ဦး မလား၊ လေပါ လာပါ တခေါခေါနဲ့"

အရောက်အပေါက်နည်းသော ခရီးသွားများမှာ ထိုအခါ ဘူင်မှ ပြုံးနိုင် ရယ်နိုင် ဖြစ်သွားကြလေသည်။

တီကောင်ဝမ်းသာစရာ

ဈေးသည်များထဲတွင် ဆီးသီးရောင်းသော အပျိုကြီးတဦးနှင့် ပုန်းရည်ကြီးထုပ် ပုန်းရည်ကြီးပူးများ ရောင်းသော မုဆိုးဖို တဦးတို့ ပါဝင်ကြသည်။ သူတို့နှစ်ဦးမှာ အရွယ်ချင်း မတိမ်း မယိမ်းဖြစ်သော်ကြောင့် ဈေးသည်ကလေးများက စ ကြဆဲသည်။ နောက်ကြ ပြောင်ကြသည်။

မုဆိုးဖိုကြီးကို စသောအခါ ရယ်စာ မောစာဖြင့် "စဉ်းစားပါရစေဦး အခုလား" ဟု ပြောသည်။ ထိုအခါ စသော ဈေးသည်များတ အပျိုကြီးထံပြုံးသွားစာ "ဟောဒီလိုပြနေကယ် အပျိုကြီးကကော ဘယ်လိုလဲ" ဟု မေးကြပြန်၏။

အပျိုကြီးမှာ ရှက်လည်းရှက်၊ စိတ်လည်း ဆိုးသည့် အတွက် ဒေါသတကြီး ရှက်ရမ်းရမ်းပြီး ပြောလိုက်ပုံမှာ—

"ဒီလိုလူမျိုးကို ယူမယ့်အစား သောခါမူပဲ တီကောင်ကို ပေါင်းတော့မယ်ဟေ့" ဟူ၍တည်း။

ဈေးသည်ကလေးများမှာ ရယ်စရာ မောစရာ အသစ် တွေ့သွားထဖြင့် ရယ်မောမဆုံး ရှိကြလေ၏။

ဒူးရင်းသီးရယ် ချစ်လို့ပါ

ဆီထမင်းသည် ကလေးကလည်း ပေါ်ချာချာ၊ ထမင်းဆိုင်မှ အလုပ်သမားကြီးကလည်း ပေါ်တောတောမို့ ဆိုင်နီးချင်းများက သူတို့ချင်း နီးစပ်စေလိုသော စေတနာဖြင့် မထိတထိ နောက်ပြောင်ကြသည်။

ဆီထမင်းသည်ကလေးမှာ ခပ်ပေါ်ပေါ် ဖြစ်သော်လည်း အလုပ်သမား၏ နှုတ်ခမ်းနှင့် မေးစေ့တွင် ထိုးထိုးထောင်ထောင် ပေါက်နေသော အမွေးများကို သတိပြုမိသည်။ ထို့ကြောင့် မဲ့ရွဲ့ပြီး—

"သူ့ကို လင်လုပ်မယ့်အတူတူ ဒူးရင်းသီးပေါ် မျက်နှာအပ်ပြီး မွှေက်လျက် လဲလိုက်တာကမှ တော်လိမ့်ဦးမယ်"

ဆိုင်နီးချင်းများမှာ "ဒီလိုတော့လည်း နင်ကပြောတတ်သားပဲ" ဆိုကာ အားရပါးရ ရယ်မောနေကြလေ၏။

● ● ●

ပပဝတီက မမဟုတ်ဝေါ်

ဤဝခန်းတွင် ရှိသူများ အားလုံးသည် စေ့းသည်ချည်း မဟုတ်ပေ။ ယောင်ခြောက်ဆယ်သမားမျဉ်းလည်း ရှိကြသည်။ ကားလိုက်သူ လိုလို၊ ကွမ်းယာစီးကရက် ရောင်းသူလိုလို ထင်ရသော်လည်း ဘာမျှလုပ်သူများ မဟုတ်ကြ၍။

ယောင်ခြောက်ဆယ်သမားတစု လက်ဖက်ရည်ဆိုင်တွင် ထိုင်ပြီး လေကောင်းနေကြစဉ် ခရီးသည်တင်ကားတစင်း ဆိုက်လာသည်။ စာရေးပေါ်မှဆင်းလာပြီး နောက်ဖေး နောက်ပိ ဝင်သူ

မျှား၊ ဝယ်ခြမ်း စားဆောက်သူမျှားထဲတွင် ထူးထူး ခြားခြား လှသော မိန်းစလေးတယောက် ပါဝင်သည်။

ယောင်ခြောက်ဆယ်သမား မျှားမှာ စစားပြေစရန် မေ့သွား ကြပြီး ထိုမိန်းစလေးကိုသာ မျက်စတောင်မခတ်ပဲ ငေးကြည့်နေ မိကြသည်။ ကားထွက်သွားမှသာ လှုပ်ရှားလာကြသည်။

"ရိုးရိုးကလေးနဲ့ လှတယ်ကွာ"

"ဆေးကွာ တော်တော်လှတာပဲကွ"

"လှမှာပေါ့ကွာ.... သိကြားမင်းရဲ့ သမီးကို ရွေးချထားတာပဲ လှရောပေါ့"

ဝင်ဆောက်ပြောလိုက်သူမှာ လက်ဖက်ရည်ဖျော်သော ဦးကြီး ဖြစ်၏။ အကြမ်းအိုးမျှား တအိုးပြီးတအိုး ပေးနေရထောကြောင့် ဝင်ပြီး "တော" လိုက်ခြင်း ဖြစ်ဆောသည်။ ကြားရသူကိုင်း တဟားဟား ရယ်မောနေကြလေ၏။

ပဲရက်စ်ဒေ ကွေးလျား

ကားတစင်းသည် ဆိုက်လာပြီးနောက် တနာရီပျှ ကြာသွား သော်လည်း ဝရိုးမဆက်နိုင်သေးချေ။ စက်ကို မှမ်းမံခြင်း၊ ဘီး နှင့် လေးကိုပြင်ဆင်ခြင်း ပြုနေရသဖြင့် ကြန့်ကြာနေသည်။ ခရီး သည်မျှားမှာ ကားပေါ်တွင် ငိုက်သူငိုက်၊ အိပ်သူအိပ်၊ ဆား စက်ကို နှာမလည်ပဲ အုံပြီး ကြည့်သူကြည့်၊ လမ်းလျှောက်သူ လျှောက်၊ နီးရာဆိုင်ထဲ ဝင်ထိုင်သူ ထိုင် နေကြဆဲ၊

အနေခက်ပိုင်းရှိ တဲတတဲအတွင်းမှ ဝါးကန်နဲ့ ဝါးကန် ရယ်ဓမဿများ ပေါ်လာသည်။ စကားပြောသံများလည်း ဆူညံနေသည်။ ထို့ကြောင့် ထိုတဲထဲတွင် အရက်ဝိုင်းသော် လည်းကောင်း၊ ထန်းရည်ဝိုင်းသော်လည်းကောင်း ဖြစ်နေပြီဟု သိကြသည်။

မကြာမီ ဆိုင်ထဲမှ လူနှစ်ယောက် လုံးထွေးသတ်ပုတ်လျက် ထိုင်ပြင်သို့ လွှင့်ထုတ်လာကြသည်။ လူ ချင်း ကွဲ သွားလျှင် တယောက်က တုတ်ကိုပြေးဆွဲ၍ တယောက်က ဓားကိုပြေးဆွဲသည်။ သို့ရာတွင် မခုတ်မရိုက်ပဲ မကြားဝံ့အနာသာတွေကို ဆဲဆို နေကြသည်။

ထိုအခါ ဇားအန်း လက်ဖက်ရည်ဆိုင်ထဲတွင် ထိုင်နေသော သားသားနှားနှား လူကြီးတယောက်မှာမနေသာတော့ပဲ "ကြားမကောင်း နာမှကောင်း ဆဲဆိုနေတာ ဒီလိုပဲကြည့်နေကြတာကိုး ငယ်ခက်တာပဲ" ဆိုကာ ထိုင်ရာမှထသည်။

ဤတွင် ဆိုင်ရှင်ထ စိုးရိမ်သံဖြင့်တားသည်။

"ဆရာကြီး ဆရာကြီး၊ သူတို့ထဲသွားပြီး ပဲရက်စ်ဒေကွေးလျား မလုပ်နဲ့၊ ဆရာကြီးခေါင်းကို ရိုက်ခွဲထားလို့ သမံတလင်းပေါ် လွှတ်ကျထားတဲ့ ကြက်ဥဖြစ်နေဦးမယ်"

အပြောခံရသူမှာ တွေဝေသွားပြီးမှ ပဲရက်စ်ဒေကွေးလျားမှာ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ကမ္ဘာ့ပြဿနာများကို လိုက်လံ ဖြေရှင်းဖြေပေးနေသော ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ကို ဆိုလိုကြောင်း သဘောပေါက်သွားသည့်အတွက် ပြုံးစိစိနှင့် ပြန်ထိုင်လိုက်ရတော့သည်။

ပေါင်းချောင်၏ ရှုပနိကာယ်

ကားတစင်း ဆိုက်လာတိုင်း ဆိုက်လာတိုင်း ဈေးသည်များ အပြေးအလွှား ရောက်ရှိလာကာ ဈားနောက်ပိုင်းနှင့် ဘေးနှစ်ဘက်မှ ဆောင်းဖွယ်များကို တစဒစာအော်ကြ၏။ အော်ယင်းလည်း မျက်လုံးလျင်လျင် ထားရ၏။ ခေါင်းထွက်လာသူ၊ လက်ထုတ်လာသူတဲ့ အမြန်ပြေးသွားရ၏။

ကားပေါ်တွင် ကျန်နေခဲ့သူကိုချည်း အာရုံကပ်၍မဖြစ်။ ကားအောက်သို့ ဆင်းလာသူများလည်း ဝယ်ချင် ဝယ်တတ်သည်။ သို့ရာတွင် အတန်ကြာသွားလျင် ကားဘေးတွင် တဦးစနှစ်ဦးစသာ တရုပ်ဝဲဝဲ ကျန်နေခဲ့သည်။ အခြားဈေးသည်များ ကား ဆရိပ်ကောင်းရာတွင် သွားခိုကြ၏။ တနေရာတွင်စုပြီး ရယ်မောနောက်ပြောင်နေကြ၏။

ကြက်ဥပြုတ်နှင့် အမဲခြောက်ရောင်းသော အပျို ပေါက်စလေး တယောကဲနှင့် မြေပဲပြုတ် မြေပဲဆားလှော်ရောင်းသော အပျို ပေါက်စလေးတယောက်သည် ကားနှင့်မနီးမဝေးတွင် ထိုင်စား တတ်ထိုးနေကြ၏။ ထိုစဉ်တွင် ကြက်ဥပြုတ်သည်တလေးသည် ကားဦးခန်းတွင် ထိုင်နေသူကို သတိထားမိ၏။

ထိုသူဆည် ခေါင်းတုံးဖြစ်သည်။ သို့ရာတွင် ဆံပင်များမှာ ရိတ်ချိန်တန်လျက် မရိတ်သေးကြောင့် ထိုးထိုးထောင်ထောင် ဖြစ်နေသည်းဏ္ဍဆံပင်များကိုထဘက်တထည်နှင့်ပတ်ထားသည်။

ကြက်ဥပြုတ်သည်မှာ ခေါင်းပေါင်း ပေါင်းထားသူများ များစွာကိုမြင်ဖူးထောကြောင့် မျက်စိ [illegible]နေပြီ။ ဤခေါင်း

ပေါင်း ပေါင်းထားပုံကား အတော်ခက်သည်။ ခေါင်းပေါင်း တာဘက်သည် ချေခင်ပြီးလျှောကျနေသည့်အတွက် အောက်သို့ လျှောကျနေသည်။

သို့ဖတ္တက် မြေပဲပြုတ်သည်ကို တိုးတိုးပြော၏။

"ဒရိုင်ဘာခန်းထဲက ဟိုလူကြီးရဲ့ခေါင်းပေါင်းကို ကြည့်ပါဦးဟဲ့၊ ရယ်စရာကြီး"

"အေးဟဲ့၊ သူ့ခေါင်းကြီးထဲ လေခက်စာလုံးလိုလုံးနေတော့ ပေါင်းချောင်ကို ခေါင်းပေါင်း ပေါင်းထားသလားမှတ်ရ"

ထိုသို့ပြောပြီး ကာယကံရှင်မကြားစေရန် ကျိတ်ပြီး ရယ်မောနေကြလေ၏။

ပျော့ပုံ အိပုံက

ယနေ့ ဤစခန်းမှ အစားအသောက်ဆိုင်များ ရတနာပုံဆိုက် သောနေ့ဖြစ်သည်။ ဈေးဝယ်ကားရော အဆင်းကားပါ များပြားသည်။ ထမင်းစားသူ လက်ဖက်ရည် သောက်သူလည်း များပြားသည်။ ထမင်းဆိုင်တိုင်းလိုလိုပင် ထမင်းဟင်း နှစ်ခါပြန် ချက်ကြရလေ၏။ ညနေငါးနာရီခန့်တွင် အားလုံးလက်မြှောက်ကာ ဆိုင်ပိတ်ကြတော့သည်။

"ဆန်ရှိပေမယ့် အသားငါး မပြည့်စုံဘူး"

"လူတွေ့ပင်ပန်းလှပြီ တော်ရောပေါ့"

သို့ရာတွင် လောဘကြီးစော ဆိုင်တဆိုင်မှာမူ ပေါက်ထေးပဲ ဖြစ်သလို ကြံဖန်ချက်ပြုတ်နေထည်။ ထိုအချိန်တွင် ဘုရားဖူး

ကားနှစ်စင်းဆောက်လာသည်။ လူတစ်ရာခန့်ရှိရာ ဟာဆိုင်တည်းသာ ကျန်တော့သော ထမင်းဆိုင်မှာ ရှိနှင့်သော ထမင်းဟင်းနှင့် မလုံလောက်သည့်အတွက် အပြေးအလွှား ချက်ပြုတ်ရလေသည်။

"မကျက်သေးဘူးလား၁၂၂၂

ပြာပျော်ငါးအကြောင်း

အထက်ပါ လေဘကြီးသော ဆိုင်ရှင်၏သားသည် မန္တလေးတွင် ဆရာဝန် အလုပ်နှင့် နေထုံ တနေ့တွင် ဤစာနှင့်သို့ ခရီးကြုံသဖြင့် ဝင်ရောက်လာလေ၏။ ဆိုင်နီးချင်းများမှာ ဝမ်းသာအားရ ပိုင်းအုံလာကြ၏။ မေးမြန်းသူက လေးငါးဆယ်ဖြေသူကတယောက်တည်းမို့ ဆရာဝန်အလေးမှာ ချာချာလည် နေရှာ၏။

ပရိသတ်စဲသွားလျှင် သားချင်းတော်စပ်သော မိန်းမကြီး တယောက်ဏ စတင်ပြီး အိမ်ထောင်ရေးစကားဆို၏။

"ရည်းစားသနာ မးတွေသေးယင် ကိုယ့်အရပ်သူပဲ ကိုယ်ပြန်ပြီးယူပါလား သားရယ်၊ ဓာတ်သိ နဘတ်ချင်ဆိုတော့ တောင်းတာပေါ့"

ထိုအခါ ဖခင်က ဝင်ပြော၏။

"ဒီအရပ်သူနဲ့ ပေးစားတော့ မိန်းကလေးက မန္တလေးကို လိုက်မှးလား။ အေး....နင့်ကောင်မလေးက မန္တလေးကို မလိုက်လို့ဆတော့ စိတ်မကူးနဲ့ နင့်သားက ဒီအရပ်မှာနေနိုင်မှာမဟုတ်ဘူး"

"ဟုတ်တယ်....ဟုတ်တယ်။ ငါးရံ့ကို ပြာထဲမှာ နေပါဆိုယင် နေလိမ့်ဦးမယ်၊ခင်ဗျားတို့သားကတော့ ဒီအရပ်မှာ ပျော်ထော့မှာ မဟုတ်ဘူး"

မိတ်ဆွေတယောက်က ဝင်ပြောလိုက်ရာ ဆရာဝန်ယာလေးမှာ ရှက်ကိုးရှက်စာနဲ့နှင့် ပြုံးရယ်နေမိလေ၏။

ပြောင်လက်အရောင်ထွက်

နံပါတ်ပင် မတပ်ရသေးဖေသာ မှန်တား အစစ်ကလေး တစင်းဆည် စနှိုးတွင် ဝင်ရောက် ရပ်နားသည်။ တဆိုင်ဝင် တဆိုင်ထွက်ဖြင့် ထုန်းရည်စုံးမ်းယင်း စနှိုးအစွန်သို့ ထွက်ခွာသွားကြလေ၏။

ကားရပ်ထားခဲ့သော လက်ဖက်ရည်ဆိုင်အတွင်း၌ ထိုင်နေသော ယောင်ခြောက်ဆယ် သမားများမှာ ကားကိုကြည့်ကာ ထင်မြင်ချက်အမျိုးမျိုး ပေးနေကြသည်။ တန်ကြေးကိုလည်း ခန့်မှန်းနေကြသည်။

ဂွမ်းစောင် မည်းမည်းညစ်ညစ်ကို ခေါင်းပေါင်းထားသော ဦးကြီးတယောက်ကမူ ဤသို့ မှတ်ချက်ချ၏။

"တသိန်းတန်သလား၊ နှစ်သိန်းတန်သလား ဆိုတာတော့ ငါလည်းမသိဘူးကွ။ ပြောင်လက်နေပုံများတော့ ဌက်ပျော်စရာ ထဲက အူတိုင်နဲ့ကို ဆီရွှဲရွဲ သုတ်ထားသားသား မွှတ်ရတယ်ဟေ့"

ယောင်ခြောက်ဆယ် သမားများမှာ ဦးကြီးကို ငေးကြည့်နေရာက ခွက်ထိုးခွက်လန် ရယ်မောကြရလေ၏။

ပွဲရွှားလွန်းလို့

ပြဿိုလ်၏ တခုသောနံနက်တွင် ဤစခန်းဌ လူငယ်နှစ်ယောက် အငြင်းအခုံဖြစ်ရာက အလေစင်းအစား ပွဲတခုကျင်းပကြလေသည်။ အလောင်းအစား၏ မူရင်းအငြင်းအခုံမှာ မုန့်ပေါင်း နဖားကြိုးတသိုက်ကို တယ်ိုင်တည်း စားနိုင် မစားနိုင် ပြဿနာဖြစ်၏။

မျက်နှာပြားပြားနှင့် လူငယ်က စားနိုင်သည်။ မျက်နှာရှည်ရှည်နှင့် လူငယ်က မစားနိုင်ဟု ငြင်းကြသည်။ နေ့ခင်းဆုံးတွင် မစစားနိုင်ဟုဆိုထော မျက်နှာရှည်က မင်းစားနိုင်လျှင် တလတိတိ လက်ဖက်ရည်တိုက်မည်။ မစားနိုင်ပါက သူ့ကို တလတိတိ လက်ဖက်ရည်ပြန်တိုက်ရမည်ဟု အလောင်းအစား ဖြစ်ကြသည်။

နွားတွင် တပ်ဆင်သော နဖားကြိုးမှာ နှစ်တောင်ခန့် ရှိသည်။ ထိုကြိုးနှင့်အပြည့် သိစရာ မုန့်ပေါင်းမှာ ရုတ်တရက် မရပေ။ မရသော်လည်း နဖားကြိုးထဝက်စာ မုန့်ပေါင်းရလျှင် မျက်နှာပြားက စတင်ပြီး စားတော့သည်။

ကလေးငယ် ဈေးသည်များသည် ဈေးမထွေင်းတော့ပဲ မုန့်ပေါင်းစားသူကို ဝိုင်းကြည့်ရှုသော ဇနကြလေ၏။ မုန့်ပေါင်းသည်၏ ယောကျ်ားမှာ ထိုဆူများကို တုန်းဖယ်နေရသည်နှင့် အလုပ်မတွင်တော့ပေ။

ထွက်တိုင်းဝင်တိုင်း သူတို့ကို ဖယ်နေရသောကြောင့် စိတ်တိုစွာနှင့် ပြောလိုက်ပုံက 'ဖယ်ကြစမ်းကွာ၊ ဘာပြုလို့ဒါလောက် အုံနေရတာလဲ ရှုပ်ရှဲမင်းသား မွတ်နေသလား၊ မျောက်ပွဲပြနေတယ် ထင်လို့လား။ ငါ့နှယ်ကွာ ကြည့်စရာနှယ်ရှာရှာ' ဟု ဖြစ်၏။

မျက်နှာပြားမှာ မုန့်ပေါင်းစားနေရာတာ အသံတွက်ပြီး ရယ်မိရာ လည်ချောင်းထဲမှမုန့်တွေ အစာခင်လိုက် ထွက်ကုန်တော့၏။

❁ ❁ ❁

ဖရုံစေ့လှော်တဲ့

ကွမ်းယာဆေးလိပ်ကို ထမင်းဆိုင်ဘေးတွင် ဈေးပြီး ထောင်းချနေသော ဆိုင်ရှင်ကတော်သည် ဆိုင်အတွက် လိုအပ်သော ပစ္စည်းများ ဝယ်ယူပြီး မြို့မှပြန်လာ၏။ ဆိုင်တွင် ကျန်ခဲ့သော ယောကျ်ားသည် ပစ္စည်းများကို တမျိုးစီခွာခက်ပြီးဆိုင်ပေါ် တင်ရာက အထုပ်တခုကို မြှောက်ပြပြီး ဓမေ၏။

"အဲဒါက ဘာလဲဟေ့"

"ဖရုံစေ့လှော်လေ၊ တော်ပဲ သေးသေးချဲချာ မှာလိုက်လို့ ရှာပြီးဝယ်လာတာ"

ဆိုင်ရှင်ယောကျ်ားထည့် တထုပ်ကိုဖောက်ကာ သုံးလေးစေ့ စားကြည့်၏။ စားကြည့်ပြီးလျှင် ဆေးလိပ်ရွေးနေသည့်ဈေးဝယ်များအား လှမ်းပေး၏။

"ဖခင်စေ့စေ့လေ့ာ်တဲ့ဗျာ ကြည့်ကြစမ်းပါဦး၊ မည်းခြစ်နေတာပဲ၊ ဆိတ်ခြေးတုံးကို ထုရိုက်ပြီး လေ့ာ်ထားတာဟာမှ သူ့ထက် ကျက်သရေ ရှိဦးမယ်"

စေ့းဝယ်မျာ့းမှာ နောက်ဆုတ်သွားပြီး "ခင်ဗျားပဲ စာ့းပါ၊ ကျုပ်တို့ မစာ့းပါရစေနဲ့" ဟု ပြောထာ ရယ်မော ငြင်းဆန်နေကြလေ၏။

❀ ❀ ❀

မနေ့းသာပြေ့းကွာ

ဤစခန်းသို့လာပြီး ကာ့းစီ့းရသော အနီ့းအနာ့း ရွာမျာ့းမှ မိတ်ဆွေ အမျို့းသမီ့းတစုသည် ထမင်းဆိုင်တဆိုင်သို့ ဝင်လာကြ၏။ သူတို့တွင် ကျေ့ခက်ပန့်းတော့င့်းမှ ဝယ်လာသော ဆွေ့ဆွေ့ရာရာ ပစ္စည့်းမျာ့း ပါလာကြ၏။

"ညည့်းတို့ ထမင့်းမစာ့းခဲ့ရသေ့းဘူ့း မဟုတ်လာ့း၊ အတော်ပဲ ဟေ့ ထမင့်းစာ့းပြီ့း ဈေးတဖြုတ်နေပြီ့း နေအေ့းမှ ပြန်ကြ"

ဆိုင်ရှင်သည် ပြောပြောဆိုဆိုနှင့် ထမင့်းပြင်ပြီ့း ဧည့်ခံကျေ့းသည်။

"ညည့်းတို့ရွာမှာ စာ့းရခဲတဲ့ ဆိတ်ကလီစာဟင့်း၊ စာ့းကြစမ့်း အာ့းရပါ့းရ စာ့းကြစမ့်း" ဟု အာ့းပေ့းသည်။

အာ့းလုံ့း စာ့းသောက်ပြီ့းကြသောအခါ ဆိုင်ရှင်မှာ ပီတိဖြစ်နေ၏။ စစ့းလို့မြိန်ရွံလာ့းခမ့းရာ အာ့းလုံ့းလိုလိုဏ စစ့းလို့ ထော့င့်းကြော့င့်း ဖြေ့းကြ၏။ နေ့စက်ဆုံ့းတယောက်မှ ရုတ်

တရက် မဖြေသေးပဲ ဧကဆိုင်းနေပြီးမှ ကျောင်းပါ့တော်ဟု ဖြေ၏။

ထိုအခါ မကောင်းဘူး ဖြေမသားဟု စိတ်ထင့်နေသော ဆိုင်ရှင်မှာ ရယ်မောပြီး "အမယ်လေး ဒီဟင်းနဲ့များ စားလို့ မကောင်းယင်တော့ သခ်ျင်းကုန်းကိုသာပြေးပြီး တွင်းတတွင်းထဲ ဝင်အိပ်လိုက်ခပတော့ဟော့" ဟု ပြောလိုက်ရာ ကာယကံရှင်မှာ သမောကျစွာ ရယ်မောနေလေ၏။



မသိတတ်သောသတ္တဝါ

ဤစခန်းမှ ယောင်ခြောက်ဆယ် မျှးထဲသို့ အနီးအနား ရွာများမှ ယောင်ခြောက်ဆယ်သမားများထည်း ထောက်လှမ်း တတ်ကြသည်။ သူတို့သည် နှုတ်စ လျှာစလည်း ကောင်းသည်။ လူကဲခတ်လည်း ကောင်းသည်။

တနေ့တွင် ခရီးသည် ကားတစင်းသည် စခန်းတွင်ရပ်တန့်ပြီး ထမင်းစားကြသည်။ ထမင်းမစားသော ဇာမျိုးသမီးတစုသည် တဆိုင်ဝင်တဆိုင်ထွက် ပစ္စည်းများကို မေးမြန်းကြသည်။ စုံစမ်းကြသည်၊ အချို့လည်း လိုအပ်သည်ထက် ပိုပြီး စပ်စုကြယင်း ယောင်ခြောက်ဆယ်သမား တယောက်နှင့် စကား လက်ဆုံကျသွားလေ၏။

သို့ရာတွင် အခြား ယောင်ခြောက်ဆယ်သမား တယောက် ဝင်လာသဖြင့် ပထမလူမှာ ဒေါပွနေလေ၏။ ထိုအမျိုးဆမီးမျစး

လိုက်ပါလာသောကား ပြန်တွက်သွားလျှင် ပထမလူသည် ဒေါ
ပ္ပဒုန္ဒင့် အပြစ်တင်လေ၏။

"မင်းကွာ သက်သက်ဝင်ရှုပ်တာပဲ၊ ငါ့ဥပဓိရှုပ်နဲ့ မင့်ဥပဓိ
ရှုပ်ကို ယှဉ်ကြည့်ပြီး၊ အားနာဖို့ကောင်းပါတယ်"

"ဘာဆိုင်လို့လဲကွ"

"ဆိုင်တာပေါ့ကွ၊ ဟို မျက်မှန်နဲ့ အမျိုးသမီးနဲ့ ငါနဲ့ ကားတင်
ပြေနေတာ၊ မင်းဆိုတဲ့ကောင်က နကန်းတလုံးမှမသိပဲ လင်းတ
တကောင်ကားဘလို ကားယားကားယားနဲ့ ဝင်ရှုပ်လို့ ဘာမှ
အလုပ်မဖြစ်တော့တူး၊ မင်း အလကားပဲ"

လင်းတဆိုသည်မှာ ကျက်သခရမရှိ၊ ယုတ်ညံ့သည်ဟု ထင်ကြ
သောကြောင့် ဒုတိယလူမှာ လင်းတနှင့် ဆန္ဒိုင်းခံရသည့်အတွက်
ဒေါပွပြီး ထွက်သွားရာ ဘေးကလူများမှာ ထွက်သွားသူကို
ကြည့်ပြီး ပြုံးနေမိကြလေ၏။

မျက်စဉ်းဆိုမှမျက်စဉ်း

လက်ဖက်ရည်ဆိုင်ဘဆိုင်ရှေ့တွင် ကျွဲစခန်းမှ လူကြီးလူလတ် နှင့် လူငယ်လေးငါးခယောက် နေစာလှယင်း စုမိကြသည်။ စပ်မိစပ်ရာ စကားများ ပြောနေကြစဉ် လူငယ် တယောက် က "ဒီတခေါက် မကွေးရောက်ယင် မျက်မှန်ဝယ်ပြီးတပ်ဦးမှပဲ" ဟု ပြောသည်။

"ဘာပြုလို့ မျက်မှန်တပ်မှာလဲ"

လူကြီးတယောက်က မေးသည်။

"တချက်တချက်မှာ ဝါးဝါးသွားတယ်၊ ကြည့်မကောင်းလို့"

"အမယ်လေးကွာ မင့်မျက်နှာနဲ့ မျက်မှန်နဲ့ဆိုယင် လှည်းဘီး တက်နင်းခံရတဲ့ ဇီးကွက်နဲ့တူမှာပဲဟော့၊ ဝါဆိုက မျက်စဉ်းသမ္ဗယူခတ်"

"ဦးလေးမျက်စဉ်းက ကောင်းလို့လား"

အမေးခံရသောလူကြီးက လူငယ်ဘက်သို့လှည့်ကာ အားပါးတရ ရီဖြလိုက်လေသည်။

"ငါ့မျက်စဉ်း ကောင်းတာဘော့မပြောနဲ့ ဒီတနေ့ပြီး လုမ်းကြည့်ယင် မကွေးမြသလုန်တုရား ခြေတော်ရင်းမှာ ပုဂ္ဂိုလ်ဆိတ်တွေ့ တနိုင်ပြီဟုးနေတာကိုတောင် မြင်ရတယ်ဟော့"

ကြားရသူများမှာ "ဟုတ်ပါ့လား မောင်ကာဠရ" ဟု ဆိုကာ ဝိုင်းဝန်းရယ်မောကြတော့သည်။

မိုးထူးမိုးဆန်းများ

စခန်းမှူး လူငယ်တစုသည် စီးတရက် ကွမ်းယာဆိုင်မှ မိန်းမချောကလေးကို ဝိုင်းဝန်းနောက်ပြောင်နေကြ၏။

"မင်းတို့ မိုးအထူးအဆန်း မြင်ဖူးလား"

တယောက်ကစတင်လိုက်ရာ ကျန်လူများကမမြင်ဖူးကြောင်း မကြားဖူးကြောင်း အလိုက်သင့် ဖြေကြရာ-

"သိချင်ယင် မြင်ဖူးချင်ယင် ဒီဆိုင်မှာ စီးစာရက် ဝယ်သောက်ကွာ"

မိန်းကလေးက မျက်စောင်းထိုးသည်။ အဖော်များက ရယ်မောကြသည်။ ချယ်ပေါ့သူများထဲမှ တယောက်က-

"ဘာမိုးခါလဲ အုန်းနက်မိုလား၊ ကောက်ရိုးမိုလား"

"ဒူးယားမိုတဲ့၊ ခေပေါင်းမိုတဲ့၊ တခါတရံ ငါးသုံးလုံး မိုးမျိုးတောင် ရောဲးတတ်သဗျား"

"ဝါးဟားဟား"

ယောက်မ၏သရုပ်

ပခုံးထမ်း တလိမ့်ဘုံးနှင့် ကြံရည်ရောင်းသူများတွင် အသက်အကြီးဆုံး ကြံရည်သည်ကြီးမှာ ကလေးနှစ်ယောက်ကိုလည်း စျေးရောင်းခိုင်း ထားသောကြောင့် ဈားတစင်း ဝင်လာတိုင်း ကျီးကန်းတောင်းမှောက် ဖြစ်နေ၏။ ကလေးတွေ စျေးမရောင်းပဲ ဆော့နေသလား၊ ပိုက်ဆံမှအပ်တတ် မလုပ်တတ် ဖြစ်နေသလား ကြည့်ရသေးသည်။

ယခုလည်း ဆိုက်ရောက်လာသောကား ကျိုတက်ဘေးတွင် သမီးကြီးဆည် ကားပေါ်မှ လှမ်းဝယ်သူတယောက်အား မော့ကြည့်နေ၏။ လှက်ကောက်တွေအပြည့်နှင့် မိန်းမသည် ကြက်ပေါင်ကြော်ကို ကိုင်ကြည့်ကာ ငါးကျပဲခန်စေနှင့်။

"ငါးကျပ်တော့မရဘူးရှင့်၊ လိုချင်ယင် ခုနစ်ကျပ်ခွဲ ရမယ်"

"နှစ်ခုယူမယ်၊ တခုငါးကျပ်ထား"

"မရဘူး"

"ရပါတယ်"

ဝယ်သူက စျေးမဘည့်ထော်လည်း ပစ္စည်းကို လှက်မလွှတ်ပဲ အတင်းဆစ်နေသည့်အတွက် ကြံရည်သမားကြီးမှာ ကြည်နှစ်ယင်း ဖေါပွလာ၏။

"ယောက်မနော် ယေးက်မ၊ ရွှေပဲချထားထား၊ စိန်ပဲစီထား ထား ဟင်းရွဲ့ဆရသာကို မသိတာတော့ မသိတာပဲဟေ့၊ ယောက်မ ယောက်မ"

ကာယကံရှင်က သူ့ကို စောင်းမြနှင်းမသိဆော်လည်း စျေးသည်ကြီးမျစားမှာမူ ပြုံးစိစိနှင့် ကားဘေးသို့ လှမ်းကြည့်မိကြလေ၏။

ဒီဇို့ ဒီဇို့ ဒီဇို့

ယောက်မ၏ အရည်အချင်း

သို့ရာတွင်အထက်ပါခရီးသည်တင်ကား ထွက်သွားပြီးနောက် တွင် ကြံရည်သည်ကြီးမှာ ဒေါပွစရာတခု ထပ်မံ ကြုံတွေ့ ရပြန် လေ၏။

သူ့သမီးကြီးထည် စားဖိုဆောင်တွင် ရောင်းသောကြောင့် သူမြင်ရ၏။ သူ့သမီးအငယ်မှာ ကားဖိုဆောင်တွင် ရောင်းနေသောကြောင့် သူ မမြင်ရ မကြားရပေ။

ထိုသမီးအငယ်သည် ဆယ်တန်စက္ကူချပ်ကို ကြားဝင်စွက်ကိုင် လာပြီး ကြံရည်သည်ကြီးအား ပေးဆပ်သည်။

"ဘာရောင်းရတာလဲသမီးလေ၊"

"ကြက်ပေါင်ကြော်နှစ်ခုအဖေ"

ကြံရည်သည်ကြီးသည် မျက်လုံးပြူးပြီး ကြည့်၏။

"နင့်အစ်မမန်းထဲကဟာတွေက ပြန်ပြန်ပြီး ကြော်ထားတာ ငါးရက်ရှိပြီ၊ အဲဒါဖထာင် ငါးကျပ်နဲ့မရောင်းဘူး၊ နင့်ဗန်းထဲက ဟာတွေတာ တရက်ပဲရှိသေးတယ်"

"ခါတိုင်းသည်၊ ဒီလိုပဲရောင်းနေစမ်းပဲ အဖေရ"

ရွှေမိုးငွေမိုးရွာ

သာစည်နှင့်ချောက် ပြေးဆွဲသောကားတွင် ရန်ကုန်သား အချို့ ပါလာကြ၏။ ကားပေါ်မှ သူတို့ ဆင်းလာကတည်းက ဤလူမျိုးမှာ ရန်ကုန်သားတွေဟု ကျောက်ပုံသူကျောက်ပုံသား များ နားလည်ကြသည်။

ထိုသူများထဲည် နို့စစ်စစ် ရထည်ဆိုသောကြောင့် နွားနို့မှာ သောက်ယင်း ဆိုင်ထဲတွင် ထိုင်နေသော ရွာခံ တောင်သူကြီး တယောက်ကို မေးမြန်းစုံစမ်းကြ၏။

"မိုးလေဝသ ဘယ်လိုနေလဲဦးကြီး"

"မိုးလေဝသ မကောင်းလှပါဘူးဗျာ"

"ဒီလိုဆိုယင် လုပ်ခင်းဆောင်တာတွေကော ဖြိုဖြိုးကြရဲ့လား၊ လယ်ယာလုပ်ငန်းတွေ ဆိုပါတော့"

"မိုးညှဲ့တဲ့နေရာမှာတော့ တချို့လည်း ဟင်းစားလောက်ပဲ ရတစေပေါ့လေ၊ မိုးကွက်ကျား ကောင်းတဲ့ နေရာများမှာတော့ လူက စီးကရက်ခဲပြီး နွားက ဘီစကွတ်ဟဲ့၊ သားမယားက ရွှေတို့ လွဲပေါ့ဗျာ"

ဦးကြီး၏ သုံးထပ်ဆင့် ကာရန်စကားကြောင့် ရန်ကုန်သား များမှာ ကျေနပ်စွာ ရယ်မောမိကြလေ၏။

လင်ဗန်း၏သဒ္ဓိနိဂဿယ်

"ခရိုးထည်တော့ ကိုယ့်နေရာကိုယ် ဝင်ထိုင်ကြပါ၊ ထွက်မယ်၊ ထွက်မယ်"

စပယ်ယာစာ ထစခစခအော်၍ ဒရိုင်ဘာဟာ ဟွန်းကို တတွတ်တွတ် နှိပ်သောကြောင့် ခရိုးသည်အချို့သည် အပြေးအလွှား ရောက်ရှိလာကြလေ၏။ သို့ရာတွင် အားလုံးစုပြုံ ပြေးလွှားသွားရန် မလိုချေ။ ဆချို့မှာ စောစောကပင် ကားဝပါတွင် ရောက်နှင့် နေကြပြီ။

"ဒီတောင်းကြီးဟာ တယ်သူ့တောင်းလဲ"

"ကျွန်မတောင်း၊ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ၊ ဒီတောင်း စောခစာဟာ ဟိုဘက်မှာထား၊ တာ ဒီဘက်ရောက်လာတော့ ဘယ်လိုလုပ်ပြီး ထိုင်မလဲ၊ ကိုယ်ချင်း လည်း စဉ်းစားပါ"

ခရိုးသွားရာတွင် ကိုယ်တော့ ချောင်ချောင်ချိချိ ရှိစေ၊ သူ တပါးတော့ ကျပ်တည်းစေဆိုသော မနာဆိုးကို မွေးလောကြောင့် ဝကားပြောရခြင်းဖြစ်ရာ အပြော မပြေပြစ်ပြန်သော ဘခါ ရန်ဖြစ်လေတော့သည်။

ကားသမားများမှာမူလည်း ပိုက်ဆံရလျှင် ပြီးရော သမား များမို့ ဖျန်ဖြေမပေး၊ နေရာချမပေးပေ။ အတော်ပြင်းထန်စွာ စကားများပြီးမှ စိတ်ကောင်းရှိသော ခရိုးသည်တဦးက နေရာ ချင်းလဲပေး၍ ပြီးမြောသွားလေ၏။

ကားထွက်သွားထည်နှင့် တပြိုင်နက် မြေပဲယို ရောင်းထော
ကလေးမက်လေးစည် ဆီးသီးဆစိမ်းထုပ်ရောင်းသော မိန်းမ
ကြီးနှစ်ယောက်ထံ ပြေးလာကာ မောပန်းသံနှင့် အတင်းပြော
လေသည်။

"ဟိုလေ လည်ပင်းမှာ ဆွဲကြိုးအတုတ်ကြိုး ဆွဲထားတဲ့မိန်းမ
ကြီး ရန်ကွေ့တဲ့အသံကလေ လင်ဗန်းဖင်ကို အုတ်ရှပ်ခဲနဲ့ ပုတ်တဲ့
အသံကြီးနဲ့တော်ဗ် ကျုပ်ဖြင့် ရယ်လိုက်ရတာ"

ကလေးမထည် သူ့ဘာသာသူပြောပြီး ယိမ်းထိုးလျက် ရယ်
မောနေလေ၏။

ထမ်းကောင်းပုံအဖွင့်

ထမင်းခြင်းဆိုင်တွင် ထမင်းခြင်း ဝယ်စားနေသူများ
အနက်မှ တယောက်သည် သူ့ထမင်း လမ်းခရီး အတွေ့အကြုံ
များပုံရသူတယောက်အား မတိုးမကျယ် မေးမြန်းနေ၏။

"ချောက်ဆနေပြီး စလေကို ကားလမ်းရှိတယ်ဆို ခင်ဗျာ"

"ရှိပြီလားဗျာ ချောက်မထောက်ခင် တောင်ဘက်မှာ လမ်းခွဲ
ရှိတယ်"

"လမ်းကကော ဘယ်လိုနေလဲခင်ဗျာ"

"ခုများတော့ ကောင်းလိုက်တဲ့လမ်း၊ မူနဲ့ချပ်ကြွားကို ကတ္တရာ
ဆုတ်ပြီး ချထားသလားမှတ်ရတယ်၊ အဲဒီလမ်း မပေါက်ခင်

တွန်းထားတော့ ကျုပ်ပြင့် ဘယ်တော့မှကားမစီးဘူး၊ ခြေကျင်လျှောက်တာပဲ"

"ဘာပြုလို့ပါလိမ့်"

"မိတ်ဆွေနယ် ကားလာတာ မမြင်ရဘူး၊ ပုန်လုံးကြီး ဖြေလာတာပဲ မြင်ရတယ်၊ ပြီးတော့ ဟိုသစ်ပင်နဲ့ဒီသစ်ပင်နဲ့ ဆောင့်၊ ဟိုချိုင့်ထဲဝင်ဆောင့်၊ ဒီချုံဖုတ်နဲ့ရိုက်သေးသဗျ၊ ကားစီးနေတာနဲ့ မတူဘူး၊ ဝိဓုရအမတ်ကို ပုဏ္ဏားက မြင်းခနောက်မှာထားပြီး တောင်စောင်းနဲ့ တိုက်သတ်နေသလား မူတ်ရ"

ထိုသူ့စကားအဆုံးတွင် သားမူ ထမင်းကြော်စားနေသူမျာ ပါ၀ါးကန် ရယ်မောမိကြလေ၏။



ဝေဒနာပန်းကန်

တစုတအုပ်အည်းဖြစ်ဆော ခရီးသည်ဆယ်ယောက် အစုတစုသည် စားပွဲရှည်ကြီးတွင် စုရုံး စားသောက်နေကြသည်။ ထိုသူများအထဲတွင် မိန်းကလေး ချောချောလှလှတွေ ပါ၀င်သည်။ မိန်းမရှယ်နှင့် အဘွားကြီးတွေလည်း ပါ၀င်သည်။ ယောကျ်ားရွယ်များနှင့် ယေချ်ားကြီးများလည်း ပါ၀င်ကြ၏။

ထိုထမင်းဝိုင်းသို့ ဆိုင်မှ လုပ်ယ်ကလေးတယောက်က ဟင်းလိုက်ပေးရသည်။ ဟင်းချိုနည်းလျှင် ဖြည့်ခပ်ထည့်၊ အသားဟင်းပန်းကန်တွင် အရုည်နည်းနေလျှင် ထပ်ထည့်ပေးရသည်။

အမာချန်ပီယံ

အကြော်သည်ကြီးမှာ သူ့အကြော်ဖိုတွင် ဤလူကြီး လာထိုင်ကတည်းက မျက်ခုံးလှုပ်လှုပ်ပြီ၊ အကြေးဝယ်စားပြီးနောက်တွင် ထမသွားသေးပဲ ပါးစပ်ဟ,ကာ သွားကိုကိုင်နေသည်။

"ဘယ်ပြုလို့ သွားကို ကိုင်ကိုင်နေတာလဲ၊ တော်နော် ကျုပ်မုန့်ကို အကြေးစားပြီး နာမည်တော့ မဖျက်နဲ့၊ ဆီပူနဲ့ဗက်လိုက်မယ်"

"သွားနာလို့ပါဗျာ၊ အိမ်က ထွက်လာတုန်းစာ မနာပါဘူး၊ နှင့်မုန့်ကိုစားပြီးမှ နာလာတာ"

အကြော်ထည်မှာ ဆီပူနှင့်ကားမပက်။ ဆဲရေးတိုင်းထွာထည်။

"မာလိုက်တဲ့မုန့်ဟာ ခြောက်ပေါင်တူနဲ့ထုတောင် ကွဲမှာမဟုတ်ဘူး၊ ကျောက်တောင်ခွဲတဲ့ ဒိုင်းနမိုက်နဲ့ခဲမှ ရမှာ၊ အဲဒါတောင် ဝါးလို့မဖြစ်ဘူး၊ အမှန့်စတွေကိုမျိုချမှဖြစ်မယ်"

ထိုအခါတွင် အကြော်ထည်မှာ ဆဲဆိုင်တော့ပဲ ရယ်မောနေရတော့၏။

အရွက်ဦးမြင်ကွင်း

"မျှော်တာလည်းမျှော်၊ ဆိုင်တွေ့လည်းသိမ်းတဲ့အချိန် အချိန်ဝင်ထွေ်ကြီးမှာ ကားတွေထွေက်လာယင် ဆတိုဆားကြွေ့"

ခရီးသွားသည့်သည်များ ရှင်းလင်းနေခိုက်တွင် လာထွေက်လည်ပတ်သော ဆိုင်ရှင်များအား အိမ်ရှင်ဆိုင်ရှင်က သတိပေးခြင်းဖြစ်၏။

"ဘာပြုလို့လဲဆိုတော့ လူစိမ်းဆိုယင် ဘယ်နေရာမှာတော၊ ဘယ်နေရာမှာကွင်းဆိုတာ မသိပဲကိုးကွ။ မှောင်နဲ့မည်းမည်းမှာ ဆိုင်ရှေ့လာပြီး အပေါ်သွားလား သွားရဲ့၊ အခင်းကြီးဆိုယင် အော့ သူလည်းဒုက္ခ ကိုယ်လည်းဒုက္ခ"

"ဟုတ်တယ်လေ၊ ကိုယ်ကအသံကြားလို့ ထပြီးအော်တော့ သူ့မှာ ဒုက္ခကြီး တိုးလိုတန်းလန်းနဲ့ မပြောပဲနေပြန်ယင်လည်း ကိုယ်ပဲ ကျုံးရမှာ မဟုတ်လား"

ဝင်ပြောသူက စတင်ရယ်မောသဖြင့် ဝိုင်းဝန်းရယ်မောကြသည်။ ထိုအခါ ကွမ်းဝါးနေသော ရှေ့သွားနှင့်လူက ဝင်ပြော၏။

"ခင်ဗျားတို့ပြောတာ နောက်ကျသွားပြီ၊ ကျုပ်မှာ အမြဲတမ်း ကျုံးကျုံးပစ်နေရဘာ၊ ကြာပြီ၊ တလေးကတော့ လူကလည်း တရေးနိုးစမှာ ကားတစင်းထိုးဆိုက်သံလည်း ကြားရော ကျုပ်လည်းထထိုင်တာပဲ၊ လူဘယောက်လုံးငုတ်တုတ်ထိုင်နေတာ မမြင်ဘူးဗျား၊ ပြေးလာတဲ့ပြီး ဗျိုးဗျိုးဗုံးဗျစ်နဲ့"

"မောင်နေတာ ဘယ်မြင်မလဲဟာ"

"ဟုတ်တော့ ဟုတ်တာပဲ"

"ကျုပ်လည်း စိတ်ဆိုးဆိုးနဲ့ လက်နှိပ်ခေတ်မီးဆိုးပြီး ခေါင်းမိုး ထားတော့ ဘာပြေးကောင်းမလဲဗျာ၊ ဆိုင်မှန်းမသိလို့ပါဗျာ၊ သည်းခံပါဆိုပြီး ထိုင်လျက်က ရှိခိုးလိုက်ပုံများ ဒုက္ခိတ ပိုက်ဆံ တောင်းနေပုံ ရေးဆွဲထားတဲ့ ပန်းချီထဲက ဟန်မျိုးနဲ့ ဖြစ်နေ တာပဲဗျို့"

နားထောင် နေသူများမှာ သတော ဆက္ကကြီး ကျလွက် အားရပါးရ ရယ်မောမိကြလေတော့၏။

အလောင်းတော် ရာမ

ဆိုင်တွင် ကြက်သားဟင်းလက်ကျန် နည်းနေသည်။ ထို့ ကြောင့် အိမ်ပြန်ပြီး ကြက်သုံးကောင်လောက် လုပ်ခဲ့ရန် သခင် ကိုခိုင်းလိုက်သည်။ ဟင်းအိုးထဲကဟင်းသစ လျော့၍ လျော့၍ သွား၏။ ကြက်ဖမ်းရန်သွားသူ ရောက်မလာလေးချေ။

သို့နှင့် ဖခင်ဖြစ်သူ လိုက်လာသောအခါ သားဖြစ်သူမှာ ဟိုအိမ်အောက်ဝင် သည်အိမ်အောက်ဝင်နှင့် ကြက်ဖမ်းနေဆဲ ရှိသေး၏။

"မင့်ကိုခိုးလိုက်ယင် ဘယ်တော့မှ အဆင်မပြေဘူး၊ ကြက် ကလေးသုံးကောင် ဖမ်းတာ မုဆိုးဆင်စွယ်ဖြတ်တာ ကျနေ တာပဲ"

ရောက်လျှင်ရောက်ချင်း ဆူလေတော့သည်။ ခွေးနှင့်ဖုန်နှင့် ရောထွေးပေကျံနေသော သားဖြစ်သူကလည်း မောမောစေနှင့် ပြန်ပြောလိုက်ပုံမှာ—

"ဆဖေပြောတော့ အလွယ်လေး၊ ဒီမှာ ထဆယ်လုပ်ရတဲ့ လူမှုဒ ထုပမင်းဆ သမင်ဟောင်ဆောင်တဲ့ ဘီလူးမနေ့က်ကို လိုက်ရတာထက်တောင် ခက်သေးတယ်ဗျ"

ဟု ဖြစ်၏။

ထိုစကားကိုကြားရသော အိမ်နီးချင်းများမှာ 'ဒီသားအဖ ကတော့ မဆုံလိုက်နဲ့၊ ဆုံလိုက်ယင် ဒီလိုချည်းပဲ' ဆိုကာ ရယ်မော နေကြလေ၏။

ရောမ မန်းကန်ကြီး

အိပ်ထုမှ နိုးလျှင်နိုးချင်း ဆာလောင်တတ်သော ဆိုင်ရှင် တယောက်သည် ဇနီးဖြစ်သူ မီးမွှေးနေစဉ် ဟိုလှန်သည်လှန် လုပ်နေသည်။ ရှိသည့်မုန့်များကို မစားချင်ပေ။

"လက်ဖက်ရည်တခွက်လောက် သောက်ရယင်ကောင်းမှာပဲ၊ နှာနှစမီးထိုးဟာ"

ရေနွေးအိုးမှာ ကြီးသည့်အတွက် တော်တော်နှင့် ဆူဦးမည် မဟုတ်ပေ၊ ထို့ကြောင့် ခာတ်ပူးထဲက ရေနွေးနှင့်ဖျော်ထောက် ရန် ထကြံပေး၏။

စကားတောင်စားနှင့် ချည်ပါပခန်းသား

ချည်ပါသားနှင့် ပခန်းသားကို မင်္ကောင်းပြောဆိုကြ၏။ ပြောပုံမှာ လူလိမ်လူကောက် လူညစ်များအဖြစ် ဖြစ်ပေထည့်။ သို့ထုတ္တဝ် ထိုကဲ့သို့ ပြောစမှတ်ပြုကြခြင်း၊ ရေးစမှတ် ပြုကြခြင်းမှာ မသင့်လျော်ချေ။ အနှယ်နယ်အရပ်ရပ် ဆုံမြို့မြို့ အချောရွာတွင် နေထိုင်ကြသော သူများသည့် လူသားတွေ ဖြစ်ကြ၏။ လူသားတွေ ဖြစ်သောကြောင့် လိမ်လည်ကောက်ကျစ်သူရှိသလို ရိုးသားဖြောင့်မတ် ဖြူစင်သူများလည်း ရှိကြပေ၏။

ထိုမြို့ထိုရွာ အမည်ခံယူထားခဲသော လူတယောက်၏ လှည့်ဖြားမှု ခံရပူးရုံနှင့် ထိုရွာထား ထိုမြို့သား ထိုအရပ်ဒေသသားများကို ဝါးလုံးရှည်နှင့်ဆိမ်းပြီး မရိုက်ကောင်းပေ။ ရိုက်သူက ရိုက်စေထာမူ လေ့နံခားထစ် စွဲယူမှတ်သား မထားထင့်ကြချေ။

သို့ထုတ္တဝ် ရှေးအခါကမူ မည်သည့်ဒေသက ပခန်းမည်သည့် ဒေသက ချည်ပါဟု မသိရသော ချည်ပါပခန်း ပုံပြင်များမူ ရှိပေသည်။ အရပ်ဒေသ မသိထော ချည်ပါပခန်းဟု ထင်ထားကာ ရယ်စရာပုံပြင်အဖြစ် ဟာသဟု ရကြစေရန် နမူနာထဖြစ် ဖော်ပြလိုက်ပါသည်။

စကားတောင်စားသည် စာရေးတော်ကြီးအိမ်မှ ဆင်းလာခဲ့ပြီးနောက် များမကြာမီတွင် ဘုန်းသော်ကြီးကျောင်းတွင် ပညာသင်ကြားလိုသေးကြောင်း မိခင်အား ပူဆာသည်၊ ထို့

ကြောင့် ကျောင်းသို့ မိခင်က လိုက်လံအပ်နှံပေးရာ ချည်ပါ သားငယ်နှင့် ပခန်းသား လေက်တိုတို့ကို တွေ့ကြုံရလေ၏။

တနေ့တွင် ကျောင်းမှ ဦးသူတော်ကြီး နှစ်ဦးသည် ရွာသို့ ပစ္စည်းများသယ်ယူရန် သွားကြရာ စကားတေစင်စား။ လေက်တို နှင့် ညီတို့ကို ခေါ်သွားကြလေသည်။ ဦးသူတော်ကြီးမျာ်းက ရွှေမှသွားကြရာ စကားတေစင်စားက စတင်ပြီးပြောသည်။

"ညစာဘက်က ဦးသူတော် ဝဝကြီးဟာ သိပ်ပြီး လမ်းသွား မြန်တာပဲ"

လေက်တိုက အားကျခံ ချေပ၏။

"မဟုတ်ဘူးကွာ၊ ဗယ်ဘက်က ဦးသူတော်ကြီးမှ လမ်း သွားစကယ် မြန်တာ၊ ကြည့်ပါလား သိပ်မြန်တာ"

ညီတလည်း "ဟုတ်တယ် လူငယ်လေးတွေအရှဲ့းပေးရတယ်" ဟု ဝင်ရောက်ထောက်ခံ၏။

"မဟုတ်ဘူး ငါ့ဦးသူတော်စာမှ လမ်းသွားမြန်တာ"

"မင့်ဦးသူတော် မမြန်ဘူး၊ တို့ဦးသူတော်မြန်တယ်"

ကျောင်းသားများ၏ ငြင်းခုံသံကို ကြားရသော ဦးသူတော် နှစ်ယောက်တို့သည် ရိုးရိုးသွားနေကြရာက သူ့ထက်ငါ မြန်စေ ရန်၊ သခင်စေရန် သွက်သွက်သွားကြလေ၏။ ယခင်ကထက် မြန် မြန်သွားသည်ကိုမြင်လျှင် စကားတောင်စားသည် လက်ခုပ်တီး ဝှက် နောက်ဟာပြေးလိုက်ယင်း အော်ဟစ်သည်။

"ဟေး—ငါ့ဦးသူတော်က သသွေးပြီကွ"

ထိုအခါ နေခက်ကျကျန်ခဲ့သော ဦးသူတော်ကြီးမှာ အမီလိုက် လာသည်။ ခရွှမှ ဦးသူတော်မှာ အကျောမခံရစေရန် သွက်သွက်

သွားသည်။ နောက်က ဦးသူတော်ထလည်း ကျော်နိုင်စေရန် အပြေးသွားသည်။ တဦးပြေးလျှင် ကျန်သောတဦးသည်း ပြေးတော့သည်။

"တို့ခြိုးသူတော်က ဆစသွားပြီကွ"

"ဝါဦးဆူတော်ဏ သာသွားပြန်ပြီကွ"

တလေးသုံးယောက်က အော်ဟစ်ပြီး လက်ခုံ လွတ်ဝါးတီးကာ နေခက်မှ ပြေးလိုက်လာလေထော့၊ ဦးသူတော်တွေ ပြေးလေးလေဖြစ်ထု ဆက်ပြီး မပြေးနိုင်အောင် မောပန်းတော့မှ အပြေးပြိုင်ပဲ ရပ်ခလေတော့သည်။

"တော်တော့....တော်ကေ့၊ နင်တို့လုပ်တာနဲ့ပဲ ငါတို့မှာ မောလှပြီ"

စကားဆတာင်စား၊ ညည်နှင့်လေက်တိုတို့မှာကျိတ်ပြီးရယ်မော ရလေ၏။

တညတွင် ကပ္ပိယကြီး အိပ်ရာဝင်ရန် အိပ်ထု ပြင်ဆင်နေစဉ် ညည်သည် ဇနားသို့ခရောက်လာကာ ဤသို့ပြော၏၊

"ဆာနဲ့ ကျွန်တော်နဲ့ စကားပြိုင်ပြဲကြရအောင်"

"ဆမယ်....ငါ့မြေးလောက်ရှိတဲ့ ကလေးကများ မလေ့ာက်လေး မလောက်စားနဲ့ ငါ့ကိုလာစမ်းသလား"

ကပ္ပိယကြီးက အိပ်ထုပေါ်မစ်လဲ့ယင်း ဒေါသကြီးစွာ ဆို၏၊

"ဒါဖြင့်အာဆရာ....ကျောင်းခေါင်းရင်းက သစ်ပင်ကြီးဟာ ဘာပင်လဲဗျာ"

"မန်ကျည်းပင်ကို နင်မသိဘူးလား"

"မဟုတ်ပါဘူးဆရာ၊ ညောင်ပင်ပါဗျာ"

ကပ္ပိယကြီး အလှန်စိတ်ဆိုးသွားကာ ထထိုင်၏။ သို့ရာတွင် မီးမထွန်းထားသောကြောင့် ညို၍လှုပ်ရှားမှုကို မမြင်ရချေ။ မမြင်ရပဲနှင့် စိတ်ဆိုးပြီး ဆက်လက်ငြင်းပြန်၏။

"မန်ကျည်းပင်ဟာ"

"ညောင်ပင်ခင်ဗျာ့"

"မန်ကျည်းပင်"

"ညောင်ပင်"

သို့သော့် ကြာသာဆည့်အခါတွင် "ပင်" မပါဘဲတာ့ပဲ မန်ကျည်း—ညောင်ဟုသာ အပြန်အလှန် ငြင်းကြလေ၏။ ထိုအချိန်တွင် ညို့သည် ပါးစပ်ကလည်း အဆက်မပြတ် ငြင်းသည်။ လက်တလှည်း အိပ်နေသောကြောင်ကို ဖျာလိပ်ထဲ ထည့်ပြီး၊ မထွက်နိုင်အောင် ပိတ်ထားပြီး တနေရာသို့ သွားရောက်ကာ အိပ်လေ၏။

ကြောင်သည် ထွက်ပေါက်ရှာ၍ မရသဖြင့် "ညောင်" ဟု မြည်၏။ ကပ္ပိယကြီးက ညို့ငြင်းနေသည်ထင်ပြီး "မန်ကျည်း" ဟု ဖော်၏။

ကပ္ပိယကြီးမှာ ကြောင်ဖော်သံကြားကိုင်း မန်ကျည်းဟု ဖော်နေရရာ တညလုံး မအိပ်ရဘော့ချေ။ နံနက် လင်းတော့မှ ဖျာလိပ်ခေါင်းထဲမှ ကြောင်ဖော်နေမှန်းသိကာ ဖျာလိပ်ကို ဖြေပြီး လွှတ်ပေးလိုက်ရလေ၏။

ဆရာဘုန်းတော်ကြီးသည် ညို့ငလေက်တို့နှင့်စကားတောင်စားတို့၏ ထိုကဲ့သို့သော ဉာဏ်သွားပုံကို သိသောကြောင့် တနေ့

တွင် ရွှေသို့ခေါ်လိုက်၏။ သူတို့သုံးယောက် ဆရာတော်၏ရွှေတွင် ပုဆစ်ခွေးတုပ်ပြီးနေလျှင် ဆရာဘုန်းတော်ကြီးက အမိန့်ရှိပုံမှာ–

"မင်းတို့သုံးယောက် အချင်းချင်း စကားနိုင်လုရမယ်၊ ကဲ.... ပြောကြစမ်း"

ထို့ကြောင့် လေက်တိုက စတင်၍ ပြောဆည်မှာ–

'ခွေးတကောင်ဟာ သိပ်ပြီးအပြေးကောင်းတာပဲ၊ အဲဒါလောက် ကောင်းတဲ့ခွေးကို ဘယ်သူမှမြင်ဖူးကြတာမဟုတ်ဘူး၊ အလွန်ထူးဆန်းအောင် ပြေးနိုင်လို့ပဲဖြစ်တယ်၊ ဘာဖြစ်လို့လဲ ဆိုတော့"

လေက်တိုသည်စကားကိုဖြတ်ပြီး ဆရာတော်ဘုရားနှင့် ညည်း၊ စကားကောင်စားတို့ကို လှမ်းကြည့်၏။ ကြည့်ပြီးမှ ဆက်လက် ပြောပုံမှာ–

"ဘာပြုလို့လဲဆိုတော့ တနေ့မှာ ယုန်လိုက်မယ်ဆိုပြီး ခွေးကို ခေါ်ပြီး တောထဲထွက်လာခဲ့ရာမှာ သိပ်မကြာခင်မှာပဲ ယုန်သုံးကောင်ကို လှမ်းမြင်လိုက်ရတယ်၊ ဒါပေမယ့် ယုန်သုံးကောင်ကိုပဲ မြင်လိုက်ရတယ် အဲဒီခွေး ဘယ်ဆချိန်က ပြေးသွားတယ် ဆိုတာ မသိလိုက်ဘူး၊ ယုန်သုံးကောင်လုံး ပါးစပ်နဲ့ကိုက်ပြီး အမြီးထလှုပ်လှုပ်နဲ့ ပြန်လာတော့မှ မြင်ရ သိရပါတော့တယ် ဘုရား"

"အင်း ခွေးကောင်းပေပဲ"

ဆရာတော်ဘုရားသည် ခေါင်းတညိတ်ညိတ်နှင့် ပြုံးပြီး မိန့်တော်မူလေလျှင် ညည်းက ဆက်လက်လျှောက်ထားလေ၏။

"တပည့်တော်ဘုရင်ပူးတဲ့နွားဟာ အလွန်တောင်းတဲ့နွား ဖြစ်ပါတယ် ဘုရား"

"ဟဲ့ နင့်နွားကောင်းပုံပြောစမ်း၊ ဘယ်လိုဘယ်နည်း ဘယ်ပုံ ကောင်းတယ်ဆိုတာကို"

"တပည့်တော်ပြောတဲ့နွားနဲ့ လှည်းတပ်ပြီး လှည်းပေါ်မှာ မိန်းကြီးတယောက်ကို တင်သွားပါတယ်ဘုရား၊ သွားတဲ့ခရီး အတော့် အင်းဝထားနေပြီး မန္တလေးတောင်ကို သွားတာပါ၊ သို့သော်လည်း မန္တလေးတောင်ခြေရောက်လို့ နောက်ကိုလှည့် ကြည့်လိုက်လို့ မိန်းမကြီးပါမလာတာ သိရတော့ လှည်းကို ပြန် မောင်း လာခဲ့ပါတယ်ဘုရား"

ဤ၏ နွားကောင်းပုံကို ငလူက်တို့နှင့် စကားတောင်စား ထားမတာ ဆရာတော်ဘုရားပါ စိတ်ဝင်စားစွာ နားစွင့်နေ၏။ ထို့ကြောင့် ဤကြာင့် အားရကျေနပ်စွာနှင့် စကားဆက်၏။

"လှည်းပေါ်မှာ ပါလာတဲ့ မိန်းမကြီးဟာ လှည်းဆောင့် တာနဲ့ လှည်းပေါ်က လွင့်စဉ်ပြီး ကျ ကျန်ခဲ့တာပါဘုရား၊ ဒါပေမယ့် လှည်းပြန်မောင်းလာတဲ့အချိန်မှာ အဲဒီမိန်းမကြီးက မြေကြီးပေါ်ကို မရောက်သေးဘူး၊ အဲဒါနဲ့ လှည်းသမားဟာ လှည်းပေါ်ကပြေးဆင်း မိန်းမကြီးကိုဆီးဖမ်းပြီး လှည်းပေါ်မ တင်ပြီး တောင်ခြေကို ပြန်မောင်းလာခဲ့တော့တယ်ဘုရား"

"အေး ဤနွားက နွားကောင်းပါကလား"

ဆရာတော်ဘုရားက ပြုံးရွှင်စွာနှင့် မိန့်တော်မူသည်။ ထို့နောက်တွင် စကားတောင်စား၏ အလှည့်ဖြစ်ပေ၏။

"အလွန်ဆောင်းတဲ့ ထမ်းပိုးတစ်ချောင်း တွေ့ဖူးပါတယ် ဘုရား"

"ဆိုစမ်းဟဲ့၊ နင့်ထမ်းပိုးကောင်းပုံကို"

"တပည့်တော်မြင်ဖူးတဲ့ ထမ်းပိုးက တဘက်တချက် ကောင်းနေပါတယ်ဘုရား၊ ပခုံးပေါ်တင်ပြီး ထမ်းသွားတဲ့အခါ ညှတ်ပဲ့ ညှတ်ပဲ့ ဖြစ်ပြီး ကျိစ်ကျိတ် ကျိတ်ကျိတ်မြည်ပါတယ်ဘုရား"

မည်မျှလေးသော ပစ္စည်းမျှားကို ထမ်းသည်ဖြစ်စေ၊ ထမ်းသူ ခြေလှမ်းလိုက်တိုင်း အသံမြည်ကာ ညှတ်ပဲ့ညှတ်ပဲ့ ဖြစ်သွားပုံကို မြင်ယောင်လာသောကြောင့် ညီနှင့် လောက်တို့တွေ မှာ ပြုံးပြီး နှာစိုက်နေကြ၏။

ထို့နေ့က စကားတောင်စားစေ ဆက်လက် ပြောဆို သည်မှာ....

"အဲဒီလို ညှတ်ပဲ့ညှတ်ပဲ့ ဖြစ်နေတဲ့အတွက် ထမ်းရတဲ့လူရဲ့ ပခုံးနဲ့ ထမ်းပိုးနဲ့ဟာ ထိရုံကလေးပဲ ရှိပါတယ်ဘုရား။ ထမ်းပြီး လျှောက်လာလို့ အတော်ကြာတော့ ထမ်းပိုးနဲ့ပခုံးဟာ လက်တလုံးလောက် ကွာနေပါတော့တယ်၊ ခရီး တတိုင်လောက်လည်း သွားမိရော ထမ်းပိုးကိုလူကထမ်းဖို့ မလိုတော့ဘူးဘုရား၊ တောင်းထဲမှာထိုင်ပြီး လိုက်သွားတော့ထာပါပဲ"

ဆရာဘုန်းတော်ကြီးမှာ များစွာ သဘောကျတော်မူသည့် အတွက် "မင်းတို့ အခုပြောသွားတဲ့ စကားတွေထဲမှာ စကားတောင်စားရဲ့ ထမ်းပိုးကသာပြီးကောင်းတယ်ဟေ့" ဟု ချီးမွမ်းစကားဆိုတော်မူ၏၊

ထိုကဲ့သို့ စကားထောင်စား အနိုင်ရသွားသည်ကို ညို့မခံနိုင်ပါ။ သို့ဆိုတော့က ဤသို့ စကားစတင်၏။

"ဟေ့ ပူးသီးဘယ်လောက်ကြီးတာကို မင်းတို့ မြင်ပူးကြလဲ"

"အမယ် ငါမြင်ပူးတဲ့ ပူးသီးက မင်းတို့ အခုပြောမယ့် ပူးသီးထက် နည်းနည်းပိုကြီးတယ်ဟေ့"

စကားထောင်စားက ပိတိပြောလိုက်ခြင်းဖြစ်၏၊ လေက်တို့နှင့် ညို့တို့မှာ ထိုတခွန်းတည်းနှင့် ရှုံးသွားကြလေ၏။

ညို့နှင့် လေက်တို့သီအကြောင်းမှာ ဤမျှအထိ အပြစ်ဆိုစရာ မရှိစေးပါ။ သို့ရာတွင် ဓနာက်ထပ်တွေ့ရသော ညို့နှင့် လေက်တို့အကြောင်း ယုံဘမ်းစကား ပုံပြင်များမှစမူ လေက်တို့နှင့် ညို့တို့၏ သိကွာကို ထိခိုက်ပေ၏။

မည်ကဲ့သို့ ဖော်ပြထားကြထနည်းဆိုသော်–

ညို့နှင့် လေက်တို့သည် တခုသော ညနေချမ်းတွင် ဘုန်းတော်ကြီးကျောင်း တကျောင်းကို မြင်သောကြောင့် ယနေ့ အဖို့ဟု ဤကျောင်းတွင်ပင် စခန်းချကြစို့ဟု တိုင်ပင်စာကျောင်းပေါ် သို့ တက်သွားကြ၏။ ဘုန်းထော်ကြီးကို ဝတ်ပြည့်အပြီးတွင်-

"ဒကာတို့က ဘယ်ဓာလဲ"

"တပည့်တော်ဓာ ချည်ပါဓုပါဘုရား၊ ညို့လို့ခေါ်ပါတယ်၊ ဟိုကထော့ ပခန်းထား လေက်တိုလို့ ခေါ်ပါတယ်ဘုရား"

"သွား....သွား အခုဆင်းသွားကြ၊ နှစ်တို့ လူလိမ် လူညာတွေ၊ သွား....သွား....အခုမြန်မြန်သွားကြစမ်း"

ညီုန့်ငံ့ လေက်တိုမှာ မည်သို့မှ ဆက်လက် လျှောက်ထားရန် မကြိုးစားဝံ့တော့ပါ။ အသာဝတ်ချပြီး ဆင်းလာကြရာ ကျောင်းလေ့ကာ လက်ရန်းတွင် သစ်သား၊ကို ထုလုပ်ထားသော ခွေးရုပ်တရုပ်ကို မြင်ကြရလေ၏။ ညီုသည် ဘုန်းတော်ကြီး အားတွင် သစ်ထား ပန်းပုရုပ်အချို့ ရှိနေသည်ကို သတိထား၍မိရာ ဤမှာ ဘက်တွင် စိတ်ဝင်စား၍ကြောင်း အကဲခတ်မိသည်၊

ထို့ကြောင့် ငညီုသည် ငလေက်တိုကို နောက်သို့တွန်းပစ်ပြီး ငယ်သံပါအောင် အော်လေသည်။

"ဆရာတော်ဘုရား.... ဆရာတော်ဘုရား၊ ကယ်တော်မူပါဘုရား၊ အရှင်ဘုရားရဲ့ခွေးကို ကြောက်လှချေရဲ့ဘုရား၊ ကိုက်တော့မယ်ဘုရား၊ လုပ်ပါဦး"

ထိုအော်သံကြောင့် ဘုန်းတော်ကြီးသည် ထလာတော်မူသည်၊

"ဟဲ့ ဒကာ....ဘာဖြစ်တာလဲ"

ညီုမှာ မျက်လုံးပြူးလျက် ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ခွေးရုပ်ကို လက်ညှိုးထိုးပြ၏။

"အရှင်ဘုရား၊ ခွေးက ကိုက်တော့မယ်ဘုရာ့၊ ကြည့်တော်မူပါဦးဘုရား"

ဘုန်းတော်ကြီးမှာ အသားပေးကာ လက်ရန်းပေါ် တင်ထားသောဇရုပ်ကို ခွေးဆစ်ဟု ထင်နေပါကလား၊ ဟု ဆလွန်ထဘောကျသွား၍ ရယ်မောလေ၏။

"ဟဲ့ဒကာရဲ့....အဲဒါဟာ သက်ရှိခွေး မဟုတ်ဘူးဟဲ့၊ သစ်သားကို ပန်းပုထုထားတဲ့ဇရုပ်ဟဲ့"

"အမယ်လေး... အရှင်ဘုရား မိန့်တော်မူလို့ ဆရာပဲမှန်း သိရတော့တယ်၊ တကယ့်ခွေးကြီး ကိုက်တော့မယ်ထင်လို့ဘုရား"

ဦးညိုက ယခုမှ အကြောက်ခြေသွားဟန်နှင့် ပြောသောအခါ ငလက်တိုကလည်း-

"တပည့်တော်က အမဖင့်မဲ့မို့ မမြင်ဘူးဘုရာ့၊ ကိုညိုအော်လို့ ကြည့်လိုက်တော့ တပည့်တော်လည်း ကြောက်အား လန့်အားနဲ့ ယောင်ပြီးနေမှ ဆုတ်မိတယ်ဘုရား၊ လက်ရာမြောက်မဲ့ကတော့ တကယ့်ခွေးပါဘုရား၊ ထပြီးတော့ပဲ ဟပ်တော့မလိုလို ခွန်ပြီးပဲ ကိုက်တော့မလိုလို"

"ဒါလောက်တောင်မလားဟဲ့"

ဘုန်းတော်ကြီးသည် ငညိုနှင့် ငလက်တိုတို့ကို ကျောင်းထဲသို့ပြန်ခေါ်ပြီး ကပ်ယကို ခေါ်ကာ ဂုက်ဒပျော်သီး၊ ထန်းလျက်စသည်များ ထုတ်ပြီး ဧည့်ခံစေထုက ကျေနပ်စွာ မေးမြန်းခြင်း ဖြစ်၏။

ငညိုလည်း ဆာဆာနှင့် ဂုက်ပျော်သီးဘေ တလုံးပြီး တလုံး စားယင်း "အရှင်ဘုရားပြောလို့သာ အရှပ်ပဲကလေးလို့ သိရပါတော့တယ်ဘုရား" ဆို၏။ ငလက်တိုကလည်း အညံ့မခံပေ၊

"တပည့်တော်လည်း ခရီးသွား ခရီးလာ များပါတယ်ဘုရား ဒါလောက်အသက်ဝင်တဲ့လက်ဆု မမြင်ဖူးပါဘူးဘုရား"

ဘုန်းတော်ကြီးမှာ သဘောကျပြီးယင်း ကျနေသည့်အတွက် ကပ်ယကြီးအား ထပ်မံခေါ်ဖြန့်၏၊

"ဒကာနှစ်ယောက် ညစာ မျက်စားဖို့ အိုးခွက်ပန်းကန် အစုံအလင် ဆန် ဆီ ဆား၊ ငါးပိ ကြက်သွန်၊ ဂျုတ်နဲ့ လိုအာဇာပ

ထုတ်ပေးလိုက် ကပ်ပိယကြီး၊ ဒကာတို့ ကျောင်းရှေ့က ဇရပ်ပေါ်မှာပဲ အေးအေး ဆေးဆေး ချက်စားကြပေဗျာ့၊ အလျင်မလိုလည်း တရက်တန်သည် နှစ်ရက်တန်သည် ဝန်ကြဦး၊''

ဆရာတော်ဘုရား ထိုသို့ မိန့်ကြားနေစဉ် လေက်တိုသည် ကျောင်းရှေ့ရှိ သစ်ပင်တပင်ကို တအံ့တသြ လက်ညှိုးထိုးပြကာ-

''ကိုညိုရေ ကြည့်လိုက်စမ်း....ကြီးလိုက်တဲ့ ကြက်ဟင်းခါးသီးတွေဗျာ၊ ကျုပ်တသက်မှာ ဒါလောက်ကြီးတဲ့ကြက်ဟင်းခါးသီးကို တခါမှ မမြင်ဖူးဘူး''

ဘုန်းတော်ကြီးမှာ ရယ်မောရင်ဖြန့်ပြီး၊

''ဟဲ့ဒကာ့ရဲ့ ...အဲဒါ ပိန္နဲသီးခေါ်တယ်၊ ကြက်ဟင်းခါးသီးမဟုတ်ဘူးဟဲ့၊ ညြော်... တကယ်လည်း ဆကြားဆမြင် နည်းပါးတဲ့ ဒကာပါကလား၊ ဆင်း....ဟဲ့ ကပ်ပိယကြီး ကျက်သရေခန်းထဲက မှည့်နေတဲ့ ပိန္နဲသီးတလုံး ပေးလိုက်စမ်းပါလေ''

အလွန် ရိုးသားပြူစင်သော၊ စိတ်ကောင်း စိတ်မှန်ရှိသော ဘုန်းတော်ကြီးသည် ထိုသို့ဖြင့် ထမင်းဟင်း ချက်ပြုတ်ရန်အတွက် သာမက သားရေစာအဖြစ် စားနိုင်ရန် ပိန္နဲသီးတလုံးပင် ပေးလိုက်သော၏။

နောက်တနေ့တွင် ဆရာတော်ဘုရား ဆွမ်းခံပြန်လာချိန်တွင် ညြိုနှင့် လေက်တိုတို့သည် ဘုန်းတော်ကြီးအား လာဆောက်ဝတ်ဖြည့်ကြရာ ယမန်နေ့က အကြောင်းများကို သတိရသော ကြောင့် ပြုံးပြီး မေးတော်မူသည်။

''ဟဲ့....ဒကာ၊ ငါစွန့်လိုက်တဲ့ ပိန္နဲသီး စားလို့ ကောင်းရဲ့လား၊''

"ကောင်းတော့ ကောင်းပါတယ်ဘုရား၊ ကိုလက်တို့ချက်တာ ငါးပိနည်းနည်း များသွားသလိုပဲဘုရာ့"

ညည်း၏အဖြေကို ကြားရသောအခါ ဆရာတော်ဘုရားမှာ ရယ်မောတော်မူရပြန်၏။

"ဩော်... ပိန္နဲသီး အမှည့်ဆိုတာ ဒီအတိုင်း စားရတာဟဲ့ ဒကာရဲ့၊ ဟင်းချက်စားရတာ မဟုတ်ဘူး။ ဆရက်သီးမှည့်များ စားသလို စားရတာ"

"ကဲ... ဘယ့်နှယ်ရှိစ ကိုလက်တို့ ဆရာတော်ဘုရားကျောင်း ပေါ်က နှင်ချလည်း ချစရာပဲ ခင်ဗျားလုပ်ပုံက"

"ကျုပ်လည်း ရမ်းမှန်းပြီး လုပ်မိတာပဲဗျာ၊ အပြစ်တင်လည်း ခံရတော့မှာပဲ"

ညည်းက အပြစ်တင်ထဖြင့် ဝလက်တို့မှာ အောက်ကျိုသံကလေးဖြင့် ဝန်ခံနေရာ ဆရာတော်ဘုရားက နှစ်သိမ့်လိုက်ရ၏။

"ကိုင်း... ကိုင်း တယောက်နဲ့ တယောက် အပြစ်တင်မနေကြနဲ့ နောက်တလုံးယူသွားကြ၊ အပိုယကြီးရေ ချက်ချင်းခွဲပြီး စားနိုင်တဲ့ ပိန္နဲသီးတလုံး ပေးလိုက်ပါဦးလေ၊ ဒီတခါတော့ ငါးပိနဲ့ မချက်နဲ့နော်"

"မှန်ပါဘုရား"

"အခုမနက်စာကော ချက်ပြီးကြပြီလား"

"ပြီးခဲ့ပါပြီဘုရား"

"ဘာဟင်းချက်ကြလဲဟဲ့"

"မြောက်ဘက်ခြမ်းသားပါဘုရား"

မြောက်ဘက်ခြမ်းသား ဆိုသောစကားကို ဆရာတော် နားမလည်ချေ။ သို့ရာတွင် "ကြော်...သူတို့ရဲ့ ကာလမှော် ဘန်းစကားထင်ပါရဲ့။ သို့မဟုတ်ယင်လည်း အရိပ်ဒေသသုံး စကားဖြစ်မယ်ထင်တယ်' ဟု တွေးကာ ဘဒ္ဒသာလဲ့ ဘာကိုခေါ် တာလဲဟု ဆက်မမေးတော့ချေ။

ဤသို့ဖြင့် ငညိုနှင့် ငလက်တို့တို့သည် မြောက်ဘက်ခြမ်းတို့ချည်း ထပ်တလဲလဲချက်စားကာ သုံးလေးရက်ကြာမျှ နားနေပြီးမှ ဇရပ်မှ ထွက်ခွာသွားကြလေ၏။

သွားခါနီးတွင်လည်း ကျောင်းသား ဆရာ တဖောတ်ဖော်း အိပ်ပျော်နေစဉ်တွင် ခွေးလွှဲယောင်မှန်တွေ့ ပုတ်ပေးဘည်။ ယားယံပြီး ထိုကလေးငိုသောအခါ ငညိုနှင့် ငလက်တို့သည် ဗယောဂ ကူတတ်ဟန်ဆောင်၍ ခဲဖြူသီးမှန်တွေ့ ပုတ်ပေးရာ ဆော့ဂါပျော်က်သွားလေ၏။ ဤနည်းဖြင့် ဘုန်းတော်ကြီးထံမှ ဆေးဖိုးဝါးခများစွာ ရရှိသွားသေးသည်။

ဘုန်းတော်ကြီး ထိုင်နေကျဖြစ်သော နေရာမှလွဲမ်းကြည့်လျှင် မြင်နိုင်သော နေရာတွင် ပူးစင်တစင်ရှိသည်။ ပူးသီးတွေ့ များစွာသီးနေသည်။ သုံးလေးရက်ကြာမှ ခူးရမည့် ပူးသီးများ လေးငါးဆယ်လုံးရှိသည်။ ကျောင်းသည် မြောက်ဘက်သို့ မျက်နှာပြုထားသောကြောင့် ပူးစင်သည် ကျောင်း၏ မြောက်ဘက်တွင် ရှိလေသည်။

ငညိုနှင့် ငလက်တို့တို့ ရက်ဆက် နေ့ဆက် ဈေးစားသော မြောက်ဘက်ခြမ်းသားမှာ မည်ဆည်းဆာ ဖြစ်သနည်း။ သူတို့ ထွက်သွားပြီး နှစ်ရက်ကြာသောအခါ ကတ္တိယကြီးသည် ခူးရန်

သင့်သော ပူးသီးမျိုးစေ့ကို သွားရောက်ခူးသည်။ ဆွေယ်သင့် ပူးသီးမျိုးများမှာ တခြမ်းသာရှိတော့သည်။

ဘုန်းတော်ကြီး ကျောင်းပေါ်မှ လမ်းကြည့်လျှင် ပူးသီးတွေ လုံးရေမပျက် ရှိနေစေရန်အတွက် ညဦးနှင့် ငလက်တိုတို့သည် ပူးသီးမျိုး၏ မြောက်ဘက်ခြမ်းကို ဝေးနှင့်လှီးယူပြီး ခြင်္ကေစား သွားခဲ့ကြ၏။ ကပ္ပိယကြီးနှင့် ဘုန်းတော်ကြီးမှာ မြောက်ဘက် ခြမ်းဆားသည် ပူးသီးပါတကားဟု ထိုအခါတွင်မှ သိကြရလေ တော့သည်။

လှတောသား

လှထောသား စကားများကို တင်ဆက်ရာတွင် လှတော သားရွှေတွင် စကားတောင်စား နာမဝိသေသနကို မထည့်ပါ။ အကြောင်းမူ၁ လှတောသားကို အခြား နာမဝိသေသနတွဲပြီး ဂုဏ်တင်ရန်မလို။ အလိုအလျောက် "လှတောသား" သုံးလုံး တည်းနှင့် ဂုဏ်တင်ပြီးသား။ ဂုဏ်ရောင်ပြောင်ပြီးသား၊ လူသိ ထင်ရှား ကျော်ကြားပြီးသောကြောင့် ဖြစ်ပေသည်။

"စကားဝိဇ္ဇာများနှင့် လှထောသား" စာအုပ်တွင် လှတော သားများ တောင်ကြောင်း၊ ရေခဲမြေခဲ ကောင်းသောကြောင့် ထလေးကဘစ တောင်ကြောင်း၊ စောသမျောက်လည်း ပညာ မဟုသုတ စုံဆောင် လေ့လာကြကြောင်း ရေးခဲ့ပြီးပါပြီ။

ရေးခဲ့ပြီးသော်ငှာ ထိုစာစားကိုပင် ထပ်မံညွှန်းရလျှင် လှတော သားစကားကို နှစ်သက်ကြ၊ လေးစားကြ၊ စံပြုကြရခြင်းမူ၁ လိုလေသေးမရှိ ပြည့်စုံလေးနက်သော စကားများ ဖြစ်နေသော ကြောင့် ပြောစမှတ်ပြုကြရ စံတင်ကြရခြင်းဖြစ်၏။ ကျေးရွာ ထာဖြစ်သော်လည်း သိပ္ပံပညာနှင့်လည်း မစိမ်းပေ။ ရာဇဝင် မဟာဝင်နှင့်လည်း ရင်းနှီးသည်။ လောကီ လေ၁ကုတ္တရာပိုင်း တွင်လည်း ရဆည်။

ထို့ကြောင့် ခေတ်ပေါင်းတွင် စကားတော၁င်စား၊ ခေတ် သစ်တွင် လှထောသား၊ဟု ဆိုသင့်ပေသည်။ ယခု လှတောသား စကားများကို တင်ဆက်ရာတွင် စကားဝိုင်းများ၌ ပါလာတတ်

သော လှတောသား စဆားများကို မွတ်သားထားသည်များ ပါပါသည်။ ဗဟုသုတ ကြွယ်ဝသူများထံ မေးမြန်းရှိလည်း မွတ်သားပါသည်။ စာနယ်ဇင်းများမှလည်း ရတတ်ပါသည်။

ထိုကဲ့သို့ စုဆောင်းထားသော လှတေးသား စကားများ ကို နှစ်သက်ရွင်ပြုံးကြစေရန် ရွေးချယ်တင်ဆက်လိုက်ပါသည်။

ကုပါဆိုမှ ကုန်

လှတေးသားတယောက်သည် ဗထူး အားကစားကွင်းတွင် ဘောလုံးပွဲရှိသည်နှင့် ကြုံသောကြောင့် ရောက်တုန်းရောက်ခိုက် ကြည့်ဖြစ်အောင် ကြည့်မည်ဟု ဝင်ကြည့်၏။ ကြည့်၍ ဆယ်မိနစ် မပြည့်မီ...

"ကွင်းကြီးက ဆောင်းပါ့၊ လူတဘော့ တို့ဆီတလူလောက် တောင် မတော်ပါဘူးလား"

သူပြောနေဆဲတွင် မြောက်ဘောအလုံး တက်လာထည်း ဘောလုံးသမားသည် ပြေးပြီး ခေါင်းတိုက်၏။ အကျင့်ပါနေသဖြင့် လက်နှစ်ဘက်ပါ မြောက်တက်သွားလု လှတောသားက-

"ဘောလုံးကန်ပါဆို ကုန်ဘယ်ကွာ၊ ဘောလုံးကွင်းထဲလာပြီး နှတ်ကတော်က ထုန်သလားမွတ်ရ"

စိတ်ညစ်နေသော ပွဲကြည့်ပရိသတ်မှာ ထိုအခါကျမှ ရွှင်လန်းစွာ ရယ်မောရလေ၏။

ကံ ကံငယ် ခေါ်ဆို သာ

ဦးကြီးတယောက်သည် ခင်မင်ရင်းနှီးသော ဆရာဝန်တဦးသည်တယောက်ကို ဇွတ် ထမင်းစားဖိတ်ကာ အိမ်သို့ ဆွဲခေါ်လာ၏။

ရောနှောအစရှိသည်ဖြင့် ညှော်ခံစက်ဝါးပြောယင်း ဖွယ်ဖယ်ရာကျေးမွေးရန်အတွက် သားဖြစ်သူကို ကြက်အချက်ခိုင်းသည်။ သားမှာ ကြက်ကိုချက်ရန် အသားထဲဦး၊ ကြက်ကိုဖမ်းရှင်ပင် မရသေးချေ။ ကြက်ကို ပိန်းနှံးဖြင့် တနာရီပြီး တနာရီ စောင့်ဆိုင်းခဲ့ရာ အခါနှင်လင့်ပေပြီ။ ကြက်ဖမ်းသူလည်း မောမောနှင့် ပီးဖိုဘေးတွင် ထိုင်နေပြီ။

ဖခင်သည် ညီသည်အား အားနာစွာဖြင့်ပင် ထမင်းကျေးယင်း....

"သူငယ်ချင်းရေ အစိုန်လင့်နေတာနဲ့ ရှိတာကိုပဲ သုံးဆောင်ပေတော့။ ကြက်သားဟင်းချက်ရအောင် ကလေးကိုခိုင်းတာမင်းကံ မကောင်းတော့ အခု ကြက်ကို ရှာမတွေ့တော့ဘူး၊ ဘယ်ပုန်းနေတယ် မသိဘူး၊ ကြက်ကလည်းလည် ခင်းကံကနည်းနည်းနဲ့"

ကြက်လိုက်ရပြီး အမောသဲအဖတ်တင်သောကြောင့် ညှော်ထည်ကို အသာလှတ်မှန်းနေသော ထားငယ်စာည် ဖခင်၏ နှစ်သိမ့်စကားကို ကြားလျင် မကြားတကြားနှင့် ရေရွတ်လိုက်ပုံမှာ ဤလိုဖြစ်ပေ၏။

"ကံနည်းမှာပေါ့၊ မိတ္တဝိန္ဒက ဝင်စားသလားမှ မသိတာ"

မိတ္တဝိန္ဒကာသည် ဖြစ်ခဲ့ရာ ဘဝတိုင်း၌ တော်မြတ်မွေးဘပြီး

နောက်ဆုံးတဝမ္မဖြင့် ထမင်းဝိုင်းစားမသွားရသူဖြစ်၏။ ရဟန္တာတပါးသို့ စွပ်လူမေည့်ဆွမ်းကို တောမီးလောင်ရာ၌ စွန့်ပစ်ခဲ့ပူးသော အကုသိုလ်ဝိပါက်ဖြစ်၏။

ကိုယ်ဒုက္ခနှင့်ကိုယ်

လခစား အမှုကမ်းဖြစ်နေသော လူတော်သားဘယောက်အိမ်သို့ ရပ်ဝေးဥည့်သည် ရောက်လာသည်။ ထိုရက်မှာ လစာထုတ်ရက် ဖြစ်သောကြောင့် အားနာစရာမရှိလိုဟု ထင်နေသည်။ သို့ရာတွင် အထင်နှင့်အမြင် အမျှားကြီး လွဲနေသည်။

ဥည့်သည်အား အိမ်ရှင်မနှင့် ကလေးတွေထား ညဉ့်ခံကျွေးမွေးကြသည်။ အိမ်ရှင်ကိုကားမကွာ။ သူ့ကိုယ်စားစာကလေးတစောင်သာ ရောက်ရှိ၍ ဖတ်ပြမှ—

"ဆရာငေပျာ"

ကြေးရှင်ပွေ ဇီးကွက်ကို ကျိုက်ဒုက်ဆိုင်းသလို တောနင်းပြီး ရွာနေကြတဲ့အစာက ဆစ်ခါငါးထဲမှာ ပုန်းနေရပါတယ်။ တရက်နှစ်ရက်လောက ပုန်းနေပါရစေဦး၊ ကျွန်တော် မသိပဲလည်း ပြန်မသွားပါနဲ့"

ဟူ၍ ရေးသားပို့ရသည့်အတွက် ညဉ့်သည်မှာ ဖင်ဆောင့်၍ ရယ်မောနေရလေ၏။

ကောင်းချက် မောင်းနှက်ပုံက

မိုးကလည်းရွာ မူးရောကလည်းထောင်းစွာ လာသောကြောင့် လှုတောရွာ ဝန်းကျင်ရှိ လယ်ကွင်းများတွင် ရေပေးနေသည်။ အားကြိုးမာန်တက် လှုပ်ရှားနေသော ဦးကြီးများ၊ ချိုတေး သံးစားကြွဲကြွဲနှင့် ကောက်စိုက် နေသူများကို ဆွဲငင်လန်း စဖွယ် မြင်ရလေ၏။

လမ်းနှင့်မနီးမဝေး လဖက်ကွင်းတခုတွင် ကောက်စိုက်မများ ကောက်စိုက်နေကြသည်။ လယ်သမား လူငယ်လေးများလည်း ရှိကစိုက် နောက်ကျိုးခဲ့နှင့် အလုပ်များနေကြသည်။

ကောက်စိုက်မများမှာ စိုက်ရသည်မှာ အဆင်ပြေနေသော ကြောင့် လက်သွက်သည်၊ ထက်ကြွသည်၊ သေးတည်းညည်း ရှိကြသည်။ ဆရွယ်သင့်သင့် သောက်စိုက်မကြီး တယောက်မှာမူ တမန်းကောင်းပုံကို မအောင့်အည်းနိုင်ပဲ-

"ကောင်းလိုက်တဲ့တမန်း၊ သနပ်ခါးခွက်ထဲ လက်နှိုက်ရသလို နေတာပဲ၊ အေးပြီး အိနေတာပဲ"

ထိုသို့ တယောက်က အားအားကလေး ပီးရိုးကလေးထုတ် ဖော်ပြောသော်လည်း နောက်တယောက်မှ-

"ဟဲ့ကောင်လေးတွေ့ ဒီလယ်ကွက် ဘယ်သူ ထွန်တာလဲ၊ ထွန်တာတော်လွန်းလို့ သမက်ဖမ်းတန် ဖမ်းရအောင်လို့ဟဲ့။ ငါ့ဆီကို ကြိုက်ယင်တော့ ငါ့ကိုကြိုက်ရမှာဟေ့၊ ဆပြာဝမ်း၊ ထွန်တဲ့လူကို"

ပျိုးခဲ့နေသော လူငယ်ဘလေးများမှာ ဆေဖြေမပေးပဲ ကနို ဘင်းပေါ် တက်ပြေးကြသဖြင့် ကောက်စိုက်မများက ညှစ်သံ ပေးကာ ရယ်မောကြလေ၏။

ကောင်းလိုက်သည့်ထင်း

လူတောသားများသည် အိမ်တအိမ်တွင် အကြောင်း အခ လျော်စွာ စုမိကြသည်။ စကားပြောယင်း စားသောက်ယင်းနှင့် မီးဖိုကို ဝိုင်းထိုင်ကြသည်။ ဆောင်းရာသီ၏ ထုံးစံအတိုင်း မီးဖို ကို လူဝိုင်းခါမှ မီးမတောက်တော့ချေ။

ညည့်သည်တယောက်သည်–

"မီး-ခိုးလိုက်တာကွာ၊ မှုတ်ကြစမ်းပါ"

အိမ်ရှင်က–

"မီးက ကောင်းကောင်း မတောက်ပါဘူးဗျာ၊ နဘဲသစ် တွေမျှားလား မသိပါဘူး"

"နဘဲသားဆို ထာဘောင်ကောင်းသေးတယ်၊ မင်းတို့မဆိုက် တက်ယင်မဆိုက်တတ်ဘူး ပြောထားမဟုတ်ဘူး။ နဘဲသားက ဆိုက်တတ်ယင်ခတ်ခဲကို မီးဆိုက်ရသလိုနေတာပဲ ဟုန်းကနဲ– ဟုန်းကနဲ"

လက်ဟန်ခြေဟန်နှင့် ပြောလိုက်ရာ ရယ်မောသံများ ညံနေ လေ၏။

ကိစ္စမရှိပါ

ပျော်တတ် ရွှင်တတ်၍ မြက်နုလည်း ဆလုန်ကြိုက်သော လှတောသားကြီး အား ရင်းနှီးသူများက စကြ၏။

"ခင်ဗျားတို့ကိုက်တဲ့ ရှပ်ပဲ၊ သို့သော်လည်း ငယ်နေတယ်။ ခင်ဗျားနဲ့ ကွာလွန်းတယ်"

ထိုအခါ မြက်နုကြိုက်ကြီး ပြန်ဖြေပုံမှာ–

'ကိစ္စမရှိပါဘူး၊ ငယ်ချင်ငယ်ပါစေ လှယင်ဘော်ပါပြီ။ ငယ်လို့ကဘော့ ဘယ်လောက်ပဲငယ်ငယ်၊ သံသရာကနို့ ပူးကိုင်ပြီး စောင့်ရ စောင့်ရ"

သူ့အာဖြကို ကြားရသူများမှာ မရယ်မောပဲ မနေနိုင်ကြသောကြောင့် "ခင်ဗျား နာနေပါ့မယ်" ပြောကာရယ်မောကြရလေ၏။

❀ ❀ ❀

ကွန်တော့မှာပဲ

လက်ဖက်ရည် ဆိုင်ဘေးတွင် လူငယ်စာလေးတွေ ဒိုးဇက် တစားနေကြ၏။ သို့ရာတွင် တပွဲမပြီးသေးမီ အိမ်ကလိုက်ခေါ်သောကြောင့် တယောက်ထသွား၏။ နောက်တပွဲအစတွင် ညှို့သည်လာသဖြင့် တယောက်ထသွားပြန်ရာ ဒိုးဇက်ပိုင်ရှင်က

"မင်းတို့ဟာကကွာ၊ ဒေါ်ဥ တစ်ဇင်ချိုင်ဆလို တော်ကြာ ဟိုကိုင်းခွတ်လိုက် တော်ကြာ ဒီကိုင်းခွတ်လိုက်နဲ့ ခေါင်းတုံးဖြစ်ဆလို မင်းတို့လည်း တယောက်ထသွား တယောက်ထသွားနဲ့ ငါပဲ ကျန်တော့မှာပါကလား"

ဝိုင်းကြည့်နေသူများမှာ ပြုံးနေမိကြလေတည်း။

ကျောက်တိုင်လေထား လူလေလား

ထုံကား တောလုံးသင်းနှင့် ချောကျင် တောလုံးသင်းတို့ ကစား၊ စည်ကာ ဖြစ်သည်။ အခြားနေရာမှ လူမျိုးများမှာ ပြောစရာမရှိသော်လည်း နောက်တန်းနှစ်ယောက်မှာ ထဘက်သင်းနှင့် စာလျှင် ဒေလွန်ညံ့သည်။ တောလုံးထောက်လာလျှင်လည်း ခါးထောက်ပြီး ရယ်နေသည်ကများသဖြင့်-

"ဟလိုလေးဟဲ့ တောလုံးသမားရဲ့၊ နောက်တန်းရယ်လို့ ထည့်ထားမိတာယဲ့ လူခင်စစ်က အယ့်နယ်ကြောင့် ကျောက်တိုင်တော့ ဖြစ်ကုန်ရတာလဲ့ မောင်ကန့်ရဲ့" ဟု အော်ရာ နောက်တန်းနှစ်ယောက်မှာ ပိုပြီး မလုပ်အတတ်မကိုင်တတ် ဖြစ်ကုန်ရာ ပွဲကြည့်ပရိသတ်မှာ တဝါးဝါး ပွဲကျနေကြလေ၏။

ကြီးပါ့ ထွားပါ့

လှတောသူဘဉီးသည် အလှလုပ်လို့သောကြောင့် ခန္ဓာလှးနှင့် အဆက်အသွယ်ရှိသော ကားသမားတယောက်ထံ အုန်းသီးကြီးကြီး ငယ်ခဲ့ရန် မှာကြားနေသည်ကို ကြားသော လူငယ်တယောက်က...

"အုန်းသီးတောင်းကောင်းလို့ချင်ယင် သောင်ပြင်မှာ သွားစယ်စမ်းပါဗျာ၊ မန္တလေးကို မှာနေလို့မလိုပါဘူး"

"ကြီးကြီးလို့ဇီလို့ဇီ"

"ကြီးပါတယ်ဗျာ၊ အုန်းသီးတလုံး တလုံးဟာ ဆင်ခေါင်းလောက် ရှိတယ်"

ထိုအခါ ကြားဖောက်ပြီး တယောက်က မှုတ်ချက်ချပုံမှာ....

"ဟုတ်ပါတယ်၊ ဆန်စေ့ကိုထုထားတဲ့ ဆင်ရွဲပ်ရဲ့ ခေါင်းလောက်ရှိတဲ့ အုန်းသီးတွေ ပေါပါတယ် အများကြီးပဲ"

အုန်းသီးလိုချင်သော အဒေါ်ကြီးမှာ ယုံရအောက် မယုံရအောက်နှင့် ရယ်မောနေရတော့သည်။



ကြီးပုံကိုတင်စားခြင်း

သက်ဆာဆိုင်ထဲသို့ လူတယောက်ဝင်လာကာ လက်ဖက်ရည်တခွက်နှင့် နံပြားတခု မှာကြားသည်။ နံပြားကို လက်ဖက်ရည်ဆွတ်ပြီး စားလေ့ရှိကြ၏၊ ထိုအခါ စားပွဲထိုးက ပို၍ သေချာစေရန် မေး၏၊

"နံပြားတ ဓာခုလား၊ နှစ်ခုလား"

"အလိုလေးကွာ၊ နှစ်ခုစားရအောင် မင်းတို့လက်ဖက်ရည်က ဘယ်လောက်များများ ပါလို့လဲ၊ လက်ဖက်ရည်ပန်းကန်တဲ့ ယင်အောင်ရဲ့ မျက်လုံးလားမှတ်ရ"

သူတို့ဆိုင်က လက်ဖက်ရည်ပန်းကန် အသေနိုင်ယ်ဆည်ဟု ပြောခြင်းဖြစ်ရာ စားပွဲထိုးမှာ အောင့်သက်သက်နှင့်ပြုံးနေရရှာသည်။

ကြော်ရှိများ ကြည့်ရလျှင်

"အဘွားလေး အသက်ရှစ်ဆယ် ကျော်ပြီလားဟင်"

လူငယ်လေးတယောက်က ရှဲပွက်ထဲတွင် တုန်တုန်ချည်ချည် လျှောက်လာသော လုတော်ရွာသူ အဘွားအိုတယောက်အား လှမ်းကောင်းသို့ ရောက်အောင် တွဲပို့ယင်းမေးရာ....

"ဆိုလိုလေး ဘွားလေးအထက် မေးခဲ့နေမယ့်အစား ဘွားလေး အသာကို ရှာလာစားရည်နဲ့ကျွေးတောင် မမှတ်ဘူး၊ ဆီမျှားမျှားနဲ့ ကြော်ယင်တော့ နည်းနည်းပါးပါး ကြွပ်မလား မသိဘူး"

ဤသို့ဖြင့် လူငယ်ကလေးမျာ့မှာ လှတေးလေ လှတေးမခန် ဝင်လာစေရန် ပူးသွင်းပေးခြင်း ခံကြရလေ၏။

ကြံကြံယေမှ ဖန်ဓနံ

ရွှမ်ရှင်ပြမည် ကြားသောကြောင့် တလေးတွေ တပြုံကြီးနှင့် ထွက်လာသော အမျိုးသမီးတယောက်ထည် ကခုလာနေသော ကြောင့် ရပ်စောင့်နေစဉ် ရင်နှီးသော ဦးကြီးတယောက်သည် အနားရောက်လာ၏။ ကလေးတွေကို ပုံ့ကြည့်ပြီးမေး၏။

"အင်အား ဆက္ကန်ပဲလား၊ အထီး ဘယ်နှစ်ယောက်၊ အစ ဘယ်နှစ်ယေခက်လဲ"

"အခုလာတာတော့ ငါးယောက်တည်းပါဦးလေး၊ အိမ်မှာ ကျန်ခဲ့ဘာဆောဆိုယင် ယောကျ်ားထလေး ခုနှစ်ယောက်၊ မိန်း ကလေး သုံးယောက်"

ထိုအခါ စတင်မေးသော ဦးကြီးက...

"သားရှင်ပြုလို့တော့ ရပြီဟေ့၊ ဒါပေမယ့် လျှပ်စစ်မီးသာ ဆိုယင် မီးထွန်းလို့ လင်းမှန်းမသိဘူးဟ၊ အဖိုးတော်ဆ မျှားခန ပါကလား၊ ရေနံဆီဖြုန်း ဖယောင်းတိုင်ဖြုန်းတွေပဲဟေ့"

ရပြာဆိုလိုက်သွားသဖြင့် ကလေးတို့အားမမှာ ရယ်မောပြီး ကျွန်ုပ်ခဲ့လေ၏။

*

ကြွကြွမန်မန် ရုန်ကုန်သူ

မိခင်ဖြစ်သူသည် လယ်ထဲသို့ခဏသွားပါ ဟုတောက်ခေါက်တွင် အချိန်ပြုန်းခန့်သော သားဖြစ်သူက ရောက်လာခဲ့ပြီး....

"ဟဲ့ကောင်လေး မှားထဲမှာ ရေထိုးနေတယ်၊ အဲဒါကြောင့် ကိုယ့်လယ်ထဲက ကန်သင်းကျိုးပြီး သွေးလယ်ခတ္တ နွစ်ကုန်ယင် အားနာစရာပဲဗျာ"

"မကျိုးပါဘူး အမေရာ၊ ခေါင်းမာကျိုးမှာ ကောင်းတာကိုး"

"ကျိုးယင် ဘယ်နှယ်လုပ်မလဲ၊ နင့်မေ့ခင် ကတည်းက လယ်လုပ်လာလို့၊ ဒီလယ်ရှိသဘော ဒီမှုရှိသတောကို နှင့်ထက် သိလို့ ပြောနေတာ"

"အမေကလည်း ကိစ္စမရှိပါဘူးဗျ" သားဖြစ်သူက စိတ်မရှည်သံနှင့် ပြောသောအခါ မိခင်သည် တုတ်တုတ်ဝင့်ဝင့်နှင့် ရေရွတ်နေပုံမှာ

"အလိုလေး မနေ့ကမှ ငါမွေးလို့ လူဖြစ်လာတဲ့ကလေးက ငါ့ထက်သိချင်လို့တဲ့၊ ဘယ့်ရမလဲ ဟင်း မုတ်ဆိတ်ထက် သွားက ရှည်ချင်သတဲ့"

တောက်ခေါက်ဝိုင်းမှ လူငယ်များမှာ ရယ်မောစနေကြရင်လေ၏။

ကြက်ဥပုလင်း

မိတ်ဆွေ လူတောသားနှင့် မိတ်ဆွေ ရွှေကျွဲရွာသားတို့ ကျောက်လမ်းပေါ် တွင် မမျှော်လင့်ပဲ ဆုံမိကြရာ ဝမ်းသာအားရ နှုတ်ဆက်ကြ၏။ ပြီးလျှင် ရွှေကျင်ဆားသည် သူငယ်ချင်းအား ကြည့်ကာ....

"ပိုန်လှချေလား လူရာ၊ ဝအေစင် ကြက်ဥလေး ဘာလေး မှီဝဲစမ်းပါဦး"

"ကြက်ဥကို ဘယ်လိုလုပ်ရမှာလဲ"

"အလုံးလိုက် သောက်ပေါ့ဗျာ"

ရွှေကျင်ဆားသည် အလုံးလိုက် ဖောက်သောက်ရန် အကြံပေးခြင်း ဖြစ်သော်လည်း စကားမှာ မပြည့်စုံချေ။ ထို့ကြောင့် လူတောသားက....

"အလိုလေးလူရာ၊ အလုံးလိုက် မျိုလို့သာ ဝှမယ်ဆိုယင် လက်ဖက်ရည်ဆိုင်က ကြက်ဥပုလင်းတွေဟာ ခဏခဏ ကွဲထွက်ကုန်တော့မှာပေါ့"

ရွှေကျင်ဆားမှာ ကိုယ့်စကားနှင့်ကိုယ် မိကာ ရယ်မောနေရလေ၏။

ကြောက်စရာပါလား

နွားလှည်းသည် လယ်ကွင်းထဲတွင် ဖောက်ထားသော လမ်းအတိုင်း တဖြောင်းဖြောင်းလျက် ရှိသည်။ ပုန်ချို့ငှဲ့မျှားကိုတွေ့လျှင်

ဘေးက ကွေ့မောင်းသည်၊ ကန်သင်းတွေကို ကျော်တက်ရာ လှည်းမှာ အဆက်မပြတ် ဆောင့်နေသည်။

လူကြီးတယောက်မှာ လှည်းရံတိုင်ကို တဆွဲကိုင်ပြီး လိုက်လာရတာမတတ်တတ်ရပ်ပြီး လှည်းမောင်းနေသော လူငယ်လေးအား အော်ပြောသည်။

"ဟဲ့ကောင်လေး၊ ထိုင်မောင်းစမ်း ထိုင်မောင်းစမ်း"

လှည်းမောင်းသူသည် ကြားဟန် ဆိုရုံတွင် မထိုင်ချေ။ ထိုအခါ ထိုင်နေသူက....

"ဟဲ့ကောင်လေး ထိုင်ပြီး မမေခင်းယင် ဓုက္ခတွေ့လိမ့်မယ်၊ ဒီလမ်းကို ဒီပုံအတိုင်းလည်းမေခင်းမယ်၊ မတ်တတ်လည်း လိုက်မယ်ဆိုယင်တော့ အိမ်ပြန်ရောက်ယင် "သင်းကွပ်"ပြီးသား ဖြစ်ပြီ မှတ်ပေတော့ဟေ့"

ခရမ်းချဉ်သီးနှင့် တွဲစရာ

ရုံးပိတ်ရက်ဖြစ်၍ မန္တလေးမှ မိတ်ဆွေများ လှတော်သို့ လစရောက် လည်ပတ်ကြယင်း ပိုမေး သည်မေး လုပ်ကြရာ ဝက်လက်အကြောင်း ရောက်သွားသည်။ ထိုအခါ အကူးအဆန်း ဝယ်စရာခြမ်းစရာ ရှိလိုရှိငြား သဘောနှင့်....

"ဝက်လက်မှာ ဒီရာသီ ဘာတွေများပါလဲ ဦးလေး"

"ဒီရာသီမှာတော့ ခရမ်းချဉ်သီးနဲ့ အစည်းအဝေးပဲ ပေါတယ်ဟေ့၊ ကျန်တာကတော့ ဘာမှမပါဘူး"

ခလုတ်ကလေးယော်ငယ်

သူငယ်တလေးထည် ဂျပ်ဘက်အိမ်မှုပြစ်၏၊ မိခင် အဝယ် သွတ်သေဘစ္စည်း သွားစယ်ရာက ပြန်လာစဉ် ဟိုဘက်အိမ်ဘုင် ဥည့်သည်တော့ ဆော့က်နေသည်ကို တွေ့ရ၏။ ထို့ကြောင့် ငေးမောပြီးလာရာ ဝင်းဝအဝင်တွင် ရှိနေကျဖြစ်သော ငုတ်ကို တိုက်မိဘာ လဲလေရာ ဖိနပ်လည်းပြုတ် ဒူးလည်း တဆောင် လောက် ပွဲသွး၏။

ထိုအခါ မိခင်က—

"တိုက်ဟဲ့ တိုက်ဟဲ့ သုံးတောင် ခလုတ်ကိုတောင် ဖြုတ် ဘလေးဟဲ့လို့ ပြေးပြီး တက်နင်းပေး"

စဘက်အိမ်မှ ညည့်အည်များမှာ ဝေါတနဲ့ ရယ်ကြလေ၏။

ခမ်းနားစေချင်လွန်းလို့

လူငယ်၏ အိမ်ကခလေးမှာ ယော်သော်လည်း သပ်ရပ်သည်။ နေချင့်စဖွယ်ရှိသည်။ လိုအပ်ရာရာများ ပြီးပြည့်စုံခန့ပါလျက် သူငယ်သည် ဝါနှီးပြားများနှင့် "ပဌက်ဆောင်" ထရံတချပ် ရက်နေသည့် အတွက် တဘက်အိမ်မှ သူ့ဦးလေးတ လှမ်းမေး၏။

"ထရံရက်တာက ဘယ်မှာ ကာဖို့လဲကွ"

"မီးဖိုထဲမှာ ကာဖို့ပါဦးလေးရယ်၊ ထမင်းစားခန်းနဲ့ မီးဖို ခန်း တခြားစီဆိုတော့ ကောင်းဘာပေါ့"

ထိုအခါ ဦးလေးက....

"အလိုလေးကောင်ရာ အိမ်ကြည့်တော့ဖြင့် အောက်ကွက် တကွက်စာတောင်မကျယ်ပဲနဲ့၊ ညှော့ခန်းမီးဖိုခန်းနဲ့ ထမင်းစားခန်း ခဲ့ဦးမလို့လားဟ"

လွမ်းသွားလမ်းလာများမှာ လှည့်ကြည့်ပြီး ရယ်မောသွားကြလေ၏။



ချိုးမှမ်းသည်က အလျင်

"အမယ် လှတောက ထတင်းစာ နွေချင်းဆောက်တဲ့ နေရာပါထလား"

လက်ဖက်ရည် သောက်နေသူတဦးသည် လခပို့သော်သတင်းစာကို ဦးစွာထယူလိုက်ပြီး မျက်နှာဖုံးသတင်းကိုဖတ်ယင်း ရက်စွဲကိုကြည့်ပြီး အော်လိုက်ရာ ဆိုင်ရှင်က—

"နွေချင်းတူပေမယ့် လူချင်းမတူပါဘူးကွာ၊ အလိုလေးဟဲ့ မျက်လုံး၊ ဒေဝဒတ်ကုထားတဲ့ မျက်လုံးလားမှတ်ရ"

ဆောက်ရှိဆဲ ရက်ထည် ဖေဖော်ဝါရီ ၁၀ ရက် ဖြစ်ပါက သတင်းစာမှ ရက်စွဲသည် ဇန်နဝါရီ ၁၀ ရက် ဖြစ်နိုင်ခြင်းကို ရည်ညွှန်းလိုက်ရာ မောတ်သီများက ဝိုင်းဟားကြ၏။



ချဉ်မိုင်မိုင်ကျန်သေး

ဤကလေးသည် အေးဆေး၏။ လူတပါးကိုလည်း မနှောင့်ယှက်။ စိတ်ကောင်း နှလုံးကောင်းရှိ၏၊ လူကြီးတွေ့ စကား

ပြောနေစည်သောတွင် ထိုင်ကာ လက်ကိုချည်းစုပ်၍ နေလေ၏။

လူကြီးမျှစ်းထည် ထိုစကားလေးကို မျောက်ခွံးအောင်ဆော့နေသော အခြားကလေးများနှင့် ယှဉ်နှိုင်းကြည့်ကြကာ-

"အေးတဲ့ ဘဝမှာတော့ နှင်းပွင့်တွေထဲမှာ ပါလစ်တဲ့ ထမင်းကြမ်းခဲလေးမှတ်ရ"

အမြွား တယောက်က်လည်း-

"အလိုလေး၊ လက်မစုပ်နေပို့မျစ်း နို့မျက်ကလေး ချိုလိမ့်ငုံထစ်းတာ ကျနေတာပဲ"

ထိုအခါ နောက်တယောက်တလည်း-

"ချိုလိမ် ပါပြီဆိုမှတော့ မထူးပါဘူးကွာ၊ ချဉ်မိုင်မိုင်သာ အစာဆင်ပေးလိုက်ပါတော့ စုံသွားရော မတုတ်လား"

စကားဝိုင်းမှာ ရယ်မောသံများ ဆူညံသွားလေ၏။



ချစ်ကြပါမေသည်

ပျော်ပျော်နေတတ်သော လူတောသား အပို့အိုတယောက်သည် တကိုယ်တည်းနေသူ ဖြစ်သည့်အတွက် အလွန်လွတ်လပ်သည်။ တခလသားငယ်မျှစ်းနှင့် ရောနှောကာ ရယ်မောနေရလျှင် အလွန်ကျေနပ်သည်။

တနေ့တွင် သူ့အကြောင်းကို သူပြန်ပြီး ပြောပုံမှာ-

"ငါဆလည်း မိန်းမဆို တယ်သဘောကျတာဟေလား၊ အဲဒါနဲ့ မိန်းမစုစုမြေ့လို့ ဟာမန်းတတန်းသွားပြီး လူရောင်ပြတာ ငါ့

သိက္ခာကို ဘယ်လောက်များ ယုံကြည်ထဲ့ဆိုတော့ ငါ့လည်းမြင်ရော၊ ကြက်မိသားစုကို စွန့်ထိုးသုတ်သင်သားမှတ်ရဲ့ဟ့။ ထခြေးလိုက်ကြတာ ဝေါဝေါ-ဝေ ဝေါနဲ့ နေတာပဲ''

ဆားရပါးရ ပြောလိုက်ရှာ လူငယ်များ ရယ်မောနေကြလေ၏။

ခွဲတမ်းကိုမျှော်

ဆာမဝါယမဆိုင်ထဲမှ ထွက်လာသော အာမျိုးသမီးသည် ညည်းတွားနေ၏။

''အိမ်ဈာ လူကလည်း ဆေးလိပ်သောက်လိုက်တာ မီးချောင်းကူးသောက်တယ်။ ဆန်စက်ခေါင်းတိုင်နဲ့ ဆေးလိပ် မကြာခဏ လူခေတ္တမူးကြတယ်''

မုန့်ဟင်းခါးသည်က နားကြားပြင်း ဖာတ်လာဟန်ဖြင့်-

''နင့်...ယောကျ်ား ဒါလောက် ဆေးလိပ်သောက်မှတော့ ပုဆိုးတွေမှာ အပေါက်ချည်းနေမှာပေါ့။ မထူးပါဘူးဟယ်၊ ငါးဖမ်းပိုက်ပဲ ပုဆိုးချုပ်ပေးလိုက်ပါ''

''ပိုက်က ပိုပြီးဈေးကြီးလို့ လုံချည်ခွဲတမ်း ပါမပါ လာမေးတာ မပါဘူးတဲ့''

''အလိုလေးလေး ပုဆိုးခွဲတမ်း မျှော်မယ့်အစား ပင့်ကူအိမ်သာ ပုဆိုးချုပ်ပေးလိုက်ဟဲ့၊ စိတ်ကူးမလွဲနဲ့''

ထိုစကားကို ကြားသူများမှာ ပြုံးစိစိဖြင့် ဖြစ်နေကြလေ၏။

ဂရန်ဒီပေးသည်

မိုးသံလေသံ ကြားပြီဆိုလျှင် အိမ်မိုးပြင်စထွဲရှိသူမျှား လှုပ်ရှားလာသလို သက်ကယ်(သက်ငယ်) ရောင်းသူမျှားလည်း ဘယ်အချိန်တွင် ဈေးတက်ရပါမည်နည်းဟု ချောင်းနေ၏။

သက်ကယ်ဝယ်သူ တယောက်သည် ဈေးမဆစ်သေးပဲ။

"ဦးလေး သက်ကယ်တွေက ခိုင်ကော ခိုင်ရဲ့လားဗျာ"

"ဒီမယ်ငါ့တူ ရဲရဲကြီး ဂရန်ဒီပေးတယ်။ ငါသက်ကယ် မိုးထားတဲ့ အိမ်ပေါ်ကို ဆင်ဘက်တာတောင် ဘာမှ မဖြစ်စေရဘူး"

ထိုအခါ ဝယ်သူက

"အလိုလေးဗျ ဂရန်ဒီပေးတယ် ပေးတယ်နဲ့ မနှစ်ကတုန်းက သက်ကယ်တွေတော့ ပုံထားတုန်းမှာ နွားစားပစ်လို့ မမိုးလိုက်ရပဲ ဖြစ်သွားပါကလား"

ဆိုင်ရှင်၏ သားသမီးမျှားမှာ ဟားတိုက် ရယ်မောကြ၏။

ဂဠုန်ငိုသောပုံ

မုန့်တီဆိုင်ရှင်သည် ဈေးဝယ်မို့ သာ ဈေးသည်ပီပီ ရောင်းလိုက်ရသော်လည်း ထိုးစျေးဝယ်ကို သဘောမကျပေ။ မျက်နှာအနေအထား ငေါ့ငေါ့ရှိသည်၊ တင်းမာခြင်းလည်း ရှိသည်။

ဆို ကြောင့် ကွမ်းယာသည်အား လှမ်းမေး၏။

"တေခင်ပိုင်းက မဟုတ်လေး၊ အလို့လေး မျက်နှာထား တင်းနေပုံကလည်း တကန္တာလုံးကို သူ့အိမ်ပေါ် တင်ပြီးကျေး ဇူးရတဲ့ မျက်နှာနဲ့ပဲ"

ကွမ်းယာသည်ကလည်း

"ဟုတ်တယ်၊ ပြေခင်းသောအခသိပ်မကြာသေးတူး၊ မျက်နှာ ထား တင်းရုံပဲလားဟဲ့၊ နှလုံသီး ချွန်နေပုံအကောဟာကယ့် ဂဠုန်အစစ်ရဲ့ နှုတ်သီးတောင် သူ့လောက်မချွန်လို့ ဂဠုန်ငိုမှခစိုးရတယ်ဟေ့"

ပြီးတော့ နှစ်ယောက်ပေါင်း၍ ရယ်မောကြသည်။



ဂိုး

ထိုလှတေသော လူငယ်မှာ အပေါင်းအသင်း ပျက်မည် စိုး၍တကြောင်း၊ သူကြောက်ရသူများ ခေါ်သောကြောင့် တကြောင်း အရက်ပိုင်းသို့ လိုက်လာရဆော်လည်း နောက် ကြောင်းမအေးချေ။ ဖင်တကြွကြွ ဖြစ်နေပြီး အနည်းငယ် သောက်ပြီးလျှင်-

"ဦးဒီးမယ် မိန်းမက မျက်နှာမြင်ကောင်းလိုလားသိတူး"

ဦးအခါ အိမ်နီးချင်းတခယောက်က-

"မိန်းမမျက်နှာမြင်တာများ အဆန်းလုပ်သို့ကွာ၊ မိန် မရေ မျက်လုံးပြူးလိုက်စမ်းလို့ ပြောက်လိုက်ယင် အလေးမွေးလာဘာ ပဲကွ၊ အံများကြိတ်လိုက်ယင်တော့ ကလေးကို ဘေးလုံးဖမ်း သလို ဆီးဖမ်းဖို့သာ ပြင်ထားပေတော့"

စဆာည်မှစပြီး ဆူညံနေခဲ့သော ဝိုင်းမှာ ယခုမူ အတော်မသာတ်နိုင်သော ရယ်မောသံကြီး လွှမ်းမိုးသွားလေ၏။

ယင်္ကာရ ရှိတာပါ

တစုံတယောက် ကွယ်လွန်လျှင် လိုက်မသွား ဘူးလားဟု အချင်းချင်းနောက်ပြောင်ကြသည်။ မိဆုရော၈ါနဲ့ လိုက်ခဲ့ပါလို့ မှာသွားတယ် စသည်ဖြင့် စတင်ကြသည်။ ယခု အသုဘတွင် လည်း လူငယ်များသည် အချင်းချင်းကို နောက်ပြောင်ဆပြီးတွင် ဦးခန်းဦ ထိုင်နေသော အဘထယောက်အား-

"ဒီရွာမှာတော့ အဘအနေနဲ့ အသက်အကြီးဆုံးပဲ"

"အေးကွ... စာမွှာဦးက ငယ်စာရ ပြဟ်ကြီးလိုပေါ့ကွာ၊ သူ့တာဝန် မပြီးသေးတော့ ယောကသားတွေ အမျှတ်တဝင်း ဝင်း သီးစင်း တဖုတ်ဖုတ် ဖြစ်တာကိုကြည့်ပြီး မရဏာနုဿတိ ရှုနေရသကိုးကွ၊ ဒါထက် မင်းစော ဘယ်တော့သေမှာလဲ"

နားစွင့်နေသော ပရိသတ်မှာ ရုတ်တရက်ဖောက်သွားသော အဘ၏ဟာသကြောင့် တဝေါဝေါဖြစ်သွားရာ လူငယ်ကလေး၏ ချေပသံမှာ မထိုးဖောက်နိုင်ပဲ ဖြစ်သွားလေ၏။

ယာနမည်ခေါ် ရွှေစည်တော်

ယမန်နေ့ညနေက သတင်းများနှင့် ပတ်သက်သော ထင်မြင်ချက်များ၊ ဝယက်များ၊ စေဖန်ချက်များကို နံနက်ပိုင်းတွင် ကြားရလေ့ရှိ၏။ ဆတင်းအစုံဆုံးမှာ ဤဆိုင်ဖြစ်သည်။

"မနက်ညနေတုန်းက ဟိုကောင်တွေ ဘာဖြစ်ကြသေးလဲကွ"

တယောက်တည်းသာရှိသော စားပွဲသို့ ဝင်ထိုင်လိုက်သူတာ အလျင်ဆောက်သူအား မေးလိုက်သည်။

"မင်းမြင်သွားတဲ့ ဒီဘက်ကောင်တွေ ဘစမှမဖြစ်ဘူး၊ ဟိုဘက်ကကောင်တွေ မိုးချုပ်စမှ ဖြစ်ကြတာ၊ ကျောက်လေ ရွှေသွားညီအစ်ကိုကဝိုင်းရိုက်တာ ကြေးစည်သဘဆိုယင် ဒူဒဝေသံချင်းခိုးမှန်နေမှာပဲ၊ ဟိုဘက်ပြီး ဒီဘက်၊ ဒီဘက်ပြီးဟိုဘက်"

ဖာသံအုပ်ပြီး ပြောသောကြောင့် ရယ်သူမှာလည်း တိုးတိုးသာ ရယ်နိုင်ရှာ၏။



ငါးနှင့်ဆိုင်သောဋ္ဌိကာ

ကားမောက်ရာသို့ ကူညီရန်သွားသော ရွာသားများ ပြန်ရောက်လာကြ၏။ သို့ဆိုတွင် အချို့ ရောက်လေးကြသေး။ ဤမရောက်သေးသူများ အတွင်းမှ တယောက်ကို တွေ့လိုသော ဥဿာည်မှာ လက်ဖက်ရည်ဆိုင်တွင် စောင့်နေသည်။ ထိုအခါ လက်ဖက်ရည်ဆိုင်ရှင်မှာ ပြန်လာသူများအား-

"ဦးလေးကျော်.... မမြင်ခဲ့ကြဘူးလား၊ သူဘာလုပ်နေလဲ"

"မြင်ခဲ့တယ်လေ၊ မှောက်နေတဲ့ကားထဲကဒရိုင်ဘာရတဲ့လူတွေ၊ သေတဲ့လူတွေကို ဆွဲထုတ်နေရလို့ အမောဖြေနေကြလေရဲ့"

"ဒါလေးများ....မောရသေးသလား"

"အလိုလေး.... လက်ပံပင် အောက်မှာ ပက်လက်လန်ပြီး အမောဖြေနေတဲ့ လူတွေ အများကြီးပဲ၊ ကုန်းပေါ်ရောက်နေတဲ့

ငါးဘဟ်လစားမှတ်ရ၊ ပါးစပ်အလေး ဟစီ ဟစီနဲ့ သနားစရာ ကောင်းလိုက်လေ"

စောင့်နေသူနှင့် အခြားသူများမှာ ရယ်စရာနေကြရသည်။



ဥဥကလေးပို့ ချစ်စဖွယ်

ဤတကြိမ် ကျီးကန်းအသင်းနှင့်ဇာတ်လုံးစာစားရတွင်လည်း လှုပ်တစ်အသင်းမှာ မချိုးနိုင်သေး၊ထောက်လည်း အရေးထာရန် မလွယ်ကူသော အခြေအနေထားတွင် ရှိနေ၏။ နောက်ထန်း အရေးကြီးသူအားလုံး ဥဥငိုင်ငိုင် ဖြစ်နေကြ၏။

ထိုအခါ လှတောသားတို့၏ ပါးစပ်များသည် တတ်သည့် ပညာ မနေသာဆိုသလို တိုက်ခတ်လာပြီ။

"အလိုးလေး— ဘောလုံး သမားတဲ့၊ မီးဖိုထဲ လိမ့်ကျတဲ့ ဖယောင်းချပ်လားမွတ်ရ"

"ဟဲ့....သိပ်မပြောကြပါနဲ့၊ တဘက်အသင်းကမြင်ယင်သနား လာအောင်၊ ချစ်လာအောင် ဥဥကလေး နေပြတာပါ၊ ဒါမှ ဟိုဟာတွေ စားရမှာ မဟုတ်လား"

"အလိုလေးဟဲ့....တရွာတည်းထားချင်းကို စွဲချက်တွေ ထင် နေလိုက်ကြတာ၊ ရောမ ပြစ်မှုကြီးကျနေတာပဲ"

တယောက်တပေါက် ပြောအပြီး၌ ဝါးကနဲရယ်ကြ၏။

* * *

ငုံးကလေးပဝင်သော

ဒဘစလုံး ဝါးထနာ အိုးမျှားက အားထားနေခဲ့သော ဂိုးဆမားသည် ယခုဘယ်လိုဖြစ်လေသည်မသိ။ ဖမ်းသမျှအလုံးတိုင်း ချော်သည်။ ဂိုးသမား ခေါက်ဆွဲစားပြီလော၊ မုန့်ဟင်းခါး စားပြီလော ဝိုင်းဝန်းသရော်ကြသည်။ စလှောင်ပြောင်ကြသည်။ ရွဲတ်ချကြသည်။

ထိုတိုးပြောကြပါစို့၊ လှတောသားသင်း ရှိုးသွားသည်။

"ဘယ်လိုဖြစ်တာလဲ ဂိုးသမားရယ်၊ ဟိုတနေ့တုန်းကဖြင့် လာသမျှဘောလုံးကို ဖမ်းလိုက်တာ သံလိုက်တုံးနဲ့ ဆွဲယူလိုက်သလား မှတ်ရတယ်။ ဖတ်ကနဲ ဖတ်ကနဲ နေတာပဲ"

ထိုအခါ နားကြားပြစ်းကတ်သူ တယောက်က-

"အလိုလေးကွဲ့၊ မြင်းတို့ ဟိုနေ့တုန်းက ကစားတာကြီးကို စံချိန်စံညွှန်းလုပ်မနေကြနဲ့ အဲဒီတုန်းက ဂိုးတိုင်ဟာ ဂိုးတိုင်သာ ဆိုတယ် ငုံးထောင်တဲ့ ဂုတ်လောက်ပဲရှိတာ"

လက်သီးလက်မောင်းဝန်းပြီး မကျေမနပ် ပြောနေသူများမှာ အောင့်သက်သက်နှင့် ထိတ်ဆိတ်သွေးကြလေ၏။

စကားပြောသောကွင်း

လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်က ဖြစ်လေသည်။

လှတောသားတယောက်ကို ရဲမျှားကနွားခိုးမှုမဆက်သဖြင့် ကြိုးနှင့်တုပ်ကာ ဖမ်းဆီးသွားလေ၏။ ၎င်းအခြေးအရောကို မြင်ရသော လှတောသားတယောက်က တဆင့်ပြန်ပြောပုံမှာ--

"နွားသူဦး မသက်ာလို့တဲ့ကွာ၊ ချည်ထားတဲ့ကြိုးက ဇင်းညီ နေစင်ကို ချည်တဲ့ကြိုးထက်တောင် ကြီးထေးတယ်ဟေ့။ လူကို ကြိုးနဲ့တုပ်ထားပုံမျိုး ရက်ကန်းစင်မှာ သုံးဖို့ ရက်ဖောက် 'ယောက်' ထားတာလားမှတ်ရ"

မထက်ာမှန့် အဖမ်းခံရသူ လွတ်လာသော အခါတွင် ဝိုင်း၀န်းမေးသူများအား ပြန်လည်ဖေကာ်သည်ချပုံမှာ-

"အလိုလေး တုပ်ထားတဲ့ ကြိုးဘွေနယ်၊ တရွားခံကို တုပ် ထားတာနဲ့ မတူပဲ၊ ကွင်းကို ဝါယာတွေ ပတ်ထားသလား မှတ်ရ"

ဟု လှည်ာသားထုံးစံအတိုင်း ထေ့သံ သရော်သံကလေး နှင့် ပြောလိုက်ရာ ပရိသတ်ကြီးမှာ အုန်းကနဲ ရယ်မော လေ၏။

စားကွာတအားသာ

လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လာသူတွင် ကလေးတယောက် ပါလာသည်။ ထိုကလေးမှာ ကြည့်ကြည်လင်လင် ချွဲချွဲပျိုပျို မရှိချေ။ သူ့ကို ခါလာသူမှာ လက်ဖက်ရည်ကောင်းစွာမသောက် ရသဖြင့် ဆိုင်ရှင်၏သမီးက ခေါ်ပြီးထိန်းယင်း ဟိုဟာ စား မလား ဒီဟာစားမလား လျှောက်မေးသည်။

တနေ့ရာ ရောက်သောအခါ မှန်ဗီရိုထဲတွင် ယင်အုံခန သော ပလာတာတထပ်ကို လက်ညှိုးထိုးပြ၏၊

"ကလေးထား ပလာတာစားချင်လို့ လိုက်လစ်တာကိုး စားရမယ် စားရမယ်"

ထိုအခါ ပထမချီလာသူက-

"ဟဲ့ဟဲ့... ဒီကလေးနဲ့ ဂျုံနဲ့ မတည့်ဘူး။ ပလာတာ မကျေးနဲ့..."

ထိုအခါ လက်ဖက်ရည် ဖျော်သူသည်

"အလိုလေး ကွဲ့၊ ဂျုံစားဘိုင်းသာ မတည့်ရယင်တော့ ဥရောပတိုက် တတိုက်လုံးကလူတွေ အကုန်သေကုန်လို့ လူတောင် မရှိတော့ဘူး"

သူခပြာတာမှန်စေဖြင့် ထိုသူငြိမ်သွားဟု ဘေးပရိသတ်မှာ တခိုခို ရယ်နေကြလေ၏။



စားစရာမှတ်ပြီး

သက်ကယ်(သက်ငယ်)ရောင်းသော ဆိုင်သို့ လူတယောက် ရောက်လာပြီး စျေးနှုန်းခမ်းမြန်းစာ သက်ကယ် ပျစ်များကို လှန်လှောစစ်ဆေးကြည့်ယင်း-

"ခင်ဗျား သက်ကယ်က အနုကလေးတွေပါဆလား"

ဆိုင်ရှင်မှာ သူ့သက်ကယ်များကို လက်ဖြင့်ဖုတ်ပြစာ-

"အလိုလေး ဒီသက်ကယ်များ နုဘယ်ခေါ်သေးလား လူရာ ရှေ့ဘိုမြို့ မြို့ရိုးတည်တုန်းက ချုံရှင်းတဲ့အထဲ ပါလာတဲ့ သက်ကယ်တွေ"

ထိုအခါ သက်ကယ်ဝယ်သူမှာလည်း လှတောသားပင်ဖြစ်ရာ အားကျမခံ ပြန်ပြောပုံမှာ-

"ခင်ဗျားဟာသာ ခင်ဗျားသက်ကယ်ကို ရွှေဘိုမြို့သက်ထက်ရင့်တယ်ပြောနေ မနေ့က ငါ့ဗျားဆီက သက်ကယ်တွေ ဝယ်လာတဲ့အိမ်မှာတောင် ခင်ဗျားသက်ကယ်ကို အိမ်မမိုးဘူး၊ပြုတ်ပြီး သုပ်စားနေကြလေရဲ့"

ဟု ပြောလိုက်ရာ ကြားရသူတိုင်း ဟားတိုက် ရယ်ကြလေ၏။

* * *

စီးပွားရေးသမားကြီး

ဇာတ်ရုံ အဆောက်အအုံတခု အခြေကျည်မိလျှင် ဇာတ်ပွဲများ ရှင်ရှင်ကားထုပ်များနှင့် ကပွဲပဒေသာများသည် မကြာခဏ ရောက်လာကြသဖြင့် လှတစသူ လှတောသားများမှာ အပန်းဖြေစရာ ပျော်ရွှင်စရာက ဝေးဝေးသို့ သွားမရှာကြရဘဲပေ။

သို့အတွက ပဒေသာကပွဲဆိုလည်း စည်စည်ကားကား အားပေးလိုက်ကြသည်။ ရှုပ်ရှင်လည်း ကြည့်ကြဖန်သည်။ ဇာတ်ပွဲကိုလည်း အလွတ်မပေးချေ။ ထိုလို ပျော်လိုက်ရှင်လိုက် သွားကြလာကြသည်ကို မနှစ်မြို့သူများမှာ လူကြီးအချို့ဖြစ်သည်။

သူတို့သည် ဝင်ငွေနှင့်ထွက်ငွေကို မစိစစ်မသုံးသပ်ပဲ စားသောက် သုံးဖြုန်းနေကြသူများအတွက် ရင်လေးနေကြသည့် အတွက် သူတို့ရွာထောင့်မှ ကြည့်ပြီး ပြေးကြပုံမှာ-

"အလိုလေးကွဲ့၊ ဖွတ်တောင်ပို့ကြီးထဲကို ဖွတ်ဓာလေးတွေ ဝင်လို့က် ထွက်လို့က်နဲ့ ဖွတ်ဇနတ် ခင်းနေလို့က်ကြ လေကွယ်ရို့"

ဟု ဖြစ်၏။ ဖွတ်ဟုဆိုခြင်းမှာ ဖွတ်သည် နိမိတ်မကောင်း၊ ဆင်းရဲမွဲတေခြင်း၏ သင်္ကေတဟု ဆိုဘေးထားသည့် အတွက် ထိုသို့ ပြောလို့က်ခြင်းဖြစ်ရာ ဇနခ်ုံသို့ ပျော်ရွှင်စွာ ထွက်လာသူများမှာ အသံတိတ် သွားကြလေ၏။

စူပါမင်း၏ ဘိုးဒအ

မူးတွင် ရေလာနေခိုက်ဖြစ်သည့် အတွက် လှေတာသား လယ်သမား ဦးကြီးများမှာ အပြေးအလွှား ဝိုက်ပျိုးလုပ်ကိုင်နေကြသည်။ အချိန်မီစိုက်ရသောကြောင့် ပျိုးနုတ်သူ ကောက်စိုက်သူများကို အလုအယက် ခေါ်နေကြသည်။

ဦးကြီးတယောက်သည် ပျိုးနုတ်သူ ခေါ်မရသောကြောင့် အခြားနေရာမှ ပျိုးများကို ထားနှင့်သယ်လာပြီး လမ်းဘေး တွင် ချထား၏။ထိုအခိုက်၌ လယ်နီးချင်းများ ရောက်လာစာ ပျိုးများကိုကြည့်ပြီး-

"များလှချေလား၊ ဘာနဲ့သယ်မှာလဲ"

"နွားနဲ့ဆယ်မှာပေါ့ကွာ၊ ငါ့ကို ဘာနဲ့သယ်မှာလဲ မေးရ အောင် ဟယ်လီကော့ပတာ ပိုင်တယ်ထင်လို့လား"

ထိုအခါ စတင်ခမေးသူက-

"အလိုလေး၊ အဲဒါလောက် အများကြီးကို နှားမပြောနဲ့ ကင်းကောင်နဲ့ သယ်တောင် တင်းကောင်အီးသွက်ပြီး ထိုင်ငိုရ ချဲ့ရွဲ့ကွဲ့"

☆ ☆ ☆

စုံထက်စုံ အစုံမီးကောင်း

မန္တလေးမြို့ကို မီးကြိုး လောင်ကျွမ်း လိုက်သည့် အတွက် လူအများစုကို မီးသတိပြုရန် သတိပေးလိုက်သလို ဖြစ်သွား၏။ ယခုလည်း ရွှေဘိုဘက်သို့ လိုက်ပါမည့် ခရီးသည်များသည် ဖီးကြေးက်စရာ ကောင်းမှုကို ပြောနေကြရာ ဝက်လက်မီးအကြောင်းသို့ ရောက်သွား၏။

"ဝက်လက်မီးလည်း တော်တော်ကြီးတာပဲ"

"ကြီးဆို ဝက်လက်မှာလေးငါးတဲ့ မိုးရောင်အောက်မှာ ကျွဲပိတ်လှည်းသာသူတွေ တန်းစီပြီး ဆန်ရွာဘယ်ကြွားဖူးရဲ့"

ထိုအခါ အခြားလှုတောသားတယောက်က-

"မင်းတို့ဝက်လက်မီးက ဘာဟုတ်သေးလဲ၊ စစ်ကိုင်းလောင် တဲ့မီးကမှ ပိုးလမင်းကို မီးခိုးသွားဟပ်လို့ လမင်းတခုလုံး ကျပ်ခိုးစွဲပါရော့လား"

ကားဆောက်မှု လူမျိုးရေး ကားပေါ်မှလူများပါ ထိုအသံ ဘက်သို့ တငေါကနဲ ရယ်မောမိကြလေတော့သည်။

စေတနာစေတ

လူတော်ကောလုံးဆာသင်းနှင့် စက်လက်အဆင်းတို့ ခြေစမ်းငဲ့ကဝေးစဉ်ကဖြစ်သည်။ စက်လက်အာသင်းသည် ဆာစားကွက်လွှ၍ လူတော်အာသင်းမှာ အချိတ်ဆာဆက် ခမိသော်လည်း ဂိုးသွင်းခွင့်ပို့ရဆည်း

ရေရှည်တွင် ဤအတိုင်း ဆာစားပါက လူတော်ဆာ အပြတ်အသတ် နိုင်မည့်အနေအထား ရှိနေသည်၊ ထို့ကြောင့် အားပေးရန် လိုက်လာသော လူတော်ထားတယောက်က-

"တံခါးပတ်ဘားများလို အချိတ်ဆာဆက် ကလေးနဲ့ ကစားကြစမ်းပါ လူတို့ရ၊ အခုတော့ မင်းတို့ကန်ပုံဆ မျက်ခမြင်တွေ့တောလုံးဆာန်နေသလားမှတ်ရ၊ တောင်ကန် မြောက်ကန်နဲ့"

ထိုအခါ အခြားတယောက်က-

"ကန်ချင်သလို ကန်ပစေ၊ အခုအတိုင်းတောင် ရလိုက်မယ့် ဂိုးတွေဟာ အပြန်ခါကျယင် ကားနဲ့တစင်း ဂိုးတွေ အပြည့်ရမှာ အခုသက် အချိတ်အဆက်မိယင် ဂိုးတွေ ကားမဆံ့ပဲ ဇိုဗာဝိတ်နဲ့ အဖမ်းခံနေရမယ်"

လူတော်သားများ ကျယ်လေးငိစွာ ရယ်မောကြလေ၏။



စိုပုံကြောက်ပုံ

မိုးရထားနှင့် ခရီးသွားရာတွင် တဦးနှင့်တဦး စကားစပ်မိကြရာ လူတော်ရွာက လူတော်ရွာသားများ၊ လူတော်ရွာသူများဟု သိသာအောင်တွင် အလွန် အဆင်ကြိုးခံကြရဇလေ၏။

ဟသ်ာတနယ်ဘက်မှ ဖြစ်ဟန်တူသော ခရီးပေါ် မျှားဆည်ရွှေဘိုဝက်လက်ကို ကြားရုံမျှသာ ကြားဖူးသောကြောင့်-

"ရွှေကျင်ဆရာတော်ဘုရားကြီးအထိမ်းအမှတ်ဗိမာန်ဆိုလား ပဲ၊ ဝက်လက်မှာ ရှိတယ် ကြားဖူးပါတယ်"

လှဟောသူ တဦးက-

"ဝက်လက်မဟုတ်ဘူးရှင့်၊ လှသောကြီး ငါးရွာထဲမှာပါတဲ့ ရွှေကျင်ရွာမှာပါ၊ ဆရာတော်ဘုရားရဲ့ ဗိမာန်ဖွင့်ပွဲတုန်းက စည်ကားလိုက်ပုံများ တသက်နဲ့တကိုယ် မကြုံဖူးအောင်ပါပဲ"

ထိုအခါ အလားတူ တဦးကလည်း-

"သိပ်ဟုတ်တာပေါ့၊ အလိုလေးပွဲတော်စည်ကားပုံ ဆရာတော့် အံ့သြလောက်ပါပေတယ်၊ စည်ကားလှန်းလို့ ကျောက်လမ်းတာရှိုးကြီးတောင် ကျိုးကျသွားတယ်"

သို့သော် ပထမ ပြောသူများအပေါ်တွင် ကောင်းစွာမလိုလားသော လှဘာသူ အခြားတယောက်ကမူ မလှမ်းမကမ်းမှ မကြားတကြားနှင့်-

"ကြားစရာမရှိ ကြားနေတာ ဖွင့်ပွဲနေ့တုန်းက စည်ကားတယ်ဆိုလို့ ငါ့ဘာ သွားကြည့်ပါတယ်၊ အလိုလေးဟော်...ပွဲမင်းထဲမှာ တစ္ဆေခြောက်မှာစိုးလို့ သမ္မုဒ္ဓေရှာ်ပြီး ပြန်ခဲ့ရတယ်"

မသိ၍ စုံစမ်းမိသူများမှာ မည်သည့်စကားကို ယုံရမည်မသိ ဖြစ်နေကြရလေ၏။

စဉ်းစားမိသည်မှာ

ခရီးသည်တင်ကားမှာ လှုတောရွာနှင့် နီးကပ်လာ လေလေ လူနည်းလာလေလေဖြစ်၏။ ကျန်ရှိသော ခရီးသည်များအနက် လှုတောတိုင်ဆင်းမည့် ခရီးသည်ဟာ အများဆုံး ဖြစ်လေသည်။ အခြားသူတွေမှာစကားဘပြောပြေနှင့်ရယ်မော နေစက်ပြောင် နေကြသော်လည်း အသက်လေးဆယ်ရှယ်ရှိ ကုန်သည်နှင့် တူသော ပုဂ္ဂိုလ်မှာ စီးကရက်ကိုသာ ဖွာပြီး တိတ်ဆိတ်စွာ လိုက်ပါလာရာ-

"ဖွာလှုခွေလား ဆေးလိပ်ကိုပဲ ဖွာနေတော့တာပါကလား၊ ရဲသိန်းရဲ့"

ရွယ်တူလူတယောက်ဟာ ဟားဦးမှလည့်ကြည့်ကာ လှမ်းမေး၏။

"စဉ်းစားရတယ်လေ၊ စီးကရက်မီးခိုးဟာ အခုလို အခင့်မဟုတ်ပဲ အရည်ဖြစ်နေယင် လူတွေ ဘယ်လိုလုပ်ပြီး ဆေးလိပ်သောက်မလဲလို့"

ထိုအခါ စတင် စကားဆိုသူက-

"အလိုလေး....ပလေးတိုး ဆိုတာ ခေါမသား မှတ်နေတာ၊ လက်စသတ်တော့ ပခလေးတိုးဟာ လှုတောသား ဖြစ်နေပါကလေးကွယ်ရို့"

ဆာမွှာကျော် တွေးခေါ်ပညာရှင်ကြီး ဟာမည်နှင့် နှိုင်းပြောလိုက်ရာ ပွဲကျသွားလေ၏။

စည်ကားလိုက်ပါဘိတော့

ဝက်လက် မြို့ပေါ်သို့ လုပ်အားပေး ရောက်လာသော အခြားအရပ်ဒေသမှ ကျောင်းသူ ကျောင်းသား ကလေးများသည် လှတောရွာသို့ လေ့လာရေးအနေနှင့် ရောက်လာကြသည်။

လူကြီးတယောက်က-

"သိချင်တာရှိယင် ဆရာမနဲ့ပါနဲ့ မေးကြပါ၊ အိမ်မှာ ကလေးတယ်နှစ်ယောက်ရှိသလဲ အစရှိတာကပေါ့"

နောက်လူကြီးတယောက်ကလည်း....

"သို့ထော်လည်း အထက်တော့ မမေးကြနဲ့နော်" ဆိုသော ကြောင့် ရယ်မောလိုက်ကြစဉ် ပထမဆုံး စကားစသော လူကြီး ကပင်....

"လှတော လှတောနဲ့ နာမည်ကြီးခဲ့တာဟာ ဟိုတုန်းကပါ၊ ဒေသခံ ရပ်ခံရွာခံဆိုတော့ ကိုယ့်ရပ်ကိုယ့်ရွာကို ချစ်တဲ့ဂုဏ်ယူတဲ့ စိတ် အပြည့်အဝရှိကြတော့ ကိုယ့်ရွာရဲ့ဂုဏ် ညှိုးနွမ်းမယ့်အလုပ် မလုပ်ကြဘူး၊ စည်းစည်းလုံးလုံးနဲ့ ပျော်စရာလည်း ဒေသာင်းခဲ့ ပါတယ်၊ အခုများဒေတော့ နယ်စုံက လူစုံစရှိက်စုံတွေ ဖြစ်နေတဲ့ အတွက် ရှုံးပြင်တန်ဘားဆိုယင် ယင်ကောင်ကို ရှောင်လို့လွတ်ချင် လွတ်မယ် လှတောသားကို ရှောင်လို့မလွတ်ဘူး၊ သူတို့က ပျော် ပွဲစား ထွက်လာရတယ်များ ထင်နေကြသလား မသိဒေတော့ ပါဘူး"

ပြောသူက မသက်မသာ ပြောခြင်းဖြစ်သော်လည်း အပြော ကောင်းသည့်အတွက် လေ့လာသူများမှာ ပြုံးရွှင် ရယ်မောနေ ကြလေသည်။

စိတ်ကြိုက်

လှတော၀င်းကျင်တွင် ရှိသောလယ်မြေအများစုမှာ ကောက်စိုက်၍ ပြီးစီးလုခဲနပြီ။ ထိုအချိန်တွင် ပျိုးရှိရေး အဆင်မပြေသော နေထုမှုလယ်သမားများ၊ ပျိုး၀ယ်ရန်ခရောက်လာကြသည်။ ရောက်လာကြပုံမှာလည်း အလုအယက်ဖြစ်သည်။

ထို့ကြောင့် ကန်သင်းဘေးတွင် ပစ်ထားသော ပျိုးစည်းအပိုများကို လက်ညှိုးထိုးကာ ရောင်းကြသည်၊ ထွန်ပစ်မည့် စိတ်ကူးထားသော သက်ကြီးပျိုးခင်း များကိုလည်း နှုတ်ပြီး ရောင်းကြသည်။

သို့ဆုတွင် လယ်သမားချင်း ကိုယ်ချင်းစာသည့်အတွက်....

"ပျိုးက အသက်ကလေးတော့ သီသီရင့်နေပြီ"

ပျိုး၀ယ်သူက....

"အမယ်လေး ပျိုးကဇာတ် ရင့်လေကြိုက်လေဗျို့"

ထိုအခါ လှတောသားလယ်သမားကြီး ပြန်ပြောပုံမှာ....

"အလိုလေး မရင့်မှာများ မပူကြနဲ့ဗျို့၊ ပျိုးဒတ္တ ကားနဲ့ တင်သွားလို့ တမိုင်လောက် ခရီးပေါက်ယင် စာခြောက်ဖို့သာ ပြင်ကြပေတော့"

ကြားရသူဘိုင်းမှာ စပါးပင် ရင့်လွန်းသောကြောင့် မဝိုက်မီပင် ဆန်ထွက်တော့မည်ဆိုဘည့် ပြောပုံကို သဘောကျသည့် အတွက် ရယ်မောနေကြရလေ၏။

စိန်ဗေဒါရယ် လူပုံကိုသာ

မြန်မာစကားတွင် အခိုင်းအနှိုင်းဝေဆာစွာ ပြောတတ်ချိုဖြင့် စကားပြောဆက်သည် မခေါ်နိုင်သေးပေ။ ငေါခြင်းထောခြင်း သည်လည်း စကားပြောကောင်းတို့၏ အင်္ဂါရုပ်တွင်ပါဝင်သည်။ ရွဲ့ခြင်းလည်း ပါဝင်သည်။

ကားပြော ညံ့သူများနှင့် မြန်မာစကားကို နားမလည်သူများ အားနှင့် ၎င်းအချည်အချင်းများကို မနှစ်သက်ကြချေ။ ထို့ပြင် ကိုသူများ ကြောက်လည်းကြောက် မုန်းလည်းမုန်းသော ချီးမွမ်း ခြေကေးကော်ပြောနည်း စကားမှာ ရယ်လည်းရယ်ရ နာသာ ခံခက်လည်း ဖြစ်ရသည်။

ဤလိုချီးမွမ်းခြေကျောက်ပြောသည့်ဘက်တွင်တော်လှသော လှဟောသားတယောက်သည် ကျေးရွာတုရားပွဲဘခုသို့ ထောက် သွားသည်။ တဦးတည်း ခြင်းအယဉ်ခတ်လျက် ညည်ခံနေသည်ကို တွေ့ရ၏။

ခြင်းယဉ်ခတ်သူဆည် ခြင်းများကို အတွဲလိုက် အထပ်လိုက် ရွှေများကို အတွဲလိုက်အထပ်လိုက် ခတ်ပြနေရာ မြင်ရသူတိုင်း ချီးမွမ်း၏။ လှတောသားလည်း အများနည်းဘူ ဝင်ထောက် ချီးမွမ်းပုံမှာ—

"ခြင်းခတ် တော်လိုက်ပုံများတော့ အသည်းတယားယားနဲ့ ဗိုက်ထဲ အမှိုက်တွေဝင်နေသလား မှတ်ရ၊ သို့သော်လည်းအသား စာလည်း "စိန်ဗေဒါရယ် လူပုံကိုသာ ကြည့်ကြပါတော့ဗျာ"

ဆိုတဲ့ သီချင်းထဲက အတိုင်းပါပါ၊ ကတ္တရာလမ်းပေါ် ကျဲအိပ်နေသလား မူတ်ရ"

ခြင်းယင်္ဂတော် ကြည့်ခန်းသော ပရိသတ်ထဲမှ လှဘောသား၏ စကားသံကို ကြားလိုက်ရသူတိုင်းမှာ ပတ်တုပ်၍မရအောင် ရယ်မောမိကြလေသည်။

စွယ်စုံကျမ်း ကြော်ငြာ

ခင်ဧည်သူတွေ ဝါသနာတူလူတွေ စိတ်သဘောညီသူတွေစုပြီး အရက်သောက်သော ပွဲတပွဲတဝ စည်းနှင့်ကမ်းနှင့် ခပ်အုပ်အုပ် စကားပြောသံများ ထိန်းထိန်းသိမ်းသိမ်း ရယ်မောသံများနှင့် စိုပြည်နေသည်။

မြောင်ရိပ်တွင် ဆေးလိပ်ဖွာနေသော လူတယောက်အား ကျောင်းဆရာတယောက်က....

"ဦးလေးကလည်း ဆေးလိပ်ချည်း ဆောက်နေတာပါကလား၊ သောက်ပါ စားပါဦး ဦးလေးရဲ့"

"ဟဲ့ ဒါထက်သောက်ရ စားရယင်လည်း ငါ့ဗိုက် ပေါက်ထွက်ရချေရဲ့ကွယ်"

"စကားလည်း ပြေစပါဦး"

"အလိုလေး ဆုထက်ပြောရယင်တော့ စကားတွေလေးပြီး မင်းတို့အိမ် ကျီးကျလိမ့်မယ်၊ ငါပြောခဲ့တဲ့ စကားတွေအဖြင့် ကွယ် စာနဲ့သာ ရေးမှတ်ယင် စွယ်စုံကျမ်းထက် ထူလိမ့်မယ်ဗျ"

ကြားရသူတိုင်း ရယ်မောနေကြလေသည်။

ဆေးဘက်ဝင်စရာသေခ်ာမှ

လှတောသားတစ္ခုသည် ရန်ကုန်မြို့ဆို ရောက်သည့်အခိုက် တွင် မြို့ပတ်ရထား ဝီးပူးဆည်ရှိအောင် စီးကြည့်မည်ဟုတိုင်ပင် ကာ ရထားတစင်းပေါ် သို့ တက်ပြီးလိုက်လာခဲ့ကြ၏။ထိုရထား မှာ လူကျပ်သောရထား ဖြစ်သည့်ထဲတွက် လှတောသားများ မှာ ဆတက်ဆဆင်း အတွင်းဘက်၌ မတ်တတ်ရပ်လျက် လိုက် ပါလာကြရလေ၏။

မလှကုန်း လွန်လျှင် အလှူခံတဦးသည် လှတောသား တယောက်၏ ရှေ့သို့ ခွက်တလှပ်လှပ်နှင့် လာရပ်၍လှတောသား သည် ငြိမ်သက်စွာရပ်နေ၏။ အလှူခံသူက ရေတွင်းပြင်ရန် ဖြစ် ကြောင်း၊ ရေဈေးကျိုးဆယ်ပါး မတောင်းပဲပြည့်ကြောင်းစသည် တို့ကိုပြောလိုက် ခွက်ကိုလှုပ်လိုက်နှင့် တယောက်ဟူသည်၏ရှေ့တွင် အကြစကြီး ရပ်ပြီးပြောနေ၏။

ဆယ်မိနစ်ခန့် ကြာသော်လည်း ရွှေ့မသွားပဲ ဆက်ပြောနေ သေးအခါ လှတောသားက—

"အားနာစရာကြီးဗျာ၊ ခင်ဗျား ဒါလောက် ပြောနေတာ ငါးမူးလောက်တော့ ထည့်ဖို့ကောင်းနေပြီ"

"ဟုတ်ကဲ့"

"ဒါပေမဲ့ ရေဈေးဆယ်ပါးလည်း သတောပေါက်ပါ တယ်၊ သို့သော်လည်း ကိုယ့်ဝမ်းနဲ့ကိုယ်သာသိ ဆိုတာလိုပေါ့ ဗျာ၊ ကျုပ်မှာ မျက်စိနဲ့လို့မှ ရေစိမ်ပြီးခင်းစရာ ကြေးပြား

သေးတပြားဘောင် ပါမလာဘူးဗျာ၊ ပိုက်ဆံမခြင်ပူးတာလည်း မွေးကတည်းက ဆိုပါတော့ဗျာ''

အလှူခံမှာ မဒကျမနပ် ထွက်သွားရာ ခရီးသည်များလည်း ကျွန်ုပ်တို့ရာ ရယ်မောသိုက်ကြလေ၏။

× × ×

ဆက်ကာဆက်ကာ

လှဘောရွာတွင် ဝင်နေကျပ်ပါးနှင့်ပျံကျများထောနှောသော ကြောင့် ဒေသစုံမှလူပျားနှင့် စုံသင်လာသည့်အတွက် ဘုန်းကြီးဖြင့် ဂုဏ်ယူစရာဖြစ်၏။ ရွာခံအနှစ်နှင့်လည်း စရိုက်ခုံလုံစုံ ရှိပြီးသား ဖြစ်ပေ၏၊

ရွာတရွာတွင် သက်ကြီးကာလသားတယောက် ရှိစမြဲဖြစ်၏။ မရှိလျင် စရိုက်မစုံ အင်္ဂါမစုံဟု ခေါ်ရတတ်သည်။ လှတောမှာကား အင်္ဂါစုံ စရိုက်စုံသောကြောင့် ဆိုဖွယ်မရှိချေ။

ပျော်ပျော်နေ သေခဲဆိုသော ဆောင်ပုဒ်ကို လက်စွဲပြုထား သော သက်ကြီးကာလသားတယောက်သည် ကောင်းမွန်ကြော့ မော့စွာ ဝတ်စားဆင်ယင်ပြီး ရွာပြင်ဘက် ဘားလမ်းဘေးသို့ ဦးတည်ကာ လျှောက်လာရာ နေစက်နေကျ ပြေးငင်လှေငင်နေ ကျဖြစ်သော ကာလသားတယောက်က—

''လေးတို့မျာ၊ ၁၅ နှစ်သားလေး ကျနေတာပဲ၊ ပျော်လို့ ရွှင်လို့ ကြော့လို့ မောလို့ပါကလား''

ထိုအခါ ကာလသားကြီးက—

"ငါတော နံနက်တိုင်း ရှင်လောင်းလှည့်ပြီး ညနေတိုင်း မင်္ဂလာဆောင်ချင်နေတာကွ။ အဲဒီလိုမဟုတ်တော့ စိတ်ညစ်တယ်"

ကာလသားလေးက-

"အလိုလေး ဒီမျက်နှာလား မပျော်တာ ရှင်ဘုရင့်သမီးတရောကို ပြိုင်တူရထားတဲ့ မျက်နှာလားမှတ်ရ"

ဘေးရှိအိမ်များမှကြားရသူများမှာပြုံးစိစိ ဖြစ်နေကြလေ၏။

❦ ❦ ❦

ဆောက်နှင့် ထွင်းထားခြင်း

လှတေးသူတစ်သည် ရောင်စုံမဂ္ဂဇင်း စာအုပ်တအုပ်ကို တယောက်ဖတ်နေတာ မြင်သောကြောင့် ခေါင်းချင်းဆိုင်ကစ ဝင်ရောက်ပြီး စုပ်ကြည့်ကြလေ၏။ ဆောင်းပါး သရုပ်ဖော်ပုံတပုံပေါ်လာလျှင်-

"ခေါင်းကြီးဟဲ့ ကောင်းလိုက်တာ"

ဝတ္ထုသရုပ်ဖော်ပုံ ပေါ်လာသောအခါ-

"အမယ်လေး သေနတ်ကြီးက ကြောက်စရာကြီးပါလား"

နောက်ထပ် ဝတ္ထုသရုပ်ဖော်ပုံ ပေါ်လာပြန်ရာ-

"ဟယ် လှလိုက်တာဟယ်"

"အလိုလေး ပါးစပ်ကလေ၊ လှလိုက်ပုံများ ဆောက်ခုံးနဲ့ ထွင်းထားသလားမှတ်ရ"

အားရပါးရ ချီးကျူးလိုက်ရာ အားရပါးရ ဝိုင်းဝန်း ရယ်ခဲ့ကြလေ၏။

ဆင်တော်နှင့်ခလောက်

ကြိုတင် ချိန်းချက်မထားပဲ ရုက်တရက် စုံညီးဆုက်လာသော မိတ်ဆွေများကို ကျေးမွေးရန် အိမ်ရှင်သည် ရုတ်တရက် ချက်ချင်း စီစဉ်လိုက်ရသော်လည်း ထမင်းပွဲမှာ ဖွယ်ဖွယ်ရာရာ စုံစုံလင်လင်နှင့် အဆင်ပြေလှသည်။ ထိုအခါ ကျိုကန်သားအိမ်ရှင်မှာ ကျေနပ်စွာဖြင့်-

"ကြက်သားဟင်း ကြိုက်ရဲ့လား"

"ကြိုက်ပါတယ်၊ ငါးပိချက်လည်း ကောင်းတာပဲ၊ ငါးဟင်းလည်း ဆိုစရာ မရှိပါဘူး"

အမေးခံရသူတိုင်းက ကောင်းသည် ပြောကြထော်လည်း နောက်ဆုံးတယောက်မှာမူ-

"ဒါလောက်ကောင်းတဲ့ဟင်းတွေကို ဆန်နီထမင်းနဲ့ ကျေးတာကတော့ ရာဇဝတ်သားနဲ့ တရားသူကြီးကို လက်ထပ်တဲ့တည်းမှာ အတူစားတဲ့ဓလေ့ထားသလိုနေတာပေါ့၊ ကြည့်မကောင်းဘူးဗျ"

ပြေးလိုက်ရာ ဝါး နဲ့ ဝိုင်း၍ ရယ်မောကြလေ၏။



ဆင်ဖြူတော်အိမ်အပြည့်

ချည်ပါသားတယောက်သည် လှတော်ရွှေဂို သူငယ်ချင်းအိမ်သို့ ရောက်ရှိလာ၏။ သူက ဆလည်အပတ် သက်ဆက်မဟုတ်ပဲ ရောင်းချစရာ ဆဝတ်ဆတည်များလည်း ပါလာသေး၏။

လှခဘာသစ္စားက သူငယ်ချင်းကို အိမ်သို့ ခေါ်လာခဲ့စဉ် လမ်းတွင် ဤသို့ စတင်ပြောလေ၏။

"မင့်ကို ထမင်းလုံးကျွေးပါ့မယ် သူငယ်ချင်း၊ မင်းမပြန်မချင်း ငါ့အိမ်မှာ တည်းခိုပါ။ သို့သော် ငါ့မိန်းမက ဓမ်းတဲ့ ဆခါမှာ မင့်အထည်တွေကို စျေးမြှင့်ပြောပါ၊ ကြေး မဒဏ်းပါနဲ့"

"အမှန်အတိုင်းပြောတော့ ဘာဖြစ်လဲ"

ထိုအခါ လှတောသားက-

"အမှန်အတိုင်းပြောယင် ကြေးဏဆင်းယင် မင့်မှာ ပါတာအားလုံး ငါ့အိမ်မှာပဲကုန်မယ်၊ တယ်မှ သွားရောင်းဖို့မလိုဘူး"

ချည်ပါသားမှော ရိပ်မိသလိုလို ရှိသွားကာ မျက်လုံးပြူးပြီး "ဟာ" လို့ အော်လေ၏။

"အခုမှ.ဟာနေသလား၊ သူငယ်ချင်း၊ ငါ့မိန်းမက အကြွေးသာဓမယ်ဆိုယင် ဆင်ဖြူတေဝ်ကိုတော့ငင် အိမ်အပြည့်ဝယ်ပြီး မွေးမယ့် မိန်းမဆိုတာ ယုံပြီလား"

ချည်ပါသားမှာ သဘောပေါက်ပြီး ခွက်ထို ခွက်လှန် ရယ်မောတော့သည်။

ဆင်ဝင်ထရံ

"ဟဲ့ မိန်းကလေးတော့ အိပ်ခါနီးယင် အဝင်တံခါးကို ထေသေချာချာ ဂရုစိုက်ပိတ်ပြီးမှ အိပ်ကြဟဲ့"

မိခင်အိုကြီးသည် အိမ်၏ အကာအရံများ ဘယ်လို ဖြစ်နေသည်ကို သတိမထားပဲ ထိုစကားကိုချည်း ထပ်ကာထပ်လဲ မှာ

ကြားနေသည်။ ဘုရားရှိမခိုးခင် မှာသည်။ ဘုရား ရှိခိုး အပြီးဌ် မှာသေးသည်။ အိပ်ရာခင်းအပြီးဌ် မှာကြားပြန်စာ အိပ်ရာ ဝင်ပြီး အတော်ကြာမှပင် ထ၍ မှာသေးသည်။

ထိုအခါ ဖခင်အိုကြီးမှာ စိတ်လည်း တိုးသည်။ အိမ်၏ အခြေအနေကို သတိမထား။ အခြားအိပ်ပျော်နေသူ ရှိ မရှိ မစဉ်းစား၊ ထင်ရာတွေ့ စွတ်ပြောနေပါစာလေးလို့ ဒေါသထွက် သည့်အတွက်-

"ဟေ့....ဟေ့ တော်တော်ကြာ တံခါး၊ တော်တော်ကြာ တံခါးနဲ့ ကုန်ရွေကုဋ္ဌာ ချမ်းသာတဲ့ သဌေးအိမ်ကြီးလား မှတ်ရ၊ သူ့အိမ်ကဖြင့် ဘယ်ထရံကို ဖြဲဝင်ဝင် လူမပြောနဲ့ ဆင်တောင် ဝင်လို့ရနေတာကို တော်တော်ကြာ တံခါး၊ တော်တော်ကြာ တံခါးနဲ့ အမြင်ကတ်လှပြီ"

သူ့အမှား သူသိသာကြောင့် အမေအို ငြိမ်နေသည့်အတွက် သားသမီးနှင့် မြေးများမှာ ကျိတ်ပြီး ရယ်မော နေကြလေ၏။



ဆိတ်တပို့ငှဲပို့ငှဲ

လှတောသားနှစ်ယောက်သည် ရန်ကုန်မြို့သို့ ရောက်စဉ်တွင် ဗိုလ်တထောင်ဘုရားကြီးကို သွားရောက်ဖူးမျှော်ကြ၏။ ပြီးလျှင် စကားတပြောပြောနှင့် ပြန်လာရာ အကြော်ဆိုင်တဆိုင်ကို တွေ့ရ၏။ အကြော်နံ့ကသည်းထင်း၊ လူလည်းရှင်းသောကြောင့် တဲအတွင်းဝင်ပြီး ထိုင်ကြ၏။

ဆိုင်ရှင်သည် သူတို့မှာကြားသော မုန့်ဟင်းကြော်များ အပြင် အချဉ်ရည်၊ ကြက်သွန်မြိတ်၊ နံနံပင်နှင့် ဆလတ်များလည်း ချပေးသည်။ လှတောသားနှစ်ယောက်သည် အကြော် စားယင်း ရေနွေးသောက်နေကြစဉ် ဇာယောက်က တိအပြင်သို့ လှမ်းကြည့်ပြီး....

"ဗားဒံပင်အောက်မှာ တယောက်ဘည်းစားနေတဲ့လူ ကြည့်စမ်း"

သူတို့အလျင် ရောက်နေနှင့်သူသည် မုန့်အကြော်ထက် ကြက်သွန်မြိတ်များ ဆလတ်ရွက်များနှင့် နံနံပင်များကို အချဉ်ရည်နှင့် တို့ပြီး တအားစားနေရာ ငှင်းကို ထတိုပြုမိသော ဒုတိယ လှတောသားက....

"အလိုလေးလေး... သနားစရာကောင်းလိုက်လေကွယ်၊ဆိတ်ဆယ်ကောင်စာကို သူတယောက်တည်း စားနေလေရဲ့၊ တို့အရပ်သာ ဒီလူလာပြီးနေယင် ဆိတ်တော်တော်ပြီး သေကုန်မှာပဲ"

အကြော်သည်မှာ ဗာဒံပင်အောက်ကလူ ကြားမှာဝိုးသော ဇကြောင့် ကျိတ်ပြီး ရယ်မောနေရှာလေသည်။



ဆန်တစိတ်သာမက

မြင်းမူမြို့ ကာဂဂိတ်သို့ လှတောသားတစု ရောက်လာကြ၏။ တားထွက်မည့်အချိန်ကို ခန့်မှန်း၍ မရသေးပေ။ သို့အတွက် ထမင်းဆိုင်သို့ ဆေးဆေးစွာ လာရောက်ထမင်းစားကြသည်။

ထမင်း မစားလို့ဆာကြောင့် ကားပေါ်တွင် နှစ်ယောက် နေခဲ့သည်။ ထမင်းစားသူမှာ သုံးယောက်ဖြစ်၏။ ထမင်းဆိုင် ရှင်သည် ထမင်းဖိုး လက်ခံယူယင်းက လောကဝတ်သဘာနှင့် "စားလို့ကောင်းကြလား" ဟု မေးသည်။

သုံးယောက်ထဲက အပိန်ဆုံးလူသည် စူနေသော ဗိုက်ကို ပွတ်ကြည့်ကာ....

"ကောင်းပုံများကတော့ဗျာ၊ လှယ်ထွန်ရလွန်းလို့ ချပ်နေတဲ့ ဗိုက် အခုမှပဲ တင့်တောင့်တင့်တယ် ရှိပေတော့တယ်"

ထိုအခါ လှတောသားတဦးက....

"အလိုလေး ဒီဗိုက်လား၊ တင့်တောင့်တင့်တယ်ဗိုက်၊ ဆိတ် တကောင်လုံး မျိုထားတဲ့ ကောသသဗိုက် ဖြစ်နေပါကလား"

ပဿေနဒီ ဧကာဒသလမင်းမှာ ဆန်ဘစိတ်နှင့် ဆိတ်တကောင် ပဲ့တော်တည်လေရှိသူဖြစ်ရာ ယခု ဆိတ်တကောင်ကိုပင် အပိုမျိုထားဏည် ဆိုပြန်သည့်အတွက် အားရပါးရ ဝိုင်းဝန်း ရယ်မောလိုက်ကြရာ ရယ်မောသံများ ဆူညံသွားလေ၏။

ဘောဇဝင်တုန်ရခဲ့ည်

လက်ဖက်ရည်ဆိုင်တွင် စုရုံးနေသော လှတောသား လူငယ် များ၏ မြင်ကွင်းထဲသို့ မိန်းကလေးအချို့ ဝင်ရောက်လာကြ၏။ လှတာသို့ အလည်အပတ် ရောက်လာပြီးနောက် ပြန်လည် ထွက်ခွာမည့်သူများ ဖြစ်၏။ ရယ်ကြမောကြ ပြောကြဆိုကြနှင့် ပျော်စရာစောင်းသည်။

ငင်းတို့ကို မျက်တောင်မတော်ပဲ ကြည့်နေထော လူငယ်တယောက်က....

"ဒေ့....ဟေ့ မင်းတို့ကြည့်ကြစမ်း၊ စွပ်ကျယ်အင်္ကျီအဝါကို ဝတ်ထားတဲ့ အမျိုးသမီးမှာ အောက်ခံဘော်လီအင်္ကျီ ပါလား မပါဘူးလား၊ သေသေချာချာကြည့်ကြစမ်း"

ထိုအခါ အသက်ငယ်ကြီးကြီးလူက....

"အမယ်လေး သေသေချာချာ ပကြည့်ပါရစေနဲ့၊ အခုရှိုးရှိုးကြည့်တာတောင် ဟိုမင်းသားငိုဆလို ထိတ်စရာ ဇောဘဝင် တုန်ရချေရွဲ့ဆိုတာ ကျနေပြီ၊ ဇောဆော ရင်ဆော အကုန်တုန်ပြီး ခုန်နေလို့"

အားရပါးရ ပြောလိုက်ဆု အားရပါးရ ရယ်မောကြသည်၊

ဇယ်အထူးကြောင့် မြူး

လှတောသခင် အမျိုးသားကြီးများထည့် နှစ်သက်ဖွယ်ရာ အမျိုးသမီးများကို "ဇယ်" ဟု ခေါ်တတ်ကြသည်။ ဇယ်ရှယ်သူ များကဲ့သို့ တောင်တောင်အိအိ မခေါ်ကြပေ။

ဝက်လက်မှကားစီးပြီး လှတောသို့ ကားနှင့်ပြန်လာကြသော လှတောသားကြီးများသည် အတူလာထော ခရီးဖော်သူငယ်ချင်း တယောက်ကို ဝိုင်းဝန်း နောက်ပြောင်လာကြသည်၊

ဝက်လက် မြို့ပေါ်တွင် ငင်းလှတောသားကြီး အပါးသို့ "အစ်ကို့ အစ်ကို့" ခေါ်ကာ အမျိုးသမီးတယောက် ထပ်လာ၏။ အဝတ်အစားကလည်း သပ်ရပ်၊ ချပ်ရည်ကလေးကလည်း သနား

ကခေး၊ အရွယ်လည်း အရွယ်ကောင်းမို့ အလိုက်အထိုက် စကားပြန်ပြောပြီးမှ မိန်းမရှာ ဖြစ်နေသောကြောင့် ထုတ်ပြေးခဲ့ရရှာသည်။

သို့ကြောင့် "ငယ်အထူးနဲ့ မြူးလာတဲ့မျက်နှာဆိုတာ ဒီလိုပဲ" ဟု စဉ်သူဘာဝ၏။ "အစ်ကို့အစ်ကို့" ဟု ခေလောင်သူကခေလောင်၏။

ဆက်ကာ ဆက်ကာ အလောင်ခံရဖန် များသောအခါ လှတောသားကြီးသည် သည်းမခံနိုင်တော့ပဲ....

"အလိုလေး အဲဒီလိုခေါ်မယ့်အစား စိတ္တမာဏနဲ့ တင်ရဲတည်းခိုပြီး ဒေဝဒတ်နဲ့ ငရဲတဘိုးတည်း ကျက်ပါ ဝစေ"

စိတ်မချမ်းမသာနှင့် အားရပါးရ ပြောလိုက်ခြင်း ဖြစ်သည့် အတွက် ခရီးဖော် မိတ်ဆွေမျှားမှာ ကျွန်ုပ်စွာ ရယ်မောကြလေသည်။



ဗျာပနလာကြ

လှတောသားတစုမှာ ရန်ကုန်သို့ဆောက်ရွှိလာခိုက်တွင် သူတို့လက်ရင်းထားသူ၏ အသုဘနှင့် ကြုံသောကြောင့် မသာတင် ဝင်ရောက်ညှိခ်ိန်းကြရသည်။ အသုဘမချမီ လာရောက်မေးမြန်းသူများ အသုဘပို့ဆောင်ခါနီးတွင် ရောက်လာသူများ၏ မျက်နှာအမူအရာ စကားနှင့် ဝတ်ဆင်ပုံကို လှတောသားများ လေ့လာခွင့် ရကြ၏။

"အသုတ လာမေးတဲ့ မျက်နှာတွေက ဝမ်းနည်းပူဆွေးနေရမယ့်အစား ဝမ်းသာလို့ လာမေးတဲ့ပုံမျိုးပါလား"

တယောက်က စလိုက်သော အခါ နေခက်ထယေခက်က လည်း....

"အလိုးလေး မသာပို့မယ့်လူတဲ့ ဝတ်စားလှစလိုက်ဘာ လင်ငယ်နဲ့ ချိန်းတွေ့သလားမှတ်ရ"

သူတို့စကားကို ကြားရသူတိုင်း မပြုံးပဲမနေနိုင်ကြ။

စျေးနှုန်း၏အာနိသင်

ထိုမှသာမကသေး။

အသုဘရှုရန် လာသူများသည် အသုဘအိမ် အသုဘမဏ္ဍပ်ဘွင့် အချင်းချင်းဆုံမိသောအခါ နွှတ်ဆက်ကြ စကားစမြည် ပြောကြ၏။ အချို့ထည် နှစ်နှစ်ကာကာဖို့၍ အချို့မှာ အပေါ်ယံကြာမျှသာ ဖြစ်ကြောင်းကို လှုံတောသားများ သတိပြုမိကြ၏။

အချို့မိန်းမများ၏ ပြောပုံဆိုပုံ ဝတ်ပုံစားပုံသည် လှုံတောသားများ၏ မျက်စိထဲ၌ ကန့်လန့်ကြီး ဖြစ်နေသည့်အတွက် အခန်းထဲပြေးဝင်ပြီး....

"ပန်းအိုးနားထိုင်နေတဲ့ မိန်းမကဲ့ ကုန်စျေးနှုန်းအကြောင်း ပြောနေလိုက်တာ ငါ ရယ်ချင်တာနဲ့ ထပြေးလာရတယ်"

အဝတ်များ မီပူဆိုးခနသော အမျိုးသမီးကြီးက....
"ဘာတွေ ပြောလို့လဲ"

"ထိုင်ကတည်းက ပြေးလိုက်တာ စိန်ဈေး ဌေးဈေးကစ ပြောတယ်၊ ဆလိုလေး အိုနှာစစ်ဟာ ဗမာစကားလည်း တတ်ပါ ကလေးလို့ ထင်ရတယ်"

အမျိုးသမီးကြီးမှာ ပြုံးပြီးနေရသည်။

"နောက်ဆုံးကျတော့ ငါးရံ့ကပိဿာ ကရာ့လေးဆယ်၊ ဈေးကြီးလိုက်တာ၊ ဆီကလည်း လေးဆယ့်ငါးကျပ်ဈေး၊ သူက လည်း ငါးရံ့ဆီပြန်မကြိုက်သတဲ့၊ အမှတ်ဘဲ့ နားဆောင်ယင် သူ့ကိုပဲ သနားရတော့လို့လို့၊ ဒါပေမယ့် ဘယ်ဟုတ်မလဲ၊ ဒါ ကွေကို စားနေတဲ့အကြောင်း ကြားနေတာကိုး၊ ကုန်ဈေးနှုန်း တောင် ခုဘုံးဆလုပ်ခံရ သနားစရာ"

တရုံရောအခါ

လှတောသားများသည် စကားကို လွန်အောင်လည်း "အတိ သယဝုတ္တိ" ဖြစ်အောင် ဖြောတတ်ကြဆေးရာ....

"ငါတို့ယောကျ်ားများ ချမ်းသာတုန်းကတော့လည်း သူတို့ရဲ့ ဌေးတွေ ငွေတွေကို ဆင်ဖြူတော်နဲ့တင်လာတာ များလွန်းလို့ လေးလွန်းလို့ ဆင်ဖြူတော်တောင် ကုန်းပြီးအောင်သတဲ့၊ အရ ဆင်းရဲပြန်တော့လည်း နွဲ့ဇီးချေးခြောက်ကောက်ပြီး ရောင်းနေ ရတယ်ဆိုပဲ"

ထိုအခါ ခပ်ကြီးကြီးလူတယောက်က....

"ဝက်သားတုံးကြီး ဒူးခေါင်းလောက် သူများပြောတာ ကြဒူးဖုပါရဲ့၊ မွေးညှပ်ကြီးနဲ့ ပစ်လိုက်လေ၊ ဆင်ကိုးစီးသေ

ထေပေခဝ ဗီဆင်ဆား ချက်လို့ပြုတ်လို့စား ဆိုတာလိုပေါ့ကွာ။ ဆင်ဖြူတေဇ်ချက်စားတယ်ဆိုတာ မမြင်ရပေမယ့် ဟုတ်လောက်လား၊ မဟုတ်လောက်လားဆိုတာ အိုးကိုချင့်ကြည့်ယင် သိနိုင်ပါတယ်ကွာ"

ဝိုင်းဝန်း နှားထောင်နေသူများမှာ ရယ်စရာပြာသည်ထင်ပြီး ဟားတိုက်ရယ်မောကြလေ၏။

တေမှာလာသောကျား

ကျောင်းချိန်ဆိုမီ လှယ်အိတ်ကိုယ်စီ တရွတ်ဆွဲလျက် အပြေးသွားနေကြသော ဘာလေးတွေကိုကြည့်ယင်း လက်ဖက်ရည်ဆိုင်ထဲ၌....

"အလိုလေး သူငယ်တန်းကျောင်းသားတွဲ့၊ လှယ်လိုက်ရတဲ့ ဒဿအုပ်ကတော့ ဘီအေတန်းအတွက် စာတန်းတင်ဖို့ စာအုပ်တွေ ရှာလာသလားမှတ်ရ"

တယောက်က စလိုက်ရာ...

"စာကျက်ရတာလည်း မနားရပါဘူးကွာ"

နောက်ကယောက်ကလည်း....

"တို့အိမ်နားက ကလေးလည်း အတန်းမေးတော့ ပထမတန်းတဲ့၊ ကျက်လိုက်ရတဲ့စာကတော့ အလိုလေး ဆိတ်ငြိုးကျစ်ဝင်ဆွဲသားမှတ်ရ၊ ကျက်ကျက်ကို ရိုက်ခနပါကလား"

ဆိုဖိထဲတွင် ရယ်မောသံများ ညံသွားသေသည်း

တောက်တဲ့ခေါင်းပေါင်း ပေါင်း

လှတေးရုံတွင် ရုပ်ရှင်ဇာတ်ထုပ်များ မကြာခဏ ပြသနေရာ တနေ့တွင် ကနေဒီမင်းသား အတ္ထုပ္ပတ္တိပဝင်းသော ဇာတ်ကားတု ဆိုသောကြောင့် သွားကြည့်သူများ အတော်များများ ရှိကြသည်။ နောက်တနေ့ဘဲ လက်ဖက်ရည်ဆိုင်၌ ဆုံမိကြသောအခါ အကျိုးအကြောင်း၊ ကောင်း မကောင်း မေးမြန်းစုံစမ်းကြ၏။

ရုပ်ရှင်ကြည့်ခဲ့ရသူ တဦးက....

"ကနောင်မင်းသားဆိုလို့ ခန့်ခန့်ညားညား လေးစားကြည်ညိုစရာ ဇာတိမာန်တက်စရာလူများ တွေ့ရမလား မှတ်တယ်။ လက်စသတ်ကတော့ တောက်တဲ့ခေါင်းပေါင်း ပေါင်းသလို ပြောက်တီ ပြောက်ကျားတွေ ဆင်ထားတာပဲ တွေ့ခဲ့ရပါ ကလား"

ဆိုင်ထဲမှလူများမှာ တဝါးဝါး တဟားဟား ပွဲကျသွားကြလေ၏။

တင်စားပုံ တင်စားပုံ

ရိုးသားသော လှတောသား၊ လယ်သမားကြီး တယောက်ထည့် မလွဲမရှောင်သာသော အကြောင်းတခုကြောင့် ရုံးပြင်ကန္ဒားသို့ ရောက်လာလေသည်။ ထိုစဉ်အခါက ရုံးပြင်ကန္ဒားမှာ ရိုးသားသော တောသူ ဘောင်သား နားမလည်သော

ဆင်းရဲသူ ဆင်းရဲသားများကို မကူညီခပ။ ကြောက်မုန်းသိလျှင် နင်းပြီးခြောက်သည်။

ထို့ကြောင့် လူတောသားကြီးမှာ ရုံးမင်းချွတ်ခင် ဘာမျှ အစစ်မခံသေး။ ကျမ်းကိုင်ရရုံကလေးနှင့် တုန်လှုပ်ချောက်ချားနေ၏။ ချွေနေများ အမှုလိုက်များ၏ မေးခွန်းကိုဖြေသောအခါ အထစ်ထစ်အငေါ့ငေါ့ ဖြစ်နေ၏။

မေးသမျှ ဖြေဆိုပြီးသွားလျှင် ရုံးပြင် ထွက်လာသောအခါ သူနှင့်ပါလာသော အဖော်များက....

"ဇောချွေးတွေပျံနေတာပဲ။ ငေတံလျှောက်ကကျတဲ့ ရေလားမှတ်ရ"

ရုံးသို့ ကိစ္စအသီးသီးနှင့် ရောက်နေကြသော ပရိသတ်မှာ အုန်းကနဲရယ်ကြသည်၊

ထိုအခါ နောက်တယောက်က....

"အလိုလေး တုန်နေပုံကလည်း မနဲ့သေး ငှက်ဖျားတက်နေသလား မှတ်ရ"

ပရိသတ်ကြီး ရယ်မောရပြန်သည်။



တောင့်တင်းထွားကျိုင်းပုံ

ဝက်လက်ဘောလုံးသင်းနှင့် လူတောဘောလုံးသင်းတို့ လူဘောရွာကွင်းတွင် မိတ်ဆက်ကစားကြစဉ်က ဖြစ်၏။ လူတောနှင့် အနီးအနားမှ မျှားစွာလာရောက် အားပေးကြသည်။

လူတောသားများသည် ဝက်လက်မှ ဘော လုံး သ မား တယောက်ကို မျက်စိကျနေကြ၏။ ထိုဘောလုံးသမားမှာ မည်း

မည်း ညိုညို တုတ်တုတ်ခိုင်ခိုင်ကြီးဖြစ်၏၊ ပေါင်လုံးကြီးများမှာ ထန်းပင်လေးက် တုတ်နေရာ လှုပ်ရှားပြေးလွှားမှုတွင် ခနဲး ကွေးသည်ထင်ရ၏။

ထို့ကြောင့် လှုဘေးသားတယောက်က...

"အလိုလေးဟဲ့ နွေးကွေး လေးလံလိုက်တဲ့ ဘောလုံးသမား ရယ်၊ မြင်းမိုရ်တောင်ကြီး ဖောက်ဘောကိုင်ထားသလားမှတ်ရ"

နေးက်တယောက်က....

"ခနဲးတော့မှာပေါ့ကွာ၊ ကြီးလိုက်တဲ့ ပေါင်လုံးကြီးတွေ နဲ့ယ် ရေစည်ပီပါကြီးတွေ ထောင်ထားသလိုပါကလား"

ဆိုလိုက်သေးအခါ ရယ်မောသံများ ဆူညံသွားတော့သည်။



တိုင်းဘလယ် နှိုင်းဖွယ်

အိမ်တအိမ်သို့ ည့်သည်သုံးလေးယောက် ဝင်လာကြသည်။ သို့ဆိုတွင် ခွေးဟောင်နေသောကြောင့် ရှတ်တရက် မဝင်နိုင်ကြပေ။

ည့်သည်များ၌ ရှာခံတယောက်နှင့် ရှစဝေးနှစ်ယောက် ဖြစ်သည်။ ရှာဝေးနှစ်ယောက်သည် ခွေးကို လက်ဖျောက်တီးကာ ချော့ယင်း ရွှေတိုးသွားရာ ရှာခံလူက....

"ဒီခွေးကိုက်တယ်နော်၊ အရောဝင်ထလိုလိုနဲ့ လာဖက်ပြီး မျက်နှာကိုမှ ကိုက်တာဗျ"

"ကိစ္စမရှိပါဘူးကွာ"

"ကိစ္စမရှိဘူး၊ လုပ်မနေနဲ့ ဒီခွေးကိုက်ယင် မထက်ဆစ်ဘူး၊ ကျိသရီးနဲ့ ပစ်ဖဲ့သားသလား အောက်မေ့ရတယ်"
ထိုသို့သတိပေးမှ နောက်ဆုတ်နေကြလေ၏။

တိမ်ဖောက်ဝတိ ရောက်

အိမ်တအိမ်သို့ ရောက်လာထော ဧည့်သည်များသည် ငှက်ပျော်ပင်ကို အလွန်သတောကျနေကြသည်။ သူတို့ ထတောကျလည်း ကျလောက်စရာ ဖြစ်ပါသည်၊ ဝှက်ပျစပင် ပင်စည်မှာ ထန်းပင်နီးပါး ကြီးထွားနေပါသည်။

မပြေမဖြစ်၍ ပြောစရာ ဆိုစရာများကို ပြောဆိုဆွေးနွေးနေသူများမှာ စကားကို ပြောင့်အောင်မပြောနိုင်ကြ။ ငှက်ပျောပင်ကို လှမ်းကြည့်နေကြသည်။ စကားပြောရန်မလိုသူတယောက်ကတော့ ငှက်ပျောပင်တောင့်ဆိမ်သားတယောက်နှင့် စကားစပြောနေပုံမှာ-

"နောက်တဘက်ထွက်ယင် ကွန်တင့်ပေးမျာ"
"ရပါ့တယ်ကွာ"
"အပင်ကြီး ဒါလောက် ကြီးနေမှတော့ အသီးကျတော့လည်း တလုံးတလုံး ခြောလုံးလောက် ရှိမှာပဲနော်"
"ကြီးတာတော့ မပြောနဲ့တော့ကွ၊ အဲဒီ ငှက်ပြောမျိုးက အပူးငွေ့ပြီဆိုယင် သူဇီတာ သုမာလာတို့ အိပ်ရာအောက်ကို တန်းပြီးရောက်သွားတာပဲ"

တသီးတခြား စကားပြောနေသူများမှာ ထိုးထားကြောင့် ဝါးကနဲ ပွဲကျကာ စကားဝိုင်းပျက်သွားလေ၏။

တယ်ဇမ်းပါကလား

ဆေးသိပ်ဖွာကာ စည်းစိမ်ယူနေသော ဦးကြီးမှာ စည်းစိမ်ပျက်ရလေသည်။ သူ အားထားသော ဆေးလိပ်မှာ မကြာခဏ မီးသေချိုင်းနေရာ မကြာခဏ ထပ်မံ ညှိနေသောကြောင့် စည်းစိမ်ပျက်လှသည်။

ထုံးလေးကြိမ် ညှိသွားပြီးသောအခါ ထူဇနီးအား-

'တဲ့ ဒီဆေးလိပ် ဘာသားဆေးရှိုးနဲ့ လိပ်တာလဲ''

''တသီးဆခြား မှတ်မထားဘူး၊ အစုံပါပဲ၊ ဘာဖြစ်လို့လဲ''

''အဲဒီထဲက ဆေးရိုးရဲ့အပင်ကို ယူပြီး အိမ်ဆောက်ရယင် မီးမကြောက်ရတော့ဘူးဟ၊ မီးကွင်းတယ်''

အိမ်ရှင်မမှာ ချက်ချင်းသဘောမပေါက်။ စကား ဆုံးသွား တော့မှ ဟားတိုက်ရယ်မောလေ၏။

တွဲလွဲ့ပါဦး

မနက်မျှော်လင့်ပဲ မိုးရွာသည့်အတွက် အလူအတူက် ချက်ပြုတ် လုပ်ကိုင် နေသူများမှာ ပြေးလွှားကြသည်။ ပုံးစတူ အုပ်စရာ မျှစ်ကို အလျင်အမြန် ပုံးအုပ်ကြသည်။

ချက်ပြုတ်ဆည်နေရာ ဘုဉ် မိုးသားသော မိုးကာမှာ ထေသော ထပ်သပ် မရှိသည့်အတွက် ချက်ချင်း ရေတွေအိုင်လာကာ စိမ့်ကျလေသည်။ မိုးကာကို ပြန်ပြုပြင်ရန် တုတ်နှင့်ထိုးကြသည်။ တုတ်နှင့်ကော်ကြဆာည်။

ထိုအချိန်တွင် လေကလည်း တိုက်လိုက်ရာ မိုးအောမှာ တွဲလွဲကျလာသည့်အတွက်-

"မိုးကာတဲ့ကွာ....ဆန်ချတဲ့စကာလောက်မှ မလုံပါကလား"

တယောက်ကစလိုက်ရာ နောက်ကယောက်လည်း-

"အလိုလေး....ပိုးကာ မိုးထားထာလည်း ကြည့်ပါဦး၊ အငြိမ့်မင်းသမီး ထဘီနား တွဲလျားကျနေသလားမှတ်ရ"

တိုင်ဖက်ပြီး တက်နေသူများမှာ ရယ်မောရသဖြင့် လျှောကျလာကြလေ၏။

ထမင်းနဲ့အိုးကြီးကွဲခါမှ

ကားဆိုတ်စျေးတန်းတွင် ဈေးသည်များ စုံသင် လှသည်။ ကားငီးပရိသတ်နှင့် ထိုဆိုင်များတွင် ဝယ်ခြမ်းစားသောက်သော ပရိသတ်မှာ အမှုန်မရှိချေ၊ တခါတရံတွင် စျေးသည်များမှာ ဆောင်းမလောက်ကြချေ။

ယနေ့မူ အသုပ်စုံဆိုင်တွင် တို့ဟူးစိမ်းများ မကုန်ပဲ ရှိနေသည်။ လွှင့်ပစ်ရမည်မှာ သည်းနှမြောသောကြောင့် အသိ သူငယ်ကလေးတယောကဲအား လှမ်းခေါ်လေသည်။

"ချဉ်းစဉ်ကားသုပ်တွေဟယ်၊ မကုန်လို့ စားလှည့်စမ်းပါ"

သူငယ်သည် ရယ်မောလိုက်ကာ -

"ဟာဂုတမင်းနဲ့ အိုးကြီးကွဲခါမှ မွန်ကြသည့်ဒါနဒိဗ္ဗလမဆို သာတဲ့ဗျို့၊ ရောင်းမကုန်လို့ ခေါ်ကျေးတာကလည်း ချဉ်စော်ကား"

"ဟုတ်ပါတယ်ဟယ်၊ စားစမ်းပါ"

"မနက်ကတည်းက ဟာတွေကို အခုနေဝင်ချိန်မှာ ဆာကုန်စားရယင်ကော့ ဝမ်းတောင်လားပြီး ကိစ္စချောအောင် စေးသက်ထက်သာသာနဲ့ လူသတ်တာလား၊ မေးဖို့ကာင်းပြီဗျို့"

သူငယ်ပြောသည့်စကားမှာ မွန်နေသောကြောင့် စေးသည်မှာ ရယ်မောနေရတော့သည်။



ထူးဆန်းသောလုံချည်

လှတောသား လယ်သမားကြီးတစ်ယောက်မှာ စပါးဒိုင်သို့ စပါးရောင်းချရာတွင် တစ်ဝန် ကျော်သည့်အပြင် ပိုလျှံစပါး ရောင်းချရာ၌လည်း ထိပ်ဆုံးကဖြစ်သောကြောင့် သွပ်ပြား၀ယ်ခွင့် ရရှိသည်။

သွပ်ပြားမှာ ရှားပါးလှထည်။ လိုချင်သူလည်း များပြားသည်။ သူသည် ဝမ်းထာအားရဖြစ်ပြီး လှည်းပေါ် တင်လာခဲ့သည်။ လှည်းမောင်းပြီး ပြန်လာစဉ်ဘူတင် သူဝယ်လာသောသွပ်ကို တက်နင်းကြည့်သည်။ နှင်တံနှင့် ခေါက်ကြည့်သည်။ လက်နှင့်လိမ် ခေါက်ကွေးကြည့်သည်။

သူပ်ပြားဆည် အလွန်ပါး၍ အလွန်လည်း ပျော့နေသည့် အတွက် အိမ်သို့ ရောက်မဆိုက်ပင် အိမ်ရှင်မအား...

"အဘော်ပဲးဟ့ မင်းလုံချည်ချုပ်ဝတ်ဖို့ သူပ်ပြားတွေ ဝယ်လာတယ်"

ဇနီး လှုတောသူကလည်း အသံ့ ခံပေး၊

"အလိုလေးတော် ဒါတွေကို လုံချည်ချုပ်ဝတ်မယ့်အစား ပလတ်စာစ်အကြည်တို့ မှန်တို့ပဲ ထဘီချုပ်ဝတ်တော့မှာပေါ့"

ကြားရသော အိမ်နီးနားချင်းများမှာ လှည်းပေါ်တွင် ပါသားသော သူပ်ပြားများကို သွားရောက်မကြည့်ပဲနှင့် အလွန်ပါးလှပါကလားဟု သိနေကြလေ၏၊



ထုံးမန်း မန်းရော့သလား

လင်မယားရန်ဖြစ်ရာ လင်ယောကျ်ားက ရိုက်နှက်ပြီးနောက် ယေားအား အိမ်မှနှင်ချသည်။ မယားက မသွားပေ။ လင်ဖြစ်သူကလည်း အမှန်စားဝေချင်၍ နှင်ခြင်းမဟုတ်၊ ဒေါသအလျောက် ပြောခြင်းသာဖြစ်သည်၊

သို့ကြောင့် ဆင်းမသွားပဲ အိမ်ရှေ့ကြမ်းပြင်တွင်ထိုင်ပြီး ငိုနေသည်ကို ထပ်မံပြီး အာဘင်းနှင်မချခြင်း ဖြစ်သည်။ သို့ရာတွင် မယားဖြစ်သူသည် ငိုယင်းက တတွတ်တွတ်ပြောနေသည်၊

ပြောနေသံများကို အိမ်ထဲမှကြားခဲ့သော ယောကျ်ားက....

"ဘာလဲဟေ့ သီချင်းဆိုနေတာလား၊ ငါ့ကို ဆဲနေတာလား"

"ငိုနေတာဟဲ့ ငိုနေတာ"

"အလိုလေး ငိုနေတာတဲ့၊ သစ်ပင်ပေါ်ကာ လိမ့်ကျတဲ့လူ ထုံးမန်း ခန်းခပေးနေသလား၊ မှတ်ရ"

ငိုနေသူမှာ ပါးစပ်ကို လက်ဝါးအုပ်ပြီး ပြုံးနေရရှာ၏၊

ဒဗြကိုအားကျ၍

ရန်ကုန်မြို့သို့ လာရောက်လည်ပတ်သော လူတော်သားတစ်ယောက်သည် ဗိုလ်ချုပ်လမ်း တလျှောက်အတိုင်း အရှေ့မှအနောက်သို့ ခြေကျင်လျှောက်လာကြ၏။ သူတို့သည် ဗိုလ်အောင်ကျော်လမ်း ထောင့်တွင် ခမ်းနားသော ရေချမ်းစင်ကြီးကို တွေ့ရသည်၊ ၂၉ လမ်းထိပ် ဗ ဒံပင်ရိပ် အုတ်ခုံတွင်လည်း အလစ်းတူပင် တွေ့ရသည်။ လဟာပြင်ဈေးတွင်လည်း တွေ့ရသည်။

ရေအိုးများမှာ သစ်လွင်ပြီး ရေပြည့်နေသည်။ သို့ရာတွင် ရေခွက်အားလုံးမှာ သံကြိုး တန်းလန်းနှင့်ချည်၊ ဖြစ်သည်။ ၎င်းကို သတိပြုမိသော လူတော်သားတယောက်က အဖော်များအား....

"ရန်ကုန်မှာလာပြီး ရေခွက်ခဖြစ်အောင် ဆုတောင်းကွ"

"ဘာပြုလို့လဲ"

အဖော်က ပြန်မေးရာ ,စကားစတင်သူက....

"အလိုလေးလူရာ မမြင်ဘူးလား၊ ရေခွက်တဲ့ တို့ဆီက ဒဗြလား မှတ်ရ လက်ထိပ်ကြိုးတန်းလန်းနဲ့"

ရွေနောက်ဝဲယာမှ လူမျှားမှာယားတိုက် ရယ်မောကြလေ၏၊

* * *

ဒါကိုပဲ ရှာနေသူ

လှတောသား၊ တစုံတည် နွားငယ်ရန် လှည့်လည်ပါင်း စိုင်နိုင် ရွာသို့ ရောက်သွားကြကာ အသိတယောက်၏အိမ်သို့ ဝင်ရောက်ပြီး အမေးအပန်းပြုကြ၏။ ဝင်လာသူငါးယောက်တွင် အိမ်ရှင်နှင့် သိသူမှာ သုံးယောက်သာပါ၏၊

အိမ်ရှင်သည် လက်ဖက်ရည်ကြမ်း၊ ဆေးလိပ်၊ ထန်းလျက်၊ ပဲကြီးလှော်မျှား ချတည်ကာ မသိသူများအား....

"ဟိုမိတ်ဆွေများလည်း သောက်ကြပါ စားကြပါ"

တပြောခံရသူများအနက် တယောက်က ရင်းနှီးသော တဘာ ပေါ်စေရန် ပြန်ပြောပုံမှာ...

"စားပါမယ်၊ မစားမှာတော့ မပူနဲ့၊ ကျွန်တော်တို့က ဘုရားဆွမ်း၊ တော်ကစ်တို့ ဆွမ်းသွတ်တို့ ဘုရားကိုးဆူဆွမ်းကပ်တို့ပဲ လိုက်ရှာနေတာ၊ တနေ့တနေ့ ဘယ်ရွာကို ည့ေသည်လုပ်ပြီး သွားစားရပါမလဲ စဉ်းစားရတာလည်း အမောပါပဲ"

လှတောသားအကြောင်းကို သိပြီးဖြစ်သော်လည်း အိမ်ရှင်မှာ ဟန်မဆောင်နိုင်ပဲ ရယ်မောမိလေတော့သည်။

ဒီကောင့်နှယ်ခနဲ

လှကောရွာ တောလုံးအသင်းနှင့် ကြည့်ကုန် အသင်းတို့ ဖူးဘာလုံးကစားကြစဉ်က ဖြစ်ပေသည်။ နှစ်ဆင်းစလုံးမှာ ခြေချင်းကူသည်။ သို့ဆိုတွင် ကြံခိုင်မှုသက်လုံးကာင်းမှုဌ် ကြည့်ကန်ကထောလွန်သည်။

လူတော်သင်းဘက်မှ ရွှေတန်းလူတန်းယောက်သည် အတားအဆီး အနှောင့်အယှက်ကင်းစွာ ဘေလုံးကို သယ်လာသည်။ လူတော်သားများ အော်ဟစ်ကာ အားပေးနှေးကြစဉ် ချော်လဲသွားရာ—

"နှာနှပ်လိုက်ကြပါဦး၊ တီအောင်ကို ခလုတ်တိုက် လဲရှာတာပါ"

မကြာမီ အခြားတကောက် ကန်သွင်းလိုက်သော ဘေလုံးမှာ ကန်ချက်ပျော့သဖြင့် အသာကလေး မိသွားသည်ကို ဆတ်ဆတ်....

"အလိုလေး ပျော့လိုက်လေ ငါလူလေ ရှုံပုပ်ရည်လောက်မှ တောင့်တောင့်တင်းတင်း မရှိပါကလားကွဲ"

လူတော်သားကို လူတော်သားက ပြောခြင်းဖြစ်သလို အားရပါးရ ဝိုင်းဝန်း ရယ်မောသူ အများစုမှာလည်း လူတော်သားများသာ။



ဒေဝဒတ်နှုတ်ခမ်းပွေး

မိန်းကလေးများသည်ထွန်ရေးပြင်ထဲတွင် အုပ်ကိုက်ကောက်နေကြ၏။ ခေါင်းပေါင်းပေါင်း ခမောက်ဆောင်းပြီး၊ သနပ်ခါး ပါးကွက်ကြီးတွေနှင့် လှမျှားပင် လှသေးတော့။

ယာထဲတွင် မျိုးမချမီ အမှိုက်စင်စေရန် အငှားလိုက်ကြခြင်းဖြစ်၏။ အမှိုက်မှာ ပေါင်းမြက်များဖြစ်သည်။ အချို့သည် ထွန်ရေးထဲတွင် ပေါ်နေ၍ အချို့မှာ မြေစိုင်များအောက်

တွင် ပိန်နေသည်၊ ဘယ်လိုပဲဌ်ရှိ၊ ဒါတွေ့ခြောင်အောင် ကောက်ရမည်။ မပြောင်ပါက မိုးနှင့်အတွေ့တွင် ထလာပြီး အသီးအနှံများကို ထိခိုက်မည်။

ထို့ကြောင့် ယာရှင်အမျိုးသမီးသည် ပေါင်းကောက်သူများထံ လှည့်လည်သွားလာဟင်း-

"ကောင်မတို့ အပေါ်ယံနာချည်း သဲမနေကြနဲ့ဦး တွင်းရေးထဲကိုလည်း နက်နက်လေးနှိုက်ကြပါဟဲ့"

ဤစကားကို ဤလိုချည်း ထပ်ခါတလဲလဲ ဆတိပေးနေရာ စာနေရာသို့ အရောက်တွင် ပေါင်းကောက်သူ ပြန်ပြောပုံမှာ-

"အလိုးလေးအရယ်၊ နက်နက်နှိုက်ပါဆိုလို့ နက်နက်ဆဲတာ နှိုက်တာ ဒေ၀ဒတ်ရဲ့ နှုတ်ခမ်းမွေးသွားဆွဲမိလို့အော်လိုက်တာ ငယ်သံပါလို့ ညည်းမကြားဘူးလား"

ပေါင်းကောက်သူများ ဝိုင်းရယ်ကြသည်။ ပိုင်ရှင်မှာလည်း မနေနိုင်ပဲ ရောနှော ရယ်မောရလေ၏။

❀ ❀ ❀

ဒေါင်ဒေါင်မြည်သည့်ဘေး

ကလေးဘ၀ယာက်သည် 'ချိပါ ချိပါ'ဟု ပြော ငိုနေ၏။ လမဲသွားသူ၏ရွှေမှ လက်တမြောက်မြောက်နှင့် ပိတ်ဆီးပြီး အချိခိုင်းနေသည်၊ ဆားနှောင်းမို့ အလိုလိုက်ကာ ယုယထား သော ကလေးဖြစ်သည့်အတွက် လေးငါးနှစ်ရွယ်အထိ အချိအပို၊ ခံနေခြင်းဖြစ်၏။

သူ့အစ်မမှာ ကျွဲလောက် ထွားကြိုင်းနေသူကို ချီပို့ရန် ဝန်လေးနေဟန်ရှိစဉ် ဆံပင်ညှပ်ဆိုင်ထဲမှ လူတယောက်က-

"ဟေ့ကောင်၊ မင့်အသက်က အဖိုးသက်ရှည်နဲ့ ဆက်တူဝါတူရှိနေပြီ။ မင့်ကိုယ်မင်း ကလေးမွေးနေသလား"

နောက်တယောက်ကလည်း-

"အလိုလေး ဒီကိုယ်ခန္ဓာကြီးကိုသာ ခါးစောင်းချိရယင် တော့ ဂစ်တာကြိုး တင်းသလို အေားကြောတွေတင်းကုန် ပြတ်ကုန်ရချေရဲ့"

ဆိုင်ထဲမှလူများ ဝိုင်းဝန်း ရယ်မောကြသဖြင့် စာလေးမှာ မျက်နှာကို အသာဝှက်ထားလေ၏။

ဒေါင်းမကလေး

ပျော်ပျော်နေသေခဲ့ လှတောသားကြီးသည် သူ့ဝသီ အတိုင်း ကြော့ရှင်းသပ်ရပ်စွာ ဝတ်စားဆင်ယင်ပြီး အိမ်မှထွက်လာရာ ကွမ်းယာဆိုင်တဆိုင်သို့ အရောက်တွင်လူငယ် အချို့က ဆီးပြောကြ၏။

"ဘိုးလေး....ဘိုးလေး၊ ဟိုမှာဘိုးလေးကို မြူဆွယ်နေကြတယ်"

ထိုနေရာဘွင် အသုပ်စုံဆိုင်ရှိရာ တဟီဟီး တဟားဟားနှင့် မိန်းကလေးအချို့ရှိ၏။ ထိုလူကြီးသည် လှမ်းကြည့်လိုက်ကာ-

"အလိုလေး၊ ဥဒေါင်းမင်းကို ညှာတ်ကွင်းထဲ မိအောင်လုပ်တဲ့ ဒေါင်းမကလေးတွေလား မူတ်ရ၊ ကောင်လို့ တမျိုး၊ မောင်လို့

တသွယ်နဲ့ သတိဆားကြဟေ့၊ အိုးဝေ-အိုးဝေနဲ့မမြည်တာ တခုပဲရှိဘယ်''

လူငယ်များ၏ သံဃးသံကြောင် ရယ်မောသံများ လွှင့်တက်သွား၏။

ခေတ္တပေဒဝိန်

လက်သုပ်ဆိုင်မှ မိန်းကလေးများ လူစုမကွဲသေး သဖြင့် တိမ်းယာဆိုင်မှ လူငယ်ကလေး များသည်း မခွဲနိုင်ကြချေ။ ဗိန် ကလေ'များဆဲမှ တောင့်တင်းဖွံ့ထွားသော မိန်းကလေး ဟယောက်သည် မကြာခဏ လူအုပ်ထဲမှ ရွှေသို့ ထွက်လာ၏။ ဗယ်ဘက်အစွန်မှ ညာဘက်အစွန် ညာဘက်အစွန်မှ ဗယ်ဘက် အစွန်သို့သည်း ရွှေ့၏၊ အာကျယ်ကြီးလည်း ရယ်၏။ သူသည် ပန်းနုရောင် ဆင်တူဝတ်ထားရာ-

''ပန်းနုရောင်ကလေးကတော့ မင့်ကိုလှမ်းကြည့်နေတာ''

ပန်းနုရောင်ကလေးဆည် အားလုံး၏ ပါးစပ်ထဲမှ မထွက်သည့် ဇာတ်က လူပျော်ကြီးက-

''မင်းတို့ပါးစပ်မှာ သူ့နာမည်ရောက်နေအောင်မကြာခဏ လှုပ်နေတာ မမြင်ကြဘူးလားကွဲ့။ အလိုလေး ခေတ္တပဒစိန် ဆိုတာ စိန်အစစ်တက် လက်တယ်ဟ''

ထို့သို့ ကျယ်ကျယ် ကလေး ပြောပေးမှ အလှုပ်ရပ်သွား လေ၏။

* * *

ခေတ်ပုံဆရာရယ်

အခမ်းအနားတခုတွင် အုပ်ချုပ်သူများအား ဆုပေးထော အစီအစဉ်ပါဝင်လေသည်။ အခမ်းအနားမှူးက ခေါ်သောသူ သည် ဆုခပ်သူ့ရွှေသို့ ရောက်လာကာ ဆုယူ၏။ ခေတ်ပုံဆရာ ထည့် ထိုအချိန်တွင် ခေတ်ပုံမရိုက်ပဲ 'ဟောနေပါဦး' ဆိုကာ အနေခိုင်းပြီး ရိုက်ယူ၏။

ခေတ်ပုံရိုက်သူသည် ဆုယူသူတိုင်းကို ဤလိုချည်း ပြန်ပြီး အနေခိုင်းရာ အခမ်းအနားသို့ ရောက်နေသော လူတော်သား၏ ပါးစပ်များမှာ လှုပ်လှုပ်ခတ်သည်။

"စစ်မြေပြင်သဘင်းထောင်းတို့ သိမ်တော်ဘာပဲနော်၊ ခုန တုန်းက ဗုံးပေါက်သလို ပေါက်ပြပါဦးဆိုယင် ဗုံးက တခါ ပေါက်ပြတယ်နော်၊ လေယာဉ်ပျံစောစောက ပျက်ကျသလို ပြန် ပြီး ပျက်ကျပါဦးပြောလည်း ရဘးပဲဟ"

တယောက်က ဤလိုစလိုက်လျှင် နောက်တယောက်လည်း....

"လေယာဉ်ပျံတွေ့ ဗုံးတွေက လူစကား နားလည် သလားမှ မသိတာ၊ အလိုလေးဟဲ့လူတွေ့၊ တယ်လည်း ဗဟုသုတ နည်း ဆက်ဦး"

"ဟုတ်ကဲ့...ဟုတ်ကဲ့....မသိလို့"

လှုတော်သားများ၏ အော်ကျယ် အော်ကျယ် ထွေ့သံငေ့ သံ အဆုံးတွင် ခေတ်ပုံဆရာမှာ လူအုပ်ထဲမှ ပျောက်ကွယ်သွား လေ၏။

× × ×

နှပန်းသမားထက်သစ်

မြို့မှည်သည်များတော်သို့ရောက်လာလျှင် လတ်ဆတ်ထော အစားအစာနှင့် လေကောင်းလေသန့်ဆိုသော စကားကို အလွန် ပြေ၏။ ထို့ကြောင့် လူတစ်သားတယောက်သည် မြို့မှ လွှဲသော ညှော်သည်နှစ်ယောက်အားယာထုတ်ခြင်းဖူး လတ်လတ် ဆတ်ဆတ်တွေကို ပြုတ်ပြီး တည်ခင်း၏။

"ဆရာလေးတို့ သုံးဆောင်ကြပါ၊ ယာထဲက စေ့စေ့ငုတ် ခူးလာတာ၊ သိပ်ပြီးလတ်ဆတ်ပါဘယ်"

"ကျေးဇူးတင်ပါတယ်၊ အစာမကြေမှာစိုးလို့ နည်းနည်း ပါးပါးပဲ စားပါရစေ"

ထိုညှော်သည်များ ပြန်သွားချိန်လမ်းသို့ရောက်ချိန်တွင်အိမ်ရှင်မ ဖြစ်သူက ပြောလိုက်ပုံမှာ—

"အလိုးလေးတော်....ပြေးလိုက်တော့ဖြင့် အစာမကြေမှာစိုးလို့တဲ့၊ ပြီးတော့ဖြင့် သူတို့နဲ့ပြောင်းပူးနဲ့ နပန်းလုံးနေ လိုက်ကြလေ၊ မယဉ်ကို ကျွေးခဲ့နေသလားမှတဲ့ရ"

ဟူ၍ ဖြစ်ပေ၏။

နားပါးလိုက်တာ

၀ါဿနာတွ စိတ်တူသူများ ဆုံမိကြလျှင် တော်တော်နှင့် လူစု ပက္ခဝေး ကိစ္စရှိ၍ တယောက်ယောက်က ထပြန် လျှောက်လည်း အကောင်းဆုံးကား တစ်ကြိမ်၊ ဤလိုနှင့် မကြာခဏ ပြန်ပြီး ထိုင်

နေရသူ တယောက်နှာ နောက်ဆုံးတွင် တဝါးဝါး သမ်းဝေပြီး ထပြန်ရန် ဟန်ပြင်ယင်း-

"ဒီတခါတော့ တစ်ယပ်ပြန်မှပဲ၊ အိပ်ခွင့်ပြီ"

ထိုအခါ ကျွန်ရစ်သူများသံမှ တယောက်ကာ-

"အိပ်ရေးကလည်း ဆတ်ပ ဘိခြင်း"

"အလိုလေး....အိပ်ရေးဆတ်ပုံများတော့ ပုရွတ်ဆိတ် ဘီးပေါက်ယင်၊ ခြတွေ့ ချောင်းဆိုးယင် တမျင်းနီ လမ်းလျှောက်ယင် လန့်နိုးလွန်းလို့"

မိတ်ဆွေများမှာ ရယ်မောလျက် ကျွန်ခဲ့ကြလေ၏။

နေရာကျဉ်းကျဉ်းကလေး

မြင်းဝါသနာ ပါသူတယောက်သည် မြင်းတကောင်ကို သင့်လျော်သော အဖိုးနှုန်းထားထက် လျော့ပြီး ရဆောင်ကြောင့် ဝယ်ယူလိုက်သည်။ သို့ဆုတွင် ထိုမြင်းမှာ မြင်းဆိုး မြင်းကတ်ကြီး ဖြစ်၏။

တနေ့တွင် ထိုမြင်းကိုစီးပြီး ရွာမှထွက်သွားရာ မကြာမီတွင် အိမ်သို့ပြန်ရောက်သောအခါ တကိုယ်လုံးလည်း ဒေပကျံနေ၏။ ပွန်းဆာပဲ့ဆာများကိုလည်း သွေးစို့စို့နှင့် တွေ့ရသဖြင့် မိခင် ဖြစ်သူက....

"မဲကုန်းသွားတာ မြန်လှချေလား"

"မဲကုန်းတော့ ရောက်ခဲ့ပါရဲ့၊ ဒီမြင်းနဲ့ အရှက်ကွဲမှာ စိုးလို့လည်းပြီး ပြန်ခဲ့ရတယ်အမေ၊ လူပဲကိုသာကြည့်ပါတော့၊ တွင်းစာလေး တာလေးမျှားသည်း ကျွေးချေပါဦး"

မြင်းပေါ်မှလိမ့်ကျလျှင်၊ လဲလျှင် တွင်းစာကျွေးသော အယူသည်းမှု ရှိသည့် မိခင်ဖြစ်သူမှာ ထိတ်ထိတ် ပျာပျာ ဖြစ်သွားကာ....

"ဘယ်နားလဲအမေ၊ အခု သွားကျွေးချေမယ်"

"မဲကုန်းနဲ့ လှတောကြားတလျောက် မြင်းခွာထုတွေနဲ့ နေဆုတိုင်းသာ ကျွေးပေတော့ဗျာ"

ထိုစကားကိုကြားသည့်အတွက် မိခင်ခမျာ အမောဆို့သွားလေ၏။

နံပြားဝရိတ်ကြီး

ခရိုးသုံးနေသော ခင်ပွန်းသည်သည် အချိန်မတော်မှ အိမ်သို့ ရောက်လာသည်၊ ညစာချက်ရန်လည်း စေခိုင်းသည်၊ စားသောက်ပြီးသည်မှာ မကြာသေးဆေးကြောင့် ခဏာတဖြတ် နာခံရင်းသေးသည်။

သို့ဆုတ်ခင် ခင်ပွန်းသည်က-

"ထမင်းမကျန်လည်း ခုက်ခပါ့ကွာ၊ ထမင်းပဲစားမယ်"

ထိုအခါ ဇနီးသည်က ပျင်းသည်ဟုမပြေစပဲ-

"အဆာပြေအောင် လက်ဖက်ရည် ထွက်သောက် ချေပါတော့"

"ဟယ်.... နင့်လက်ဖက်ရည် တပန်းကန်မျာ၊ အခါလည်သား ထင်စံစာတောင်ပရှိတုး"

"လက်ဖက်ရည်နဲ့ အာသာစ မပြေလည်း နံပြားရှိပါလိမ့်မယ်"

"နံပြားတဲ့ အနာကပ်တဲ့ ဖယောင်းချက်ကမှ ကြီးသေးတယ်"

"မုန့်လက်ညှိုးလည်း ရှိတာပဲရှင်"

"မုန့်လက်ညှိုးတဲ့ အလိုလေးဗျာရို့ မီးခြစ်ဆန်လောက် ဧတာင် မရှိဘူးဟ၊ သွားကြေးထိုးတံလား မွှတ်ရ"

ထမင်းချက်ပျင်းသော မိန်းမ၁ ကျိတ်ရှဆဲယင်း မီးဖိုထဲ ဝင်ခဲ့ရလေ၏။

နောက်တော့ တမျိုးတိုးလို့

နာ့လန်သဖခင်အား အိမ်ခထောင်ခဲ့ သားထမီးများက သခား ရေစာများ လာပို့ကြသည်။ ပန်းသီး၊ စပျစ်သီး၊ သစ်တော့သီးနှင့် ကိတ်မုန့် အမျိုးမျိုးသာမစာ နို့မှန့်နှင့် အနှယ်တူပစ္စည်းများပါ ပါဝင်လေသည်။

ဇနီးထည်သည် ပခားစရာများကို မြည်းစမ်း အကြည့်ခိုင်းသည်၊

"မစားချင်ပါဘူးဟာ"

သို့ရာတွင် ရုပ်ကို အာဟာရဓာသခ စောင့်ဆောက်ကြောင့် တို့စမ်းကြည့်သည်။ မြည်းစမ်းကြည့်သည်။ ဤလိုနှင့် ခံတွင်းလိုက်စ ပြုလာသည်။

နောက်တနေ့တွင် ဖခင်အိပ်ပျော်နေစဉ်တွင် ထားသမီးမျှားဆောက်လာပြီး ဖခင်၏အခြေအနေကို စုံစမ်းကြရာ-

"စေ့စေ့ပိုင်းတော့ မစားချင်ဘူး၊ မစားချင်ဘူးနဲ့ ငါ့တောင်မာန်လွှတ်သေး၊ နောက်တော့ ခံတွင်းတွေ့ဟန်တူပါ ဘယ်၊ ပါးစပ်ကို အငြိမ်မနေတော့တူး၊ တလှုပ်လှုပ်နဲ့ မောင်းထေခင်းနေသလားမူတ်ရ"

ထိုဇာတင်းကြောင့် ထားသမီး မျှားမှာ ရယ်မောနေကြလေ၏။



နည်းကောင်းတခု

ကုန်စိမ်းသည်ထံတွင် မျှားသောအား ဖြင့် အမျိုးသမီးမျှားသာ အဝယ်အခြမ်းမျှားကြ၏။ ယနေ့မူ ယောကျ်ားသုံးယောက်ပါသော အပွဲသည် အသီးအရွက် အတော်များများ ဝယ်ယူကြ၏။ နောက်ဆုံး ရေတ်သီးဝယ်သော ထခါတွင်မူ အနည်းငယ် ခဲ့ပြုတူးလာ၏။

"ငရုတ်သီးက ဝင်ရဲ့လား"

"စပ်ပါတယ်"

"ငရုတ်သီးဖြစ်ပြီး မစပ်ယင် ကြွက်မခုတ်တဲ့ ကြေးငင်လိုပဲ လူထုမဝင်လို့ မေးရတာ"

ထိုအခါ ကုန်စိမ်းသည်၏ လှတောပါးစပ်သည် တတ်သည့် မည္ဟု မနေဆာတော့ပဲ။

"အလိုလေး၊ အဲဒီလူတိုသီး စပ်ပုံမျှားတော့ ထမင်းစား ဆာပြီး ပါးစပ်ထဲမှာ အဲယားကွန်ဒီးရှင်း တပ်ထားရတယ်"

ထိုသို့ လွန်လွန်ကဲကဲ ပြောလိုက်မှ တဟားဟား ရယ်မောကာ ဝယ်ယူသွားကြလေ၏။



နှမြောစရာ

မိုးလင်းသည် ဆိုလျှင် လုက်ဖက်ရည်ဆိုင်များမှ ပွင့်သော ကက်ဆက်သံမှာ ဆူညံနေလေတော့သည်။ လုက်ဖက်ရည်သောက်ရန် လာသူများသည် ကက်ဆက်သံများကို မကြိုက်လျှင်လည်း ထည့်ခံနားဆင်သွားကြ၏။ ကြိုက်သူများကတော့ ခေါင်းတလှုပ်လှုပ် ခြေတလှုပ်လှုပ်နှင့် သဘောကျကာ အကြာကြီး ထိုင်နေကြလေတော့၏။

လှတော်သား တယောက်သည် ခေါင်းတညိတ်ညိတ် ခါးတနဲ့နဲ့ ဖြစ်နေသူတယောက်ကို ကြည့်ကာ-

"အလိုလေး သီချင်းနှားသောင်တဲ့ လူရယ်၊ ကိုယ်တခြမ်း လေဖြတ်ခံရတုန်းမှာ မြေကိုက်ခံရတဲ့ ဒုက္ခိတ လားမှတ်ရ"

ကြားသူများသည် ဝါးကနဲဝိုင်းပြီး ရယ်မောကြရာကာယကံရှင်လည်း ထပြေးလေ၏။ သို့ရာတွင် ထိုလှတော်သားကြီးသည် တေးသံကို သေချာစွာ ဆက်လက် နားထောင်နေပြီး-

"အသံရှင်ကတော့ တင်တင်မြဲ၊ စာထားလည်းကောင်း၊ အဆိုလည်းကောင်းပါလျက်နဲ့ ဂီတဝိုင်းနှယ် ညံ့ရွာလိုက်သေး

တူရိယာကို တီးမှုတ်နေတာနဲ့မတူပဲ သစ်ပင်သားကိုပိုး ကိုက်နေတဲ့ အသံနဲ့ကူလိုက်ခလကွဲ့''

ဘေး ပရိသတ်မှာ ထပ်မံပြီး ရယ်မောကြရပြန်လေ၏။



နှိုင်းစရာနှင့် ရှာဖွေး

လှတောရွာဘက်သို့ ပြောင်းလွှေ့ အမှုထမ်းရသူမျာ်းထည့် လှခတာဘက်သို့ ရောက်ပြီးလျှင် ဆခြားနေရသူ သွေးရောက် ဆမှုမထမ်းလိုကြချေ။ လှခတာမှာ ရှာသီဥတုဆာယာထည့်၊ ခရီးလမ်းပန်း အဆင်ပြေဆည်။ အသီးဖရွက် အသားငါးလည်း ပေါသည်။

ထို့ကြောင့် ဥည့်သည်တဦးက ချီးကျူးပုံမှာ-

''လှတောက အလွန်သခယာတာပဲဗျ''

''လှတောသားတွေ တမြို့တရွာကို ရောက်မသွားတာဟာ သူတို့မိနဲ့းမတွေ့ကိုမခဲ့နိုင်လို့မဟုတ်ဘူးဗျ၊ လှတောမြေနဲ့ လှတေခရေကို မစွန့်နိုင်လို့ဗျ''

''အခားခကောင်း အသောက် ကောင်းလည်း ပေါတယ်နော်''

''ပေါလို့လည်း လှတောသားတွေ အညီအဟောက် ကြိုက်တာပဲ၊ ဘယ်လောက်မျာ်း လှတောသားတွေ အညီအဟောက် ကြိုက်သလဲဆိုယင် လှတောသားရွေမှာ ငှက်ဖျားပင်တောင် မပွင့်ရဲရှာဘူး''

စတင် ခွီးကျူးပိသူမှာ မအိမလည်နှင့် ပြိုးနေရလေ၏။

နှပ်းစေ့တွေပြေမှာကြဲ

လူစည်ကားသောသက်ဖက်ရည်ဆိုင်တွင် စကားပြောသံများ၊ ဖက်သက်ရည် မှာကြားသံများနှင့် ကက်ဆက်သံများ ဆူညံနေလေသည်။ ငွေသိမ်းသောနေရာနှင့် အပ်နေသောစားပွဲတွင် ထိုင်သူကဖောက်သည် ငွေသိမ်းသူကို လှမ်း၍ စကားပြောသည်။ အခြားစားပွဲများသို့သည်း အခါအားလျော်စွာ လှမ်းပြီးပြောဖြည်။

အတော်ကြာကြာ ထိုင်ပြီးသောအခါ သူသည် ဆေးလိပ်ထပ်ယူ၏၊ မုန့်တုတ်လည်းယူ၏၊ ပြီးလျှင်-

"ဆုံးစံအတိုင်းပေါ့၊ အလျင်ဟာနေပါဦး၊ အခုဟာအကြေးမုတ်"

ဆိုင်ရှင်က-

"ကျွန်တော်သားနဲ့ ထမီးထိုင်တုန်းက ဟာတွေတော့အဆင်ထင့်သလို ဆပ်သွားပါ။ ဘာနေဟာတော့"

"ဘယ်လောက် မျှားလို့လဲကွာ၊ ထားလိုက်စမ်းပါ"

"အလိုလေးအစ်ကိုရယ်၊ အကြွေးတော့ ရှိခိုးပါရဲ့ မထားပါရစေနဲ့ ထားနဲ့သမီး ပေးဖစ်ခဲ့တဲ့ ကြွေးတွေလည်း ဗရပွကျဲနေလိုက်တာ နှမ်းထုပ်ကို ခွေးဆွဲယမ်းထားသလားမှတ်ရ"

အခြားစားပွဲများမှ လူများပါ ကြားသွားသောကြောင့် ဝိုင်းဝန်းရယ်မောကြသူ ကြွေးယူသူမှာပါဝမျှကို အနုပ်အကြေမကျန် ခြစ်ခြုတ်ပြီး ထုတ်ပေးလိုက်ရလေ၏။

ပုစဉ်း ရင်ကွဲကောင်လေး

ရုန်ကုန်ဆင်ခြေဖုံးရှိ မြို့တမြို့သို့ လှုတေခသားတစ္စု ဆောက်ရှိလာကာ အာသိအိမ်တအိမ်၌ တည်းခိုနေကြသည်။ သူတို့လာယင်းကိစ္စမှာ အတော်ကြာ ရက်ညောင်းသည်အထိ မပြီးပဲ ကြန့်ကြာနေရာ သူတို့သည် ဆန်းအနားအိမ်များ၏ အကျင့်စရိုက်ကို သိစပြုလာ၏။

ထို့ကြောင့် တနေ့တွင်-

"မင်းတို့အိမ်ရှေ့မှာ နေတာတွေဟာ လူတွေလားကွ"

ဒိမ်ရှင်က-

"လူတွေပေါ့ဗျ"

"မနက် ၆ နာရီထိုးကနေပြီး ညဆယ်နာရီအထိ ဓာတ်ဆက်ဖွင့်ထားတာဟာ ငါ့နားထဲမှာတော့ အုန်းအုတ် အုန်းမွှတ်ပဲ ကြားရတယ်။ အဲဒီကြားမှာ ဂစ်တာထားခါက် သေးတယ်"

"ဦးနှောက်တော့ သိပ်ဆောင်းပုံမရတူး၊ သူတို့မှာ တယ်လီဖီးရှင်း ရှိတုန်းက အရှေ့ခုနစ်အိမ် အနောက်ခုနစ်အိမ် နားကွဲမတတ်ဝင့်ဘာ"

"အလိုလေးကွဲ၊ အဲဒါဆို လူဘယ်မှာဟုတ်လို့လဲ၊ ပုစဉ်းရင်ကွဲကောင်တွေ လူယောင်ဆောင်နေတာပါကလား"

အော်ကျယ်အော်ကျယ် ပြောနေရာ ကာယကံရှင်မျာမှာ နာသာခံခက် ဖြစ်နေကြလေ၏။

ပေပုံကျဲပုံအနှိုင်း

မိခင်ကလည်း ဆယ်နှစ်ပြန့်ကြိုက်သည်၊ ကလေးကလည်း အညစ်အပတ်ကြိုက်သည်။ သို့ရာတွင် မိခင်သည် ကလေးချော်လဲလာလျှင် ရေဆေးပေးကာ အဝတ်ပါ လဲပေးသည်။ အစား အသောက် ပေကျံလာလျှင်လည်း မည်သည်မည္ဟု အာတ်လဲလှယ်ပေးလေသည်။

ထိုချွေးမနှင့် ထိုမြေးမျိုး၏ လှုပ်ရှားလုပ်ကိုင်ပုံကို တမနက်လုံး မြင်နေရသော လှတောသူ အတွေးအိုမှာ မြင်ရဖန်များလာသောအခါ....

"ဟဲ့—နင်တို့ သားအမိတွေမှာ တခြားဘာအလုပ်မှ မရှိတော့ဘူးလား၊ အဝတ်ချည်း လဲနေတာပဲ၊ လဲလိုက်တဲ့အဝတ်ဆယ်ည်း ကြာယင် ရွာသစ်ကြီးခုည်ဝက်ကို အိမ်ပေါ်မှစ တင်ထားရလိမ့်မယ်"

ချွေးမမှာ ရယ်မောနေမိလေသည်။

ပေါက်ပြားအလုပ်များမည်

လှတောသား မိသားတစုသည် တောင်မြို့တွင် တည်းခိုကာ အင်း၀၊ အမရပူရနှင့်မန္တလေး၊ စစ်ကိုင်းတဝိုက်မှ ဘုရားများကို တ၀ကြီး လှည့်လည်ဖူးမြော်ကြလေသည်။

ထိုနေ့တွင် တောင်မြို့ဘက်သို့ ခြေကျင် လျှောက်ပြန်ယင်း ဘုရားကြီးကို ဝင်ရောက်ဖူးမြော်ကြသည်။ လှည့်ပတ်ကြည့်ရှုပြီး ပြန်ရန်ထွက်လာသောအခါ တံးယောက် လိုနေသည်။ ဟိုရှာ

ဒီရှာနှင့် အတော်ကြာမှ အနေခက်မှန်ခဲ့ဘဂမ်မှ လက်မြောက်ပြီး ပြေးလွှားသော ကလေးကိုမြင်ရာ မိခင်ဖြစ်သူက....

"ငါတို့မှာတော့ ရွာလိုက်ရတာ ထေတော့မယ်၊ နောက်ကို အဲဒီလို မလုပ်နဲ့၊ ဒါလုံးတော မဟုတ်ဘူး။ ဟားနင်းသွားလို့ အစလောင်းကို ပေါက်ပြားနဲ့ခြစ်ယူရလိမ့်"

စိတ်ဆိုးဆိုးနှင့် အော်ပြောခြင်းဖြစ်သည့်အတွက် စေးသည်များနှင့် ဘုရားဖူးများမှာ အားရပါးရ ရယ်မောကြလေ၏။

ပေါင်မုန့်၏ထူးခြားချက်

ရန်ကုန်ရောက် လှုံတောသားတစုံသည် ကျိုက္ကဆံဘုရားကို ဖူးပြီးအပြန်တွင် ဆက်နိုးကျွန်းကားပေါ်သို့ တက်လိုက်ကြလေသည်။ သူတို့မှာ နောက်ကျသေးကြောင့် ဂိတ်အလွန်မှာပင် မတ်တတ်ရပ်ကြရသည်။

သူတို့သည် ရန်ကုန်ရည်လည်း၀ ဘတ်စ်ကား အကြောင်းလည်း အသားကျနေသေးကြောင့် အလယ်တွင်ရပ်ကာ တဘက်သို့ ကပ်နေကြ၏။ သို့ရာတွင် နေဝက်တက်သော ခရီးသည်များ ရှေ့ပေါက်က တက်လာလျှင် လက်မှတ်ရောင်းသူက သူတို့အား နောက်သို့အဆုတ်ခိုင်း၏။

ဖျောလှုံတွ ဆင်းသွားပြီ။ နောက်မှတိုင်တွင် လူများနောက်ပေါက်မှ တက်လာကြ၏။ လှုံတောသားများမှာ ရှေ့သို့ တိုးပေးကြရပြန်၏။ ဤလို ရှေ့တိုးနောက်ဆုတ် အကြိမ်များစွာ လုပ်ရသောအခါ လှုံတောသားများသည်းခံနိုင်စွမ်း မရှိတော့ပဲ....

"အလိုလေးကွဲ့ ကားကလည်း ပုံပန်းမကျလိုက်တာ ပေါင်မုန့်ကို ဘီးတပ်ထားသလား မူတ်ရ"

ထိုအခါ အဖော်တယောက်ကလည်း

"ဟုတ်တယ်ဗျ၊ လူတွေလည်း ရွှေတိုးလိုက်ရ နောက်ဆုတ်လိုက်ရနဲ့ ကျောင်းအုပ်ဆရာကြီးရဲ့ လက်ထဲစာ ခေါင်းလောင်းဆန် ကျနေတာပဲ"

ဝင်ရောက်ထောက်ခံလိုက်ရာ တကားလုံးမှာ ရယ်မောသံမျှားညံသွားသလောက် စပယ်ယာမှာ မျက်နှာငယ်ကလေးနှင့် ဖြစ်နေလေ၏။

ပန်းကန်ထဲက စပါးဒိုင်

လူဆာများကို ချက်ပြုတ် ကျွေးမွေးရာတွင် အချက်အပြုတ် တာဝန်ယူသူသည် အရေးကြီး၏။ သူ ကြိုးကြုပ်မှည့်လျှင်၊ ဧေ တနာအားနည်းလျှင် အဆင်မပြေတတ်ပေ။

ဤအခမ်းအနားတွင်လည်း လုပ်ကိုင်သူမျှစား ချို့တဲ့ယန် တူသည်။ နောက်တနေ့ ထမင်းကျွေးသောအခါ ဝက်သားဟင်းက ဝါးမရဟု ပြောသံများကြားရ၏။ ဟင်းချိုကမကျက်။ ထမင်းက စပါးလုံးများသည် ဆိုသံများ ပွစိပွစိ ပေါလာလေ၏။

လှတောသားတယောက်ကကော့ အခြားသူမျှစားလို ပွစိပွစိ ပြောမနေပါ။ အော်ကျယ်ဟစ်ကျယ်နှင့်....

"တို့မြို့နယ်ဟာ တာ၀န်ကျစာ၀ါးကို ၀ယ်နေရသေးထလား ကွာ၊ အလိုလေး ငါ့ထမင်းပန်းကန်ထဲမှာ လာပြီးကောက်ဦးတော့ ရနိုင်တယ်ကွဲ့"

ပရိသတ်ကြီးမှာ အားပါးတရ ရယ်မောနေလေ၏။

ပျော်ရမည်ဆိုလျှင်

ညကျလျှင် ရုပ်ရှင်ပြလိမ့်မည် ဆိုသောသတင်းကို ကြားခဲ့သော ကလေးများနှင့် ထမီးပျို့များသည် တနေ့လုံး အငြိမ်မနေကြချေ။ ထမီးပျို့များ၏ မိခင်သည် ကွင်းထဲ၌ ပိတ်ဆားထောင်ငြီး ပြးသော ဤလိုရုပ်ရှင်မျိုးကို ထမီးပျို့များအား ကြည့်ရှုခွင့် မပေးလိုပေ။

သို့ကြောင့် တနေ့လုံး မျက်နှာတင်းထားရာ ညနေစောင်းလျှင် အိမ်ခဲ့နသော အိမ်ထောင်ရှင် ထမီးနှစ်ယောက် ရောက်လာသည်။ သူတို့ ဘာ၀န်ယူခြောင်း ပြောသောအခါ ထည့်လိုက်ရတော့သည်။

ထိုအခါ ခင်ပွန်းသည်က....

"ဘယ်လိုလဲဟေ့ အချိန်တန်ယင် ညည်းလှတ်မှာပါလို့"

"တော်ဦ ထမီးကြီးတွေက ပိုက်ဆံမပေးပဲ ပျော်ရမယ်ဆိုယင် အဝီစိလိုက်ပြီး ပျော်ရပျော်ရဆိုတဲ့ ဟာတွေဆိုတော့ အငယ်တွေလည်း ပါသွားတာပေါ့"

မဲ့ဆာရွှဲ့ကာ ပြောလိုက်ရာ အကိုးကြီးမှာ ပြုံးနေလေသည်။

ပြောတတ်ပုံကြီးနှယ်

"စုရေ....စုရွှဲ" ဟူသော အသံသေးသေးစူးစူးနှင့် ပြောလိုက်သော သိပေါမင်းနှင့် စုဖုထူးလတ် ဇာတ်ထုပ်မှ အသံသည် ဆောင်းလေနှင့် ပျံလွှင့်လာ၏။ ထိုအသံကိုကြားလျှင် စုဖုထူးလတ် မည်သို့ပြောသည် မည်သို့လုပ်သည်စသော ဇာတ်သွားကို လူတိုင်းသိနေကြပြီ ဖြစ်၏။

ထို သိပြီးသားဇာတ်ထုပ်ကို စကားဝိုင်းမှလူများ အစားလုံးကြားနေကြရ၏။ သို့ရာတွင် ထိုတာယောက်ကမူ-

"အလိုလေးကွယ်....ဒီဇာတ်လမ်း နားထောင်ရတော့မှပဲ သိပေါမင်းဟာ ရွာဆော်ကံရလောက်တောင် အာဏာ မရှိပါကလားလို့ ရိပ်မိတယ်ဗျို့"

စကားဝိုင်းထဲမှ လူများမှာ ဟားတိုက်ပြီး ရယ်မိကြလေ၏။

ပြောမှဖြင့်အလွန်ကြီး

လှေတာသား လူငယ်သုံးယောက်သည် မန္တလေးသို့ ဆောက်ခိုက်တွင် အခအားခန်းရှိသော ရုံတရုံကို ရွေးပြီး ရုပ်ရှင်ဝင်ကြည့်ကြသည်။ ရွာသို့ပြန်ရောက်လျှင် အခအားခန်းရုံတွင် ကြည့်ခဲ့ကြောင်း သတင်းပြန့်သွားရာ-

"မင်းတို့ဟာ ပန်ကာမရှိပဲ အေးတယ်ဆိုတော့ တယ်လိုနေလဲ"

"ပြောသိုလ မနက်စောစောမှာ ထမင်းကြမ်းခဲကို ယပ်ပေးထားသလို နေတာပေါ့ဗျာ"

ထိုအခါ အခြားတယောက်က-

"အဖေးခန်းထဲက နည်းနည်းမှ မအိုက်ဘူးဆိုလို့ သူများကြည့်ဘဲဗျာ၊ ဟလိုလေး....ထွက်လိုက်တဲ့ချေး၊ လူတွေမှာ ချေးထဲမှာ လက်ပစ်ကူး နေကြရပါစားလား"

ကြားရသူတိုင်း အူတက်မတက် ရယ်မောကြလေ၏။

☆ ☆ ☆

ပြတ်တောင်းပြတ်တောင်းနှင့်

စပါး အထူးအထွက်ကောင်း၊ အထွက်တိုးဆုများ များစွာရရှိပြီးသော သုတေသီသား လယ်သမားကြီးတယောက်သည်နိုင်ငံခြားသို့ လေ့လာရေးသွားသောအစွဲနှင့် လိုက်ပါသွားရာမှ ပြန်ရောက်လာသောအခါ မေးမြန်းရန်၊ ကြည့်ရှုရန်၊ နှုတ်ဆက်ရန် လာသူများမှာ ပြည့်လျှံနေသည်။

မေးမြန်းသံတွေကလည်း အများကြီးဖြစ်နေရာ တယောက်သော ဦးကြီးကတော့-

"ဟိုမှာ တို့ရွာလို ခံဘက်ချဉ်တွေ ဘာတွေ ရှိလားဟေ့၊ ပုဇွန်ခြောက်တပိဿာ ဘယ်ဈေးတဲ့လဲ"

"အဲဒါတွေ သာမှမမေးနိုင်ပါဘူးဗျာ၊ အပြေးအလွှားလေ့လာရာဘာ၊ အဲဒီမှာ ဒင်နာတဲ့ဗျာ၊ တယ်စိတ်ညစ်စရာကောင်းကိုး၊ တော်ခတော်ကြာ နည်းနည်းကလေးယူလာပြီး ချပေးသွားလိုက်၊ တော်ခတော်ကြာမှ နောက်တမျိုးသာပြီး ချလိုက်နဲ့၊ စားရပုံများ ပြစက်တလုံးတည်းနဲ့ ပြတဲ့ ရုပ်ရှင်ကို ကြည့်နေရသားမှတ်ရ၊ ပြတ်တောင်း ပြတ်တောင်းနဲ့"

ပရိသတ်ကြီးမှာ အုန်းကနဲ ရယ်မိကြလေ၏။

ဖလံကြောက်

ရေနံဆီ ရှားပါးသည်ကို အကြောင်းပြုပြီး ရေနံဆီများ အနေနှင့် မှန်မှန်ကန်ကန် မရှိချေ။ မမှန်တန်သော ရေနံဆီနှင့် သွန်းသော မီးခွက်များ၊ မှန်အိမ်များမှာ မကြာခဏထတောက် သည်။ အချို့လည်း မှိုင်းအလွန်စွဲသည်။

ယခုထွန်းနေသော မှန်အိမ်မှာ ကောင်းစွာ မလင်းသည့် အတွက် အရက်အဖွဲမှ လူတယောက်က-

"မီးအိမ်ကလည်း မလင်းပါကလားကွာ၊ ရေထည့် ထွန်း ထားဘာကမှ အသုံးတော် လင်းလိမ့်ဦး"

"အိမ်ရှင်က-

"ရေနံဆီအစစ်ပါကွာ"

ထိုအခါ ပထမစကားစသူက-

"ငါ့ရေနံဆီကတော့ကွာ... ဒီမှာလိုမဟုတ်ဘူး၊ထ ထတောက် နေလို့ ပိုးစုန်းကြူးတို့ ဖလံတို့ အနားက ဖြတ်မပျံရဲဘူး၊ အဲဒါ လောက်ကောင်းတာ"



ဖားပြုပ်၏အတ္တ

မီးဆောင်သို့ ပလူတွေ အုပ်လိုက်ချီပြီး ဆော်လစသောအခါ မီးခွက်အနီး ထရံများတွင် အိမ်မြှောင်တွေ ပြည့်နေသည်။ ဖား ပြုပ်တခကာင်ကလည်း သူ့နည်း သူ့ဟန်နှင့် ပလူစားရန် ဆော်လာထည်။

ကလေးပေယောက်ဈ ဖားပြုပ် ကြောက်ထည် ဆိုသော ကြောင့် လူကြီးတယောက်ကထပြီး ခြေနှင့် ဆောင်ပစ်လိုက်သည်။ သို့ရာတွင် ပြန်ထောက်လစဆ သူ့ကိုမမြင်သော အခြားတယောက် က တက်နင်းမိထည်။

ဖားပြုပ်သည် ထွက်ခွာမသွားပဲ မာန်ဖီ နေသည့်အတွက် ၎င်းကို သတိပြုမိသော လူကြီးက-

"အလိုလေး....ဖားပြုပ်ရယ်.... သေမင်းနဲ့ တွေ့တာ တောင် အပ္ပတံခွန် ထူထားပုံကတော့ ခြင်္သေ့မင်းနဲ့တော့ မတူဘူး၊ ချေးထိုးပိုးနဲ့ပဲ တူတယ်ဟေ့"

ကလေးများသည် ဝိုင်းဝန်းရယ်မောကာ တုတ်နှင့်ဆော်ပစ် လိုက်ကြ၏။



ဖားဖို၏သရုပ်

သားဆမီးဦးရေ များပြားသော လုတောသားတဦး၏ အိမ် သို့ နံနက်စောစောတွင် ည့်သည်ထောက်လာ၏။ ပူအိုက်သော ကြောင့် အိမ်ရှေ့အဖိုးအကာကဲတွင် ပြန့်ကျဲပြီး အိပ်ပျော်နေရာ-

"မင့်ကလေးဇတ္တ အိပ်နေလိုက်ကြာကာ ရေအကျမှာ ထစ် လုံးခတ္ခ တင်ပြီး ကျန်ခဲ့သလားမူတ်ရက္ခ?"

ကလေးများသည် ည့်သည်၏ အသံကြားသောကြောင့် လူးလဲထပြီး အိမ်ထဲဝင်ပြေးကြရာ အအိပ်ကြီးသောကာလသား ပေါက်စသာ ကျန်တော့ရာ ည့်သည်က-

"ကျန်နေတာဆာ မဲင့်သားလား"

"အေးလေ၊ဘာဖြစ်လို့လဲ"

"မင့်သား အိပ်နေလိုက်ပုံ ကလည်းကွာ၊ အမြင်မတော်လိုက်တာကွာ"

သူ့ဘာသာသူပြောပြီး ရယ်သဖြင့် အိမ်ရှင်မှာ ထော့နေရယ်ရလေ၏။

ဖြောင့်ဖြူးသည့် လမ်းကထေး

အပ်ချုပ်သင်တန်းမှ ဆင်းလာသောအမျိုးသမီးတယောက်ဟာ အပြင်အဆင်ကောင်းကောင်းနှင့် ပြင်ဆင်ကာ အပ်ချုပ်ဆိုင်ဖွင့်ထား၏။ ဆိုင်းဘုတ်ကြီးက ကြီးသည်။ ချုပ်ခကလည်း စျေးကြီးသည်။

တနေ့တွင် အကောင်းကြိုက်သော လူတော်သား လူငယ်တယောက်သည် ပုဆိုးလာအပ်၏။ အပ်ချုပ်ဆိုင် ရှင်မာကြီးတွင် ပုဆိုးအပ် သည်မို့ မချုပ်ချင်၊ မချုပ်ချင်သောကြောင့် ချုပ်ခငါးကျပ်တောင်း၏။

ကိုအခါ လူတော်သားလူငယ်က-

"အလိုလေး ပုဆိုးချုပ်ခက မလိုဘာမိုဟူးရဲ့ မဟုတ်တာ တန်ဆာချုပ်ခလားမှတ်ရ"

ဟု ရေရွတ်ညည်းတွားပြီး ပုဆိုးကိုအပ်နှံသည်။

တနာရီနှစ်ဆယ်ကြာတွင် သူလုံချည်ကို ချုပ်ခငါးကျပ်ပေးကာ ရွေးယူပြီးနောက် ဖြန့်ကြည့်လိုက်ရာက-

"ဆိုင်ရှင်တို့ ဆိုင်ရှင်တို့ ခင်ဗျာ့ချုပ်ရိုးကို ပြန်ဖြေးပေါ့။ ကျွန်တော်ဌေးဝါးကျပ်လည်းပြန်ပေးပါ့။ အလိုလေးပုဆိုးချုပ်မိုးတဲ့ လားရှိုးတောင်ကြားက ရထားလမ်းမှတ်ရ"

အဲဒီကျယ်အော်ကျယ် ပြောနေရာ ဖြတ်သန်းသွားသူတိုင်းက ရပ်ပြီးနားထောင်ကာ ရယ်မောခဲ့ကြသောကြောင့် ဌေးဝါးကျပ် ပြန်ပေးလိုက်ရတော့သည်။

* * *

ပြုတ်တခုန် တီတလွှား

လှေတာရွာအလွန်တွင် လယ်တောပု ပြန်လာဒဏာ ထယ်သမားဘယောက်နှင့် ယခုမှ လယ်ဘေစသွားရန်ထွက်လာသော လှတောသား၊ လယ်သမားကြီးတို့ ဆုံမိကြသည်။

"မင်းတို့ဘက်မှာ ရေပါရဲ့လားဟေ့၊ ရေပေါထင် ထယ်ထဲမှာ လှောင်ထားဖို့ ကောင်းတယ်ကွ၊ နောက်မိုးစိတ်မချရဘူး"

လယ်ထဲမှ ပြန်လာသူက–

"မူးထဲမှာလည်း နှည်းနည်းကလေးပဲ လာတယ်၊ လယ်ထဲလှောင်လို့ ရမလားကွ"

"ရ ရမှာပေါ့ကွ၊ မင်းတို့လယ်တွေမှာ ထန်ဆင်းဖို့ဆားတာက တီတလွှားစပဲရှိတော့ ဘယ်လိုလုပ်ပြီး ရေနေမယ် မူးကကော ဖြုတ်ထခုန်တောင် မရှိတော့ ခဏခဏ ကျိုးကျကုန်တာပေါ့"

အပြောခံရသူမှာ ပြုံးပြီး ခေါင်းညိတ်နေရလေ၏။

မဆိုးဘူးဆိုသေဒီလည်း

ဝက်လက်သို့ထွက်မည့် ကားဂိတ်တွင် အသွားအလာနည်းသူ တယောက်က ဆရောက်အပေါက်များသူ တယောက်ထံတွင် လမ်းကြောင်းကို စုံစမ်းနေ၏။

"ဝက်လက်လမ်းက အတော် ကောင်းသွားပြီမဟုတ်လား"

"မထူးလှပါဘူးတော်"

"မထူးဘူးဆိုပေမယ့် နည်းနည်းတော့ ကောင်းတယ်မဟုတ်လား"

ထိုအခါ အမေးခံရသူက....

"အလိုလေးယော် ဒီလမ်းမှာ ကားစီးတဲ့အခါ ဖင်ဂနာမငြိမ်လိုက်ပုံများ ကျောက်ပြင်ပေါ်မှာ သနပ်ခါး သွေးနေသလား မှတ်ရ"

ကြားရသူတိုင်း ဟားတိုက်ရယ်စဖြင့် စုံစမ်းသူလည်း ရောပြီး ရယ်လေ၏။

မဆံ့မပြဖြစ်ပုံကြီး

အကြော်ဆိုင်တွင် အကြော်စားသူများ စည်ကားနေသည်။ အချို့သည် အကြော်ချည်းစားသည်။ အချို့က မုန့်ကြော်လိပ် (ရေမုန့်)ချည်းစားသည်။ အချို့က အကြော်နှင့် တွဲစားသည်။

ကလေးတယောက်သည် မုန့်ကြော်ထိပ်တခုကို ပါးစပ်ထဲသို့ အငမ်းမငြိုးထည့်ပြီး ဝါးမျိုနေရာ အခြားစားပွဲမှ လူကြီး တယောက်က....

"အလိုလေးဟဲ့ ကလေးရဲ့၊ မုန့်ကြော်လိပ်ကို မဆံ့မပြဲ ထိုးထည့်နေပုံက သေတ္တာထေးသေးထဲကို ခြင်ထောင်ကြိုး ထိုးသိပ်ထည့်နေသလား မူတ်ရ"

ထိုအခါ နောက်တယောက်က....

"တော်တော်ကြစမ် လည်ချောင်းထဲမှာ ငြိနေမှ နှန်းတော်တိုင်မှာ နှန်းမတော်မယ်နေရဲ့လုံချည် ပတ်မိနေသလို ဖြစ်နေဦးမယ်"

ပထမ စကားစတည်းက ရယ်မောနေခဲ့ကြရာ ရယ်မောသံများ ဆူညံသွားလေတော့သည်။

မန္ဒိုင်းကောင်းနွိုင်းကောင်း

မုန့်ဟင်းခါးဆိုင်မှ အမျိုးသမီးကြီးသည် နေထိုင်မကောင်းသူကို မြင်လျှင် သူ့တွင်ရှိသော ဆေးဝါးအမျိုးမျိုးကို ဝေမျှပေးကမ်းကာ ကူညီလေ့ရှိသူ ဖြစ်သည့်အတွက် သူ့ဆိုင်ခွေမှ ဖြတ်သွားသော မိန်းမတယောကအား....

"ဟဲ့ ငါပေးလိုက်တဲ့ ထန်ချဆေး တိုက်ပြီးပြီလား၊ သန်ကာကျရဲ့မဟုတ်လား"

လှမ်းမေးရာ အမေးခံရသူက....

"ကျတယ်အဒေါ် ထန်ကျပုံမျှားတာ့ မုန့်တီတောင်းကို စေ့ပင်းပြီး သွန်ထားထလှားမူတ်ရ"

ဆိုင်တွင် မုန့်တီစားနေသူများမှာ ဆက်ပြီး စားနေရအခက်၊ ထပြေးရအခကနှင့် ခွကျနေကြလေ၏။

မဖြစ်ပြန်ချေ

ပင်းဇင်းရွာ ဘောလုံးအသင်းနှင့် မဲကုန်းရွာ ဘောလုံးအသင်းတို့ ချစ်ကြည်ရေးမိတ်ဆက် ဘောလုံးပွဲသို့ လှုတေဒသားများလည်း လာရောက်အားပေးကြလေသည်။ ၁၅ မိနစ်လောက် ကန်မိလျှင် လှုတာသားတယောက်က....

"မဲကုန်းက အကွက်မိတယ်တဲ့"

ထိုအခါ အခြားတယောက်က....

"ပင်းဇင်းတို့ကတော့ အကွက်မိချင်ယင် လယ်ထဲဆင်းပြီး မြေပေးတပ္ပေသောက် ဖမ်းဖို့ပဲရှိတယ်"

ထိုအခါ နောက်တယောက်ကလည်း....

"မဲကုန်းက အကွက်လှုပေမယ့် ဆန် ကျဉ်းလွန်းနေတော့ ဘယ်လိုလုပ်ပြီး ဝင်မလဲကွ"

သူတို့၏ အော်ကျယ်ဟစ်ကျယ် အသံများကို ကြားရသူ တိုင်းမှာ တဟားဟားဖြစ်နေကြလေ၏။

♣ ♣ ♣

မယုံလျှင်ရှာပါလေ

ကုန်ကင်ကားတစင်းသည် ဝက်လက်မြို့နယ်နှင့် စစ်ကိုင်းမြို့ နယ်အစပ်ဂိတ်တွင်ရပ်တန့်လိုက်လျှင် ဂိတ်စောင့်တယောက် ကားဘေးသို့ ရောက်လာကာ "မင်းတို့ကားမှာ ဆန် ဘယ်လောက် ပါသလဲ" မေး၏။

ထိုအခါ ခရီးကြုံပါလာသော လှုတောသားတယောက်က-

"ဆန်နဲ့တူတာပါဘယ် ဖမ်းလွန်းလို့ ထောင်းတောင် မစားခဲ့ပါဘူးဗျာ၊ ဝမ်းနုတ်ဆေးစားပြီးကတည်းက အစာဆစ်လည်း မသွတ်ခဲ့ပါဘူး"

ဂိတ်စောင့်မှာ ရွာထဲဘရက် နားမလည်သော်လည်း တာဒေပါ ထွင် ပါလာသူများမှာ တဝါးဝါး ပွဲကျနေကြလေ၏။

မာကျောပုံနှယ်

လူတော်သူတယောက်သည် နှီးတောင်းကလေးကို ခေါင်းပေါ် တွင်ရွက်ကာ ဆိုင်ထဲဝင်လာပြီး တောင်းထဲမှ မစ္စည်းများကို စားပွဲတလုံးပေါ် တွင်ချပြီး စစ်ဆေးနေစဉ်တွင် လှမ်းမြင်သော အသိတယောက်က....

"အမယ် ဆပ်ပြာတွေပါကလား၊ ဆိုင်ကသွား အပြင်ကလားဟဲ့"

"ဆိုင်ကဆပ်ပြာပါရှင်၊ အပြင်က ဆပ်ပြာကဖြင့် ပါးပါးလိုးပြီး ခနလှန်းထားယင် ရွှေဖရုံသီး ပြုတ်တွေလား မှုတ်ရုံ တကယ်လည်း ရွှေဖရုံသီးပြုတ်လောက်ဘောင် မာတာ မဟုတ်ဘူး"

ကြားရသူတိုင်း ပြုံးစိပြုံးစီ ဖြစ်နေလေ၏။

စကားအပြီး

"လှတောသားနှင့် စကားတောင်စားများ" ရယ်လို့ အမည်ပေးထားတဲ့ ဤစာအုပ်တွင် စကားတောင်စား အကြောင်း သိခြင်း တင်ဆက်ထားပါသည်။ စကားအလှ ကျစ်လျစ် ပြောင်မြောက်လာသူများကို စကားတောင်စားလို့ ရံဖန် ရံခါ ခေါ်တတ်ကြတဲ့အတွက် စကားတောင်စား အကြောင်းကို သိခြင်း တင်ပြခြင်း ဖြစ်ပေသည်။

ဒုတိယမှာ စကားတောင်စား ကျောက်ပုံသား စကားများဖြစ်၍ တတိယအနေနှင့် ချည်ပါပခန်းဖြစ်ပြီး၊ စတုတ္ထ အနေနှင့် စကားတောင်စားရန်ကုန်သားရဲ့စကားများကို တင်ဆက်ထားပါသည်။ နောက်ဆုံးမှာတော့ လှတောသားကိုရဲ့စကားများ ဖြစ်ကြပေသည်။

အားလုံး စကားငါးမျိုးမှာ လှတောသားစကားက အများဆုံး ဖြစ်ပါသည်။ လှတောသားဟု ဆိုလိုက်လျှင် အနည်းအပါး ကြားဖူးသူချည်း ဖြစ်ကြပေသည်။ လှတောသား စကားမှာ ဤမျှအထိ လုပ်သားပြည်သူတို့နှင့် ရင်းနှီးပြီးဖြစ်နေကြပါသည်။

လှတောရွာမှာ ရွှေဘို စစ်ကိုင်း အားလမ်းပေါ်တွင် တည်ရှိ၍ အိမ်ခြေငါးဆယ်နီးပါးရှိသော ရွာကြီးဖြစ်ပါသည်။ စစ်ကိုင်း မလေးလျှင် ၂၇-မိုင်ခန့် အကွာတွင်ရှိ၍ စစ်ကိုင်း ရွှေဘို၊ ဝက်[illegible]အားလမ်း လမ်းဆုံဈေးတွင် တည်ရှိ၏။

ထင်ရှားသော ရွှေကျင်ထာဒသနာပိုင် ဆရာတော်ဘုရားကြီး၏ ဇာတိချက်ခြင်းမှာ မွေးရပ်မြေဖြစ်သည့် ရွှေကျင်ရွာမှာ လှုဒေါရွာ၏ ဖခေနောက်ဘက် လေးဖာသုံခန့်ဘွင် တည်ရှိပေ၏။ ထိုမှတောင်ဘက်တွင်သည်း ဖောလင်းမြို့စား ရွှေလုံပိုလ်၏ မွေးရာဇာတိ ကြည့်ကန်ရွာ တည်ရှိပါသေးသည်။ ထို့ပြင် လှုတောရွာဝန်းကျင်တွင် ကာဘို၊ ဆည်ရေဒေသောက်လယ်များလည်း မျော်မဆုံးဖောင် များပြားစွာ ဝန်းရံနေပြန်ထေးသည့်အတွက် လှုတောရွာမှာ အလွန်သာယာ၍ နေချင်စဖွယ်ကောင်းလေသည်။

ကုန်းဘောင်ခေတ် အခါက လှုတော ရွာသား များသည် မင်းပေါက် စိုးပေါက်များ ဖြစ်ခဲ့ကြသည့်အတွက် ယခုလိုစကားပြော ကောင်းသူများ ဖြစ်သောကြသည်ဟု ကောက်ချက်ချသူက ချကြ၏။ မည်သို့ပင်ဖြစ်စေ လှုဒေါသားများမှာ အလွန် စကားပြော ကောင်းသည်မှာ လက်တွေ့ဖြစ်ပါသည်။

လှုတောသားစကားများသည် ရေ၍မကုန်၊ မုတ်၍ မကုန်ဖောင် များလှပါသည်။ များထလောက်လည်း ကောင်းပါသည်။ "ခေါင်းက ငါးတင်းဝင်ပုတ်လောက် ရှိပေမယ့် ဦးနှောက်ကျတော့ ပိန္ဒာဆရာပေးတဲ့ နှာမှန့်လောက်မှ မရှိဘူး" ဆိုသော စကားများ။ "ယောလိုက်တဲ့ ကလေးတွေဟဲ့၊ အလိုလေးကွယ် မျောက်ကို ချူဆွဲးပးထား သလားမှတ်ရ" ဆိုသော စကားများနှင့် အခြားစကားများ များစွာ ကျန်ရှိနေပါသေးသည်။

ကျန်ရှိနေသေးသော်လည်း စကားအချို့ စုံစေ့စေ့ရန် ရသစုံခံစားနိုင်ကြစေရန် စကားဒဘာင်စား ခေါ်သော် အခြားအရပ်ဒေသမှ စကားများနှင့် တွဲဖက်ထင်ဆင်ခြင်း ဖြစ်

ပါသည်။ နှစ်သက်ရွှင်လန်းကြလိမ့်မည်။ ကျေနပ်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။

စုဆောင်းရှာ ရရှိသည့်အဓါတိုင်း စာတအုပ်စာ ပြုစုနိုင်သည့် အချိန်တိုင်းတွင် စကား ပဒေသာပင်ကြီးသဖွယ်ဖြစ်သော အရပ်ရပ်မှ စကားများနှင့် လူတောသား စကားမှန်များကို ပူးတွဲတင်ဆက်သွားပါမည်။ ကိုယ်စိတ်နှလုံး ရွှင်ပြုံးနိုင်ကြပါစေ။

သိန်းသိန်းနွေး